www.burmeseclassic.com

း မိုး ၁၇၄ပ

# ပန်းသီးခိုင်



## မိုးလေးတပွဲပွဲ

ဒီ
design : ba bo htoon

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၃၄၀၆၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၁၂၀၆၁၁
ပုံနှိပ်ခြင်း - ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ

အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်
အဖုံးဒီဇိုင်း - ဘိုဘို ထွန်း
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အောင်ဆက်
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်။
ထုတ်ဝေသူ - ဒေါ်မိုးသိတာ (စိုးမိုးစာပေ)
(မြ-၀၃၀၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့




www.burmeseclassic.com

www.burmeseclassic.com



မိုးခွဲထာ‌လေသားရှယ်

တောင်းတောင်တစ်ခုလုံးကို မင်း သိမ်းပိုက်လိုက်ပုံဟာ ခြိုက်ဆန်သေသဝင်လှချည်လား



www.burmeseclassic.com

www.burmeseclassic.com



(၁)

"ယောဗျာ…မိုးဖွဲလေးတွေ ကျလာပါလား"

သားကိုက တအံ့တသြ ရေရွတ်လိုက်ပါသည်။

သူ ထွက်လာတုန်းကပင် နေတွေတရှိန်းရှိန်း ပူနေသေးတာ၊ လမ်းမှာပူလွန်းလို့ 'စတင်း' မျက်မှန် အနက်ကလေး ထုတ်တပ်ခဲ့ရတာ နေပူစူးစူးမှာ ကားမမောင်းနိုင်၍ပါ။

ခုလေးတင် ကောင်းကင်အပူရှိန်က သိသိသာသာ ကျဆင်းကာ တိမ်မည်းမည်းတွေ ပြေးပြေးလွှားလွှား မြင်ရပြီး မိုးပေါက်ကလေးတွေ တဖွဲဖွဲကျလာခဲ့တော့သည်။

ပြောင်းလဲပုံက မြန်ဆန်လွန်းသည်။ မြန်းစားကြီး ပြောင်းလဲမှုကြောင့် စိတ်ထဲ တစ်မျိုးဖြစ်ကာ ပျော်သလိုလို လွမ်းသလိုလို။



www.burmeseclassic.com

www.burmeseclassic.com



စောစောတုန်းက နေချမ်းချစ်တောက် ပွခဲ့တာ ကျိန်ပြော သျှင်ပင် ယုံဖွယ်မရှိ။

မိုးဖွဲကလေးရယ်…

တောင်းကင်တစ်ခုလုံးကို မင်း သိမ်းပိုက်လိုက်ပုံက မြန် ဆန်သေသစ်လှချည်လား။

မြေသင်းနံ့လေးတွေ ရှူရှိုက်ရသည်။ ပြင်ပရာသီဥတု အပြောင်းအလဲက စိတ်ကိုပါ ပြောင်းလဲသွားစေသည်။ အေးမြလန်း ဆန်းသွားသလိုရှိ၏။

'စတင်း' မျက်မှန်လေးကို ချွတ်ကာ…

"ဒါ ဒီနှစ်အတွက် ပထမဆုံးရွာတဲ့ မိုးဖွဲကလေးတွေပဲ"

ဟု ဘေးနားလိုင်ကာ ငိုက်နေသော ကိုဆွေကို ပြောမိ သည်။

ကိုဆွေက ငိုက်ကောင်းကောင်းနှင့် ဆက်ငိုက်သည်။

ချက်ချင်းကြီး နွေရာသီကနေ မိုးရာသီပြောင်းသွားတာကို အိပ်ငိုက်နေသော ကိုဆွေ မသိသေးပါ။

သားကိုက ကားကို အရှိန်လျှော့ချရင်း ဖွဖွပြုံးမိသည်။

မိုးပေါက်ကလေးတွေက ကားမှန်ပေါ် ခပ်ကျဲကျဲကျလာ





၏။

ပွဲအိုက်လောင်စပ်ကာ ချွေးပြန်နေတာတွေ ရုတ်ခြည်း ရပ် တန့်သွားရပါပြီ။

"ဗျို့…ကိုဆွေ အပြင်ကို နည်းနည်းပါးပါး ကြည့်ပါဦး ဗျ"

ကားစီးတိုင်း ငိုက်တတ်တာ ကိုဆွေ့အကျင့်ပါပဲ။

"ဟာ…မိုးဖွဲလေးတွေ ကျနေပါလား"

"ခင်ဗျားက ငိုက်ဖို့ပဲ၊ သာယာလိုက်တာများ ကြည့်စမ်း ပါဦး၊ ဒါ ပထမဆုံးမိုးဗျ"

ကိုဆွေက အပြင်ကိုကြည့်ပြီး သဘောတကျရယ်၏။

"ဝမ်းသာတယ်ဗျာ၊ ကျုပ်က အိုက်လို့ မိုးကိုလွမ်းနေတာ ဗျ"

သားကိုက ကိုဆွေကို မဲ့ကြည့်သည်။

"ဒီလိုအိုက်နေတာတောင် ငိုက်သေးတာ မိုးကလေးတဖွဲ ဖွဲဆို ခင်ဗျားတော့ နိုးလို့ရမှာကို မဟုတ်ဘူး"

"အဟဲ"

ကိုဆွေက သူ့အပြစ်နှင့်သူမို့ ချေပစကား မဆိုနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီက လိမ္မော်သီးနဲ့ ပန်းသီး မှာလိုက်တယ်လေ သားကို"

"ဟုတ်ပါ့၊ သတိရဖော် ရသေးတယ်"

"မမေ့ပါဘူး"

"ကျွန်တော် ဝယ်နိုင်းပြီး ကားထဲ ထည့်နိုင်းပြီးသားပါဗျာ"

"တော်သေးတာပေါ့"

သားကိုက ကားကို လမ်းထဲချိုးကွေ့သည်။ခြံရှေ့ကားရပ်တော့ ခြံတံခါးဖွင့်ထားတာ တွေ့ရသည်မို့ ခပ်ဖြည်းဖြည်း ဝင်လာခဲ့၏။

"သားညီ ပြန်ရောက်နေပြီပဲ"

သားညီရဲ့ ကားဖြူလေးက ပေါ်တီကိုအောက်မှာ တစ်ဝက် အပြင်မှာတစ်ဝက် ရပ်ထားသည်။

"ဆင်းလျှောက်ရင် မင်း မိုးရွှဲမှာပဲ"

ကိုဆွေက ပြောလာ၏။

"စိုပါစေဗျာ၊ ဒါ ပထမဆုံးမိုးပဲ"

သားကိုက ကားကို တိုက်ဘေးအထိ မောင်းလာခဲ့ကာ





ထမင်းစားခန်းနှင့်ကပ်လျက် မြက်ခင်းစပ်မှာ ရပ်လိုက်၏။

ထမင်းစားခန်းကို သီးသန့်ဆောင်ကလေးအဖြစ် ထုတ်ထားပြီး ခြံထဲကိုဆင်းသည့် တံခါးလည်းရှိပါသည်။

"ဒီကပဲဝင်တော့မယ်"

သားကိုက ကားစက်သတ်ရပ်ပြီး သော့ကို ထုတ်လိုက်၏။

နောက်ခန်းထဲက လိမ္မော်သီးထုပ်နှင့် ပန်းသီးထုပ်ကို လှမ်းယူကာ ကိုဆွေကို တစ်ထုပ်ပေးသည်။

"ရော့…ဒါယူ၊ ဟိုပလာအိတ်လည်း ယူဦး"

သူက ပိုက်ဆံအိတ်နှင့် လိမ္မော်သီးအိတ်ကို ယူသည်။

ကားတံခါးကိုဖွင့်ပြီး ဆင်းဖို့ပြင်ခိုက်မှာ…

"သွား…သားညီနော်၊ လာမြှောက်မနေနဲ့၊ ဟွန်း… အဟား ရယ်ရတယ်၊ သွားစမ်းပါဟာ"

ရယ်သံ တခစ်ခစ်နှင့် ချိုလွင်သော စကားသံကို ပီပီသသ ကြားလိုက်ရတာမို့ သူ့လှုပ်ရှားမှု ရပ်တန့်သွား၏။

အသံလေးက ပီပီသသ ကြည်ကြည်လင်လင်။

အင်မတန် ဆွဲအားရှိသော အသံကလေးပါ။

"ကိုဆွေ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ဘယ်သူရောက်နေတာလဲ"

ထမင်းစားခန်းထဲက ပျံ့လွင့်လာသော အသံနှင့် သူမေးလိုက်မိပါသည်။

"သားညီ ကောင်မလေးပါ၊ ဟိုဘက်ခြံကလေ"

"ဪ…ရွှေငုလား"

ကိုဆွေက ခေါင်းညိတ်သည်။

သူပြန်ရောက်လာကတည်းက 'ရွှေငု'နှင့် တစ်ခါမှ မဆုံသေးပါ။

သားညီနှင့် ရွှေငုတို့ မေမေတို့ သဘောတူထားတာ မေမေပြောပြထားလို့သာ သိထားတာပါ။

ရယ်သံချိုချိုလေးနှင့် စကားသံလွင်လွင်လေးကို ပိုင်ဆိုင်သူလေးဟာ သားညီရဲ့ ရည်းစားတဲ့လား။

ရွှေငုအသံက တော်တော်ကလေး နားဆောင်ကောင်းသည်ပဲ။

"သူက သားညီဆီ အမြဲလာတတ်သလား ကိုဆွေ"

"အင်း"





မိုးလင်းတာနှင့် အပြင်ထွက်၊ အပြင်ရောက်နေတာက တစ်နေ့လုံး မိုးချုပ်မှ ပြန်ရောက်ဆိုတော့ သားညီနှင့်ဖင် ညတိုင်း တီဗွီကြည့်ချိန်လောက်သာ တစ်ခါတလေ ဆုံဖြစ်တာပါ။ သားညီကလည်း တီဗွီကြည့်ခဲ့သည်။

သူ့အခန်းထဲမှာပဲ သူ ဂီတာတီးနေတတ်သည်။

"အမြဲလာတာပေါ့၊ သူတို့က အမြဲတတွဲတွဲပဲ"

"အင်း…သစ္စာခင်ကော လာသေးလား"

သစ္စာခင်က တစ်အိမ်လုံး ကြည့်မရသော သားညီ၏ သူငယ်ချင်းကောင်မလေး။ သူတို့ခြံဘေးမှာပဲ နေသည်။

သူတို့အိမ်ညာဘက်မှာ သစ္စာတို့ခြံ၊ ဘယ်ဘက်မှာ ရွှေငုတို့ခြံ။

သားညီရယ်…

ရွှေငုပါရယ်…

သစ္စာခင်ရယ်က ကျောင်းသွားဖော် သူငယ်ချင်းသုံးယောက်။

"သစ္စာခင်က မလာပါဘူး"

ကိုဆွေက သူ့အမေးကို စဉ်းစားပြီးမှ ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေက သားညီကို ရွှေငှန့်သာ သဘောတူတာ၊ သစ္စာခင်ကိုဆို ခါးခါးသီးသီး။

"သွားတော့မယ် သားညီရာ၊ မိုးဖွဲလေးတွေက အရှိန်ကောင်းလာပြီဟာ ရွှဲသွားဦးမယ်"

"ငါလိုက်ပို့မယ်လေ"

"နေ ရတယ်"

ထမင်းစားခန်းထဲက အသံလေးတွေ ထပ်လွင့်လာ၏။

သားကိုလည်း သတိဝင်ကာ ကားပေါ်က ဆင်းလာသည်။

မိုးဖွဲလေးများက သူ့ကိုယ်ပေါ် ကျလာသည်။ ကိုခွေလည်း ကမန်းကတန်းဆင်းသည်။ သူက မိုးစိုမှာကြောက်ပေမယ့် သားကိုက ရှေ့မှ ဦးဆောင်ဆင်းသွားပြီမို့ သူပါ လိုက်ဆင်းရတော့သည်လေ။

သားကိုက ဝတ်ထားသော စပို့ရှပ်ဖြူဖြူ မိုးထိမှာစိုးသဖြင့် ခြေလှမ်းမြန်ပစ်လိုက်၏။

အဲဒီ အခိုက်အတန့်ကလေးမှာပဲ…

ထမင်းစားခန်း သေးတံခါးက ဖျတ်ခနဲ ပွင့်လာကာ အပြေးကလေးထွက်လာသော သူမနှင့် သားကို ပြင်းထန်စွာ ဝင်တိုက်မိ





တော့သည်။

ဝင်တိုက်လိုက်တာက သူမ…

လွှင့်စဉ် လဲကျသွားသူကလည်း သူမ။

သားကို လက်ထဲက ပိုက်ဆံအိတ်နှင့် လိမ္မော်သီးထုပ်ပြုတ်ကျသွား၏။

လိမ္မော်သီးများက မြက်ခင်းစိမ်းစိမ်းပေါ် လိမ့်ဆင်းသွားတော့သည်။

"ဆောရီး"

သူမအသံတိုးတိုးလေးက မထမဆုံး ထွက်လာသည်။

သူက မလှုပ်မယှက် ရပ်နေသည်။

သားကို မျက်လုံးတွေက သူမဆီမှာ။

ဖရိုဖရဲလေး လဲကျနေသော ရွှေငှကို သူငုံ့ကြည့်မိလေသည်။

ဂါဝန်ရှည် ဖားဖားကလေးနှင့် ခြေညှပ်ဖိနပ် ကတ္တီပါအမည်းရောင်ကလေးက သည်းကြိုးပေါ်မှာ မွေးပွရုပ်ဝါဝါကလေးတစ်ခုစီ ပါသည်။

ခြေသန်းကလေးနှစ်ခုမှာ ရွှေမောင်းကွင်းကလေး တစ်စုံစီ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားတာ သူ သတိပြုမိသည်။

သူမ ခြေထောက်တွေက မိုးတဖွဲဖွဲမှာ ဖွေးဆွတ်ကာ ဝင်းစွတ်လွှန်းနေသည်။

သူ အားနာပါးနာ အကြည့်လွှဲမိ၏။

"ရှေ့ လောသွားတာ ဆောရီးနော်"

သူမက ချက်ချင်းပဲ လှူးလဲထရှာသည်။

ထူပေးဖို့လည်း သူ သတိမရပါ။

သူမကိုပဲ ငေးစိုက်ကြည့်နေမိတာ။

"ဟောတော့...လိမ္မော်သီးတွေ လိမ့်ကုန်ပြီ"

သူမက မျက်လုံးလေးဝိုင်းကာ ရေရွတ်၏။

"ကိုဆွေကြီး လိုက်ကောက်လေ"

ချက်ချင်းပဲ အော်ဟစ်သတိပေး၏။

"ငါ့မှာ မနိုင်မနင်းနဲ့ဟာ"

"လိုက်ကောက်ပါဆို"

သူမက နှုတ်ခမ်းစူ အမိန့်ပေး၏။

ကိုဆွေကြီးကို နိုင်နေကျဖုံပါ။

"ရော့...ဆောရီးနော်"





သူမက သူ့လက်ထဲက လွတ်ကျသွားသော ပိုက်ဆံအိတ်ကို ကောက်ပြီး လှမ်းပေး၏။

"ရှေ့ပျာလို့ဖြစ်ရတာပါ၊ ကန်တော့နော်"

သူ သူမကို မမိုတ်မသုန် ကြည့်နေမိရင်း ပိုက်ဆံအိတ်ကို ယူလိုက်ပါသည်။

"ကိုဆွေကြီး လာပါဆို၊ ရွှေပုလည်း ဝိုင်းကောက်ပေးမှာပေါ့"

ကိုဆွေ့ကို မရမက ဆွဲခေါ်လေသည်။

သူ့ရှေ့က ပျောက်ကွယ်သွားသော သူမကို သူ လှည့်ကြည့်မိပြီးမှ အိမ်ထဲဝင်လာခဲ့၏။

သူ့မျက်နှာက ထူးခြားစွာ တည်တင်းနေ၏။

သူ့နှုတ်ခမ်းတွေမှာ အပြုံးအရယ်မရှိ မျက်လုံးတွေက ငြိမ်သက်နေ၏။

သူ့အာရုံထဲမှာ တစ်ခုခု ကပ်ငြိကာ စိတ်အနှောင့်အယှက် ဖြစ်ရပါသည်။ ကပ်ငြိပါလာတာ ဘာပါလိမ့်။

ရွှေမောင်းကွင်းလေး စွပ်ထားသော ခြေသန်းလုလုလေးတွေလား၊ မွေးပွရုပ်ကလေးပါသော ကတ္တီပါခြေညှပ်ဖိနပ် လေး



www.burmeseclassic.com

www.burmeseclassic.com



မည်းလေးလား။

ရှေ့စိုနေသော ခြေသလုံး ဝင်းဝင်းမွတ်မွတ်ကလေးတွေလား။

ဂါဝန်ရှည် ဖားဖားကလေးနှင့် မျက်နှာ ဖူးဖူးဖိုးလုံးကလေးလား။

"သားညီကောင်မလေး ရွှေငုလေ"

ကိုဆွေ့အသံကို ပြန်ကြားယောင်မိပါသည်။

မျက်တောင်ကလေးတွေ တဖျပ်ဖျပ် ခတ်ကာ သူ့ကို တောင်းပန်လိုက်သော မျက်နှာကလေး…

ကိုဆွေ့ကို ရှုရှုအောင့်အောင့် အမိန့်ပေးလိုက်ပုံလေး…

ထမင်းစားခန်းထဲရောက်တော့ ပိုက်ဆံအိတ်ကို စားပွဲပေါ်ချပြီး ပြတင်းပေါက်ဘေးကို လျှောက်သွားကာ လိုက်ကာကလေးဟကြည့်မိ၏။

တဝုန်းဝုန်းရွာလာသော မိုးရေထဲမှာ ကိုဆွေ့ရယ်၊ သူမရယ်၊ လိမ္မော်သီးတွေ ကောက်ကာ ရယ်မောနေကြသည်။

သားညီက ထမင်းစားခန်းမှာ မရှိတော့ပေ။

လိုက်ကာကလေးကို အသာချကာ သူ ထမင်းစားပွဲမှာ





ဝင်ထိုင်သည်။

သုံးလေးနှစ်အတွင်းမှာ 'ရွှေငု' ဟာ ငေးကြည့်ချင်စရာကောင်းအောင် စွဲမက်စရာလေး ဖြစ်လာခဲ့သည်။

ဒါကြောင့်လည်း သားညီက ရွှေငုကို ရွေးခဲ့တာ ဖြစ်ပေလိမ့်မည်။

ကိုဆွေက မိုးရေတွေ စိုရွှဲပြီး ဝင်လာ၏။

"သွားပါပြီ၊ တစ်ကိုယ်လုံး နစ်သွားပြီ"

လိမ္မော်သီးတွေ၊ ပန်းသီးတွေ စားပွဲပေါ်ချကာ ရေရွတ်သည်။

"ဟိုကလေးမ နှုတ်ခမ်းစူသွားတယ်ဗျ"

"ဗျာ…ဘာလို့လဲ"

"သူ့ဖိနပ်က တစ်ထောင့်ခုနစ်ရာ ပေးရတယ်တဲ့၊ မိုးရေတွေ ရွှဲပြီး ဖျက်စီးကုန်လို့တဲ့၊ ပွစိပွစိ လုပ်သွားလေရဲ့"

"ဒါ ကျုပ်တော်နဲ့ ဘာဆိုင်လဲ"

သားကိုက ဂရုမစိုက်သလို ဆိုမိပါသည်။

တကယ်တော့လည်း ရွှေငုကို သူ ဂရုစိုက်စရာမလိုပါ။

ရွှေငုက သားညီကောင်မလေးပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲမှာ တင်းခံနေ ဖြစ်သွား၏။

သည်အကြောင်းအရာတွေကို သူ ခေါင်းထဲက ထုတ်ပစ်လိုက်ပါသည်။

တနက်တရှိုင်း တွေးနေစရာလည်း မလိုပေ။

"လိမ္မော်သီးတွေ ဆေးရဦးမယ်"

သားကိုက ကိုအေးကိုကြည့်ကာ ပြောစရာစကားတွေ ပျောက်ဆုံးနေတော့သည်လေ။





(၂)

မိုးက တဖွဲဖွဲရွာနေရာမှ အရှိန်မြင်းမြင်း ရွာချလိုက်တာ အကြာကြီးပါပဲ။

မိုးတိတ်သွားချိန်လောက်မှာ သူနှင့်သားညီ ကော်ဖီသောက်ရင်း ဆုံမိသည်။

"မိုးက အားပါးတရ ရွာတာပဲ"

"ဟုတ်တယ် သားညီ"

သားညီက သူ့ကို လှမ်းကြည့်ပြီး…

"ကိုကို ဒီနေ့ဈေးတယ်နော်"

ဟု မေးလာသည်။

"အင်း…တစ်ခါတလေ နားမလားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတာပေါ့၊ သားညီနဲ့ ကိုကို ကြက်တောင်ဆင်း ရိုက်ရအောင်"

"ဟာ...မလုပ်ပါနဲ့"

သားညီက အမြဲတမ်း ကြက်တောင်ရိုက်သည်။ ထူးထူးချွန်ချွန်လည်း ရှိလှသည်။ အလေ့အကျင့် မရှိသောသူက ဘယ်လို လုပ်နိုင်မှာလဲ။

"နေပူလွန်းလို့ မရိုက်ရတာ ကြာပြီဗျ"

"ကိုကိုက အေးအေးဆေးဆေး စာအုပ်ဖတ်ချင်တာကွ၊ ဒါမှမဟုတ် ညပွဲရုပ်ရှင်သွားကြည့်ရအောင်၊ အပြန်လက်ဖက်ရည်ဆိုင် ထိုင်မယ်လေ၊ အဲဒါတွေနဲ့ ကင်းကွာနေတာ ကြာပြီကွ"

"ကျွတ်"

သားညီက ရှုံ့မဲ့သွားသည်။

"မင်းကောင်မလေးနဲ့ ရိုက်ပါလား"

"မဖြစ်ပါဘူး"

"ဘာလို့လဲ"

"စာကျက်စရာတွေ ရှိသေးတယ်ဆိုပြီး ပြန်သွားတာဗျ"

"ဟုတ်လား"





သားညီက ခေတ်ဘူးထဲက ရေနွေးငွဲ့ထည့်ပြီး ကော်ဖီမစ် အထုပ်ကို ဖောက်ထည့်သည်။

"ရွှေငှက အတွင်းရေးမှူးသင်တန်း တက်နေတာ၊ စာကျက်စရာတွေရှိလို့ဆိုပြီး ထပြန်သွားတာ"

သူတို့ချင်း နားလည်မှုရှိကြတာကို ညီက ကြွားသည်။ ကြွားစရာပဲကိုး။

"သူ့ စာမကျက်ရတာ လေးငါးရက် ရှိနေပြီဗျ"

"ဟုတ်လား"

"ဟုတ်တယ်၊ သားညီက လျှောက်ခေါ်သွားနေတော့ သူ လုံးဝစာမကျက်ရဘူး ဖြစ်နေတယ်၊ အဲဒါ သနားလို့ စာပြန်ကျက်ခွင့်ပေးလိုက်တယ်၊ ဟဲ ...ဟဲ"

သူက သားညီပြောပုံကို သဘောကျကာ ရယ်မိပါသည်။

"သားညီက လိုလိုလားလား ကြည်ကြည်ဖြူဖြူ ခွင့်ပေးလိုက်လို့ပေါ့ ဟုတ်လား၊ သားညီက မကျက်ရဘူးဆို နားထောင်လား"

"ဒါပေါ့ ကိုကိုရ"

"ဟာ...တယ်ပိုင်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"သားညီစကား နားမထောင်ရင် ပြဿနာရှာမှာပေါ့ဗျ"

"သူများသားသမီးကို မင်းက ဒီလောက်အနိုင်မကျင့်ပါနဲ့"

သားညီက ကျေနပ်စွာ ပြုံးနေသည်။

"ရွှေငုက ကျွန်တော့်ကိုဆို အရမ်းဂရုစိုက်တယ်၊ ဘယ်တော့ဖြစ်ဖြစ် အနစ်နာခံတယ်၊ ရှားတယ်ဗျာ"

သူ့ရင်ထဲမှာ သားညီစကားတွေက ရှုးရှုးရှရှ။

"တစ်ခါတလေ ကျွန်တော့် အရမ်းဗိုလ်ကျရင် ထိုင်ငိုနေရော"

"မလုပ်ပါနဲ့ကွာ‥သားညီကလဲ"

"ကျွန်တော်ကလည်း တော်တော်ကလေးလွန်သွားမှ ဘရိတ်အုတ်ဖို့ သတိရတာဗျာ၊ သိလား"

သူ ရွှေငုကို ကရုဏာသက်မိသလိုလိုပါ။

သားညီ ဆိုးသမျှ အနစ်နာခံရှာသော မိန်းကလေးပါလား။

ညီ ဘယ်လောက်ဆိုးတာ သူအသိဆုံး၊ သားညီက တစ်အိမ်လုံးမှာ ဗိုလ်၊ အကုန်လုံးကို နိုင်တာ။

ချစ်သူရတော့လည်း သည်ကောင် ကံကောင်းပြန်သည်။





သူ့ကို အနစ်အတာခံကာ ဘာမဆို လိုက်လျောမည့် နူးနူးညံ့ညံ့ ချစ်သူကလေး။

သူတို့ကဖြင့် သားညီကြောက်ရမည့် ကောင်မလေးမျိုး ဖြစ်စေချင်တာ။

ခုတော့ သူကပဲ ဟိုကောင်မလေးကို အနိုင်ရထားပုံ။ အသားစီးက ခပ်တင်းတင်း နေတတ်ပုံ။

ဒါဆိုရင်တော့ သားညီ တစ်သက်လုံး ဗိုလ်ကျမြဲကျနေနေတော့မှာပါ။

သူ့ကိုနိုင်မည့်သူမှ မရှိတာ။ ရွှေငုက သားညီကို ပျားပျားဝပ်အောင် လုပ်နိုင်မည့်ပုံ မပေါ်။ သားညီကသာ သူမကို ဖိထားပုံရတာ။ သားညီမျက်နှာ ကြည့်ပြီး နေရပုံလေး။

သားညီက သူ့စိတ်ကြိုက်လုပ်နေသမျှ ကောင်မလေးက မပြောရဲ မဆိုရဲ ကြည့်နေပုံကလေးပါ။

"ဟိုနေ့ကဆို ဆံပင်အညိုရောင်ဆိုးမယ်ပြောတာ ကျွန်တော် အော်ပစ်လိုက်မိသေးတယ်၊ အဟား သူလန့်သွားပုံရတယ်"

"အင်း‥မင်းကောင်မလေး ဖြစ်ရတာ သူ ကံဆိုးတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ"

"ရွှေငှက ကိုကို့လို မတွေးပါဘူးဗျ"

သူတို့ စကားပြောနေတုန်းမှာပဲ အပြင်ဘက်မှာ မိုးစဲသွား၏။

"ရွှေငှတို့အိမ် သွားဦးမယ်"

သားညီက ကော်ဖီမစ်သောက်ပြီး သွက်သွက်လက်လက် ထွက်သွားတော့သည်။ တစ်အောင့်ကြာတော့ ပြန်ရောက်လာသည်။

ရွှေငှပါ သားညီနှင့် ပါလာသည်။

"ရွှေ"

"ဟွန်း"

"ခဏနေဦး၊ ငါ ဂီတာသွားယူမယ်"

"အေးပါ"

ရွှေငှက ဧည့်ခန်းမှာ ကျန်ရစ်သည်။ သားညီက သူ့အခန်းဘက် လျှောက်သွားသည်။

သားညီက ဂီတာသွားယူလာ၏။

"လာ…ခြံထဲဆင်းမယ်"

သူက သားညီနှင့်ရွှေငှကို လိုက်ကြည့်နေမိသည်။





"သားညီရယ်၊ ငါတော့ စာမေးပွဲကျမှာပဲ သိလား"

သူမက စိတ်ညစ်သလို ရေရွတ်သည်။

ပြောပုံလေးကိုက ညည်းညည်းညူညူ။ မာမာတင်းတင်း ပြောရဲပုံမရပါ။

သားကိုက ပထမဆုံးအကြိမ် ညီ့ကို အထင်ကြီးသွားမိပါသည်။

ရွှေငှလို ချစ်စရာကောင်းလွန်းသော ကောင်မလေးကို သူ့စိတ်တိုင်းကျနေအောင် ဘယ်လိုများ စည်းရုံးသိမ်းသွင်းလိုက်ပါလိမ့်။

ရွှေငှက သားညီမှ သားညီ ဖြစ်နေပုံရပါသည်။

"မကျပါဘူးဟာ"

"နင်ပဲအပြောကောင်း၊ စာမကျက်ရင် ဘယ်ဖြေနိုင်မလဲ ဟာ"

"ငါ ပျင်းလွန်းလို့ပါဟာ"

"စိတ်ကုန်တယ်"

သားညီနှင့် ရွှေငှက ဒန်းပြာပြာလေးမှာ ထိုင်သည်။

သားကိုက ဧည့်ခန်းမှနေ လှမ်းမြင်နေရတာမို့ ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

သူမက လက်ထဲကိုင်ထားသော စာအုပ်လေး ဖွင့်ဖတ်သည်။

သားညီက "နှစ်ဆယ့်ငါးမိနစ်"သီချင်းကို ဗိတ်ပါလက်ပါ ဆို၏။

ပြီးတော့ 'အနှိုင်းမဲ့' သီချင်း ဆက်ဆိုသည်။

သားညီ အသံက ကောင်းလွန်းလှပါသည်။

ကိုယ်ကျပ် တီရှပ်အနက်နှင့် ဂျင်းဘောင်းဘီ အဝတ်နှင့် သားညီပုံစံက သိပ်ကြည့်ကောင်းနေပါသည်။

ဘာပဲဖြစ်ဖြစ် ရွှေငုနှင့် သားညီက အချောချင်းညီသည်။ လိုက်ဖက်လွန်းလှသည်။

သီချင်းနှစ်ပုဒ် ဆိုပြီးတော့ သားညီက ရွှေငုလက်ထဲက စာအုပ်ကို ဆွဲလုပြီး ဘေးမှာပစ်ချထားလိုက်၏။

"ငါနဲ့ သီချင်းအတူတူ ဆိုရအောင်ဟာ"

"လုပ်ပြန်ပြီ"

သားညီအလိုကျ 'စတော်ဘယ်ရီချစ်သည်းရှင်'ကို အတူတူဆိုသံ ကြားရပါသည်။





ပြီးတော့ သူမက သီချင်းလေးတစ်ပုဒ်ဆိုသည်။ သားညီက ဂီတာတီးပေးသည်။

နောက်တော့ သားညီက ဂီတာပိုက်ထားပြီး သူမနှင့်စကားဆိုနေ၏။

သူလည်း ဆက်ကြည့်မနေတော့ဘဲ တီဗွီဖွင့်ကြည့်နေလိုက်ပါသည်။

"သားညီ"

"ဘာလဲဟာ"

"နင့်အစ်ကိုက ရွှေငုကို သိပ်မကြည့်ဘူး သိလား"

"ဘာဖြစ်လို့လဲ ကြည့်ပါတယ်၊ စောစောကတောင် ပြောနေသေးတယ်၊ မင်း သိပ်အနိုင်မကျင့်နဲ့ သနားပါတယ်တဲ့"

"တကယ်"

ရွှေငုက မယုံချင်သလိုလေး မေးသည်။

"အင်း…တကယ်ပေါ့"

"ဟုတ်ပါ့မလား၊ ရွှေငုနဲ့ စောစောတုန်းက ဝင်တိုက်မိလို့ တင်းသွားတာဟာ သိလား၊ မျက်နှာကြီးကို ဖျက်နေတာပဲ"

"နင်ကလည်း လျှပ်ပြာလွန်းတာကိုး၊ ဝင်တိုက်စရာ

ရိုးမိုး ◈ စာပေ

www.burmeseclassic.com

www.burmeseclassic.com



လား”

“မတော်တဆပဲဟဲ့”

ရွှေငုက သားညီကို မျက်စောင်းရွယ်မိပါသည်။

“မိုးတွေ တဖွဲဖွဲရွာလာတော့ စိုမှာစိုးတာနဲ့ ပြေးတာ၊ သူကလည်း ငါပြန်တဲ့ ထမင်းစားခန်း ဘေးတံခါးက ပြန်လာတာ ကိုး”

သားညီက ပြုံးစပ်စပ်ဖြစ်လာ၏။

“နင်ဝင်တိုက်တော့ ကိုကို ဘာဖြစ်သွားလဲ”

“ဖြစ်ပါလိမ့်မယ် စောင့်နေ၊ ငါပဲ လန့်ကျသွားတာဟဲ့”

“ဟား…ဟား…ဟား မမြင်လိုက်ရတာ နာတာပဲ”

“ကြည့်စမ်း…သူများတကာ လိမ့်ကျတာ ဝမ်းသာနေ တယ်”

“မဟုတ်ပါဘူး၊ ဘယ်နာသွားသေးလဲ ပြော”

“လက်ရော ခြေထောက်ရော”

“ဉီး…ဉီး”

ရွှေငုက သားညီကို ရိုက်ဖို့ရွယ်ပါသည်။ သားညီက ကိုယ်ကြီးမတ်ကာ နောက်သို့ရွှေ့ရှောင်သည်။





“နင့်အစ်ကိုက စိတ်ပုပ်တယ်”

“သေချာလို့ချည်လား”

“ရွှေငုကို မထူပေးဘူး၊ ခပ်တင်းတင်း ကြည့်နေတာဟာ၊ ထပ်ပြီးရိုက်ချင်တဲ့ပုံ၊ ရွှေငုလည်း ကြောက်ကြောက်နဲ့ တောင်းပန် လိုက်ရရော”

မကျေမနပ် ပြန်ပြောပြနေတော့ သူ ပခုံးတွန့် ရယ်နေမိ ပါသည်။

“ကိုကိုက ဘာမှမပြောဘူး”

သားညီက တွေးမိသလို ဆိုပါသည်။

“ဟုတ်လား၊ ရွှေငုနဲ့ဝင်တိုက်မိတာ မပြောဘူးလား”

“မပြောဘူးဟ”

ရွှေငုက မျက်လုံးလေးပြူးပြသည်။

“နင့်အစ်ကိုကြီးကို ငါကြောက်တယ် သားညီရဲ့၊ သိတယ်”

“ကိုကိုက သဘောကောင်းပါတယ်”

“မထင်ပါဘူး”

သူမ လက်မခံနိုင်ပါ။ အကြိမ်ကြိမ် တောင်းပန်ရတာကို



www.burmeseclassic.com

www.burmeseclassic.com



သွေးအေးခြောင်း တစ်ခွန်းမှမဆိုဘဲ မျက်နှာကြီးပုပ်၊ ပါးစပ်ကြီး ပိတ်တာ နေနိုင်သူကြီး၊ မျက်လုံးသေကြီးနှင့် စိုက်ကြည့်နေပုံများ သူမရင်ထဲ ဖြောင်းဆန်သွားအောင်ပင်။

"တကယ်လား၊ ငါနဲ့မတွေ့ဘူး၊ ကိုကိုက အေးတယ်"

"အင်း…အရင်တုန်းက ခုလောက် လူကြီးနဲ့ မတွေ့ဘူးနော်"

"ဟောဗျ…ကိုကိုက လူကြီးနဲ့ တွေ့လို့လား"

သားညီက တအံ့တသြကြည့်ပြီး ပြန်မေးသည်။

"လူကြီးနဲ့တွေ့တာ မဟုတ်ဘူး၊ လူကြီးပုံဖမ်းတာ၊ သူ့ကိုယ်သူ တကယ့်လူကြီးလူကောင်း ဆိုက်ဖမ်းပြီး တည်တင်းနေတာ"

"ကိုကိုက အလုပ်ထဲမှာဆို လူကြီးပဲလေ"

"မဆိုင်ပါဘူး"

သားညီက ရွှေငုကို အကဲခတ်သလို ကြည့်မိ၏။

သူ မေးလိုက်လျှင်လည်း ရွှေငုက ရှက်စိတ်နှင့် ရန်လုပ်ဦးမှာ၊ သူ့ကို ထုရိုက်နေဦးမှာ။

ဘာမှမမေးဘဲ နေလိုက်တာ အကောင်းဆုံးပါပဲ။







(၃)

"သားငယ်ရေ သားညီ၊ မေမေ့ဆီလာပါဦး"

သားကိုက ဧည့်ခန်းမှာ စာအုပ်ဖတ်နေရာမှ မေမေ့အသံ ဆို ကြားလိုက်ရ၏။

မေမေက တယ်လီဖုန်းဆားမှာရပ်ပြီး သားညီကို ခေါ်ခေါ် နေတာမို့ မနေသာဘဲ မေမေ့ကို သူ မေးမိပါသည်။

"မေမေ သား ဘာလုပ်ပေးရမလဲ"

သားကို မေးတာကို မေမေက…

"သားကြီး နေနေ သားညီကိုခေါ်တာ"

ဟု ဆိုပါသည်။

"သားညီရေ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ...လာပြီ မမေရ"

သားညီက မမေ့ရှေ့မှောက် ရောက်လာပြီမို့ သူက စာအုပ်ကို ပြန်ကောက်ယူသည်။

"သားလေးရေ"

"ပြော...ဘာလုပ်ပေးရမလဲ မမေ"

"ရွှေငုဆီ ဖုန်းဆက်လိုက်ပါကွယ်"

"ခင်ဗျာ...ဘာလုပ်မလို့လဲ မမေ"

မမေ့စကားကြောင့် စာအုပ်ဖတ်နေသော သူ့အာရုံက လွင့်ထွက်သွားပြန်သည်။ သူ နားစွင့်နေမိသည်။

"ဒီမှာလေ သနပ်ခါးတုံးတွေ သိပ်ကောင်းတာပဲ၊ ရွှေငု လေးဖို့ မမေ ဝယ်ပေးမလို့ သားရဲ့၊ ဖုန်းဆက်စမ်းပါ"

"ဟာ...ပေးချင်ရင်လည်း ညနေ သူလာမှ ပေးပါ လား"

သားညီက မရှိမဲ့ရှိမဲ့ ဆံပင်တွေကို ဖွပစ်ကာ ငြင်း၏။

"ဆက်ပါ သားရယ်၊ ဒါမှ သူ့စိတ်ကြိုက် ရွေးယူလို့ရ တာပေါ့၊ ကျန်တာတွေ မမေက တခြားမိတ်ဆွေတွေ ပေးပစ်မှာ သားရဲ့"





"မမေရာ ရှုပ်လိုက်တာ"

မမေနှင့် သားညီ အပြန်အလှန် ပြောနေသမျှ သူကြား [illegible]ရပါသည်။

မမေက ချွေးမလောင်းလေးကို အကောင်းဆုံး အညွန့် [illegible]ကလေးမှ စေတနာရှိရှိ ပေးချင်ပုံပါ။

ရွှေငုအပေါ် မမေ စေတနာပြင်းထန်တာ ပေါ်လွင်လွန်း [illegible]။

သည်လိုဖြစ်အောင် ရွှေငုက ဘယ်လိုများ ချွဲထားပါလိမ့်။

"မမေ ကောင်းတယ်ထင်တဲ့ဟာ ဖယ်ထားလိုက်ပါဗျာ၊ [illegible]နေသူလာရင် ပေးလိုက်ပေါ့၊ ပြီးရော"

သားညီက ပြီးစလွယ်ပြောသည်။

"မဆက်ပေးလည်းနေ မမေ့ကိုယ်တိုင် ဆက်မယ်၊ သား [illegible]...အမေကို ရှုပ်သလေး ဘာသလေးနဲ့"

သားညီက မျက်နှာကြီး ရှုံ့မဲ့လျက် လှည့်ထွက်သွား၏။ [illegible] ဖုန်းဆက်ပေးဖော်မရ။

ကြည့်ရတာ မကြာခဏ မမေ ခုလိုပဲ ခိုင်းနေကျဖြစ်ပုံ [illegible]ည်။



www.burmeseclassic.com

www.burmeseclassic.com



"သားကြီး"

သူ့အသံလှည့်လာပြီမို့ သူ့ကိုယ်ကြီး မတ်သွားရ၏။

"ခဏကွယ်...မေမေ့ကို ရွှေငုလေး ဖုန်းနံပါတ် ဆက်ပေးစမ်းပါကွယ်၊ လာဦး...မေမေ မျက်မှန်မပါဘူး"

"ဟုတ်ကဲ့"

သားကြီးက စာအုပ်ချထားပြီး မေမေ့ဆန္ဒအတိုင်း ဖုန်းဆက်ပေးဖြစ်ပါသည်။

"ရွှေငုနဲ့ ပြောချင်လို့ပါ"

ဖုန်းလာကိုင်သော ကောင်မလေးကို ပြောမိ၏။

"ရွှေငုပါ"

ချက်ချင်းလိုပဲ သူမ ဖုန်းလာကိုင်ပါသည်။

"ရွှေငုလား"

"ဟုတ်ကဲ့...ဟုတ်ကဲ့ပါရှင့်"

"ခဏကိုင်ထား"ဆိုပြီး သူက မေမေ့လက်ထဲ ဖုန်းခွက်ပေးလိုက်တော့ မေမေက ရွှေငုကို အကျိုးအကြောင်း ပြောသည်။

သားညီကို ခေါ်ခိုင်းတာ မရဘူးဆိုတာရော သနပ်ခါးတုံးတွေ ကောင်းလွန်းတယ်ဆိုတာရောပေါ့။





မေမေ ဖုန်းဆက်ခေါ်တော့ ရွှေငုက လှစ်ခနဲ ပြေးလာပုံရပါသည်။

"သားငယ်က တစ်ခါတစ်ခါ သိပ်ဆိုးတာပဲ၊ ပြောစကားနားမထောင်ချင်ဘူး၊ အမေကိုဆို ဆန့်ကျင်ရမှ"

"အလကားပါ အန်တီမေရာ၊ စိတ်ပုပ်တာ၊ ရွှေင လှမှာပေါ့လိုတာ၊ သိပ်စိတ်ပျက်စရာ ကောင်းတာပဲ၊ ဘာမှ စိတ်မရှည်ဘူး ရွှေငုကိုဆို နင်းကန်နိုင်တာ သိလား"

ရွှေငုနှင့် မေမေ အပြန်အလှန် ပြောဆိုနေကြတာ သူကြားနေရပါသည်။

"ကဲ...သမီးလေးရွှေး၊ ဘယ်အတုံး ကြိုက်လဲ"

"အင်း"

သူမက သနပ်ခါးတုံးကို စိတ်ကြိုက်ရွေးချယ်သည်။

"ဒီနှစ်တုံးစလုံး ကြိုက်တယ် အန်တီမေမေ"

"အေးကွယ်...ယူ...ယူ"

မေမေ ရွှေးမလောင်းကို ချစ်တတ်ပုံက အံ့စဖွယ်ပါလား။ သည်ကောင်မလေး ကြည့်ရတာ သားငယ်နိုင်သမျှ ငုံခံ[illegible]မယ့် မေမေကတော့ ဖူးဖူးမှုတ်ကာ ခေါင်းပေါ်တင်ထားမည့်



www.burmeseclassic.com

www.burmeseclassic.com



ပုံစံမျိုးဆိုတာကို သိထားပုံရပါသည်။

"မေမေက သမီးလေးစိတ်ကြိုက် ရွေးရအောင် ခေါ်တာပါကွယ်"

"ဟွန်း…သားညီက ကြာလေကြာလေ မုန်းစရာကောင်းလေပဲ၊ ရွှေငုက တစ်ခါတလေ ဆံပင်အညှိရောင်လေး ဆိုးဖူးတယ်ရှိအောင် ဆိုးကြည့်ပါရစေဆိုတာ ပေးမဆိုးဘူး၊ ဒီလိုပါပဲ သမီးပိုလှသွားမှာစိုးပြီး လိုက်ပိတ်ပင်နေတာ"

မေမေက ရွှေငု ချွဲသမျှ သဘောကျသည်။ ရွှေငုကိုဆိုဘာတစ်ခုမှ အပြစ်တင်ပုံမရ။

"သိပ်ဆိုးချင်ရင်လည်း ဆိုးလိုက်ပေါ့ သမီးရယ်၊ ဒါမှက အသက်ငယ်တုန်းပဲ လုပ်ရတာ၊ သမီးက မဆိုးခင် သွားတိုင်ပင်တာကိုး၊ ဆိုးပြီးမှ သိပါစေပေါ့"

ဟော…မေမေက ရွှေငုကို မြှောက်ပေးနေပြန်သည်။

"ဟုတ်တယ်နော်…ပြောလိုက်မိတာ သမီးမှားသွားတယ် အန်တီမေမေ၊ ဆိုးပြီးသားဆို သူ ဘာမှတတ်နိုင်မှာ မဟုတ်ဘူး နောက်ဆို မတိုင်ပင်တာပဲ ကောင်းတယ်"

ရွှေငုနှင့် မေမေ ရယ်နေကြသည်။





"လုပ်ကြည့်ပေါ့၊ လုပ်ရဲလုပ်ကြည့်၊ မတိုင်ပင်ဘဲလုပ်ကြည့် မလွယ်ဘူးမှတ်၊ မေမေ ရွှေငုကို မမြှောက်ပေးနဲ့နော်"

သားညီက ခပ်လှမ်းလှမ်းမှ အော်ပြောသည်။

"သားလေးရယ်…ရွှေငုကို သိပ်မချုပ်ချယ်ပါနဲ့"

"မေမေ မသိပါဘူးဗျာ"

ရွှေငုဘက်က လုံးလုံးပါနေသော မေမေပါ။

သည်လိုဖြစ်အောင် သူမ ဘယ်လိုစည်းရုံးခဲ့ပါလိမ့်။

ရွှေငုက သနပ်ခါးတုံးလေး နှစ်တုံးကို ငုံ့ကြည့်ပြီးမှ ချက်လုံးလေးရွှေ့ကာ သားကိုရှိရာ ခိုးကြည့်မိပါသည်။

စာအုပ်ဖတ်နေသော သားကိုက သူမကို ကြည့်မနေပါ။

သူမ ခိုးဝှက်ကြည့်လိုက်တာကိုလည်း တွေ့ပုံမပေါ်။

ခုနတုန်းက ဖုန်းခေါ်ပေးသူဟာ သားကိုပဲဆိုတာ သူမ သိပါသည်။

သားညီနှင့်မတူဘဲ အသံကတည်သည်၊ ပြတ်သည်၊ အေးသည်၊ ချိုချိုသာသာ မရှိလှပါ။

အန်တီမေမေ ဆက်ခိုင်းတာကိုတော့ ဆက်ပေးဖော်ရသည်။

သူမတို့ဘက် ကျောပေးကာ စာကိုပဲ သဲမဲစွာ ငုံ့ဖတ်နေ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ရွှေငှ"

"ဟင်"

သားညီ လှမ်းခေါ်လိုက်မှ သူမ အတွေးလွန်နေမိတာ။ အင်း…မတွေးရသေးပါဘူး။ ငေးရုံငေးတာ အတွေးလွန်သွားတာ ရှတ်ကိုးရှက်ကန်း ပြုံးမိသည်။

"ခဏလာဦး"

"အင်း"

သားညီက လှေကားတစ်ဝက်ကနေ လှမ်းခေါ်တာ။

ရွှေငှက သားကို ထိုင်နေသော ခုံရှေ့ရှိ စားပွဲမှာ သနပ်ခါးတုံးလေး နှစ်တုံးကို အသာကလေးချ၏။

သားကိုက စာအုပ်ကိုကျော်ပြီး ဖွေးသွယ်သော လက်ကလေးနှစ်ဖက်ဆီ မျက်လုံးရောက်ပါသည်။

လက်သန်းကလေး နှစ်ခုမှာ မောင်းကွင်းလေး တစ်ခုစီ စွပ်ထားပြီး နီရဲရဲလက်သည်းနီလေးကို ဆိုးထား၏။

လက်ဆစ်လေးတွေက ဝင်းမွတ်ပြီး ချစ်စရာကောင်းလွန်းလှပါသည်။





သနပ်ခါးတုံးကို ချလိုက်ပုံက ညင်သာသိမ်မွေ့သည်။

သားညီက ခပ်မာမာ လှမ်းခေါ်တာမို့ သူမက ချက်ချင်းဝဲ လှည့်ထွက်သွားတော့သည်။

သူမ လှုပ်ရှားမှုကြောင့် သူ့ဆီ လွင့်လာသော ရေမွှေးနံ့ တလေးက အရမ်းကို ယဉ်လွန်းသည်။ စွဲမက်စရာ ကောင်းလွန်းလှပါသည်။

သူမ ဘာရေမွှေးကို သုံးပါလိမ့်။

ရုတ်တရက် သူသိချင်မိပါသည်။

ချစ်စရာ ကောင်းလွန်းသည့် အနံ့ကလေးက သူမပုံစံလေးနှင့် လိုက်ဖက်လွန်းပါသည်။

တွေးတုန်းက တွေးလိုက်မိပြီးမှ သူ့အတွေးတွေ စည်းလွန်သွားတာ သတိရသည်။

သူမ ဘာရေမွှေးသုံးသုံး သူနှင့် ဘာမှမဆိုင်ပါ။

သူမသည် သားညီ၏ ချစ်သူကလေး။

သားညီက မျက်စိအောက်က အပျောက်ခံတာ မဟုတ်။

သူ ဘာလို့ အဓိပ္ပာယ်မရှိသော အတွေးမျိုး တွေးမိပါလိမ့်။

သားကို မျက်နှာကြီး သုန်မှုန်သွားမိပါသည်။

တစ်လောကလုံးမှာ သူစိတ်ဝင်စားစရာ ကောင်းမလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



အများကြီး ရှိနိုင်ပါသည်။

သားညီ ချစ်သူကလေးကိုမှ သူက ထူးပြီး စိတ်ဝင်တစား ဖြစ်မိတာ သူ အင်မတန်လွန်သည်ပဲ။

ရွှေငုကို မြင်မြင်ချင်းပဲ သူ့စိတ်တွေ တစ်မျိုးကြီး ဖြစ်ခဲ့ရတာ။ သားကိုက စာအုပ်ကို ဘုတ်ခနဲပစ်ချပြီး အခန်းရှိရာသို့ လျှောက်လာခဲ့မိသည်။

တံခါးကို ဝုန်းခနဲ တွန်းဖွင့်ကာ ဝင်လာခဲ့၏။

ပြတင်းပေါက်ဘေးမှာ မွန်းကျပ်စွာ သွားရပ်မိပါသည်။

သားညီ ကောင်မလေးကို စိတ်လှုပ်ရှားမိတာ သူ့ကိုယ်သူ မုန်းလွန်းလှပါသည်။

ပန်းရောင်ဖျော့ဖျော့ တစ်ဆက်တည်း ဂါဝန်ရှည်ကလေးနှင့် ဂျင်းကုတ်လက်ပြတ်ကလေး ထပ်ဝတ်ထားသော ရွှေငု သဏ္ဌာန်လေးက မျက်လုံးထဲ စွဲထင်လာ၏။

"ကျွတ်"

သူ မျက်စိမှိတ်ကာ ခေါင်းယမ်းပစ်လိုက်သည်။

ဒါ မဖြစ်သင့်ဆုံးကိစ္စပဲ။







(၄)

"ဒုန်း"

"ဝုန်း"

သားညီက ခြံထဲကို ဆင်းလာပြီး ပန်းအိုးအဟောင်း တစ်လုံးကို ကန်ပစ်လိုက်တာကြောင့် ပန်းအိုးကွဲကာ တိုင်ကီပြတ် တစ်ခုကို ထိမိသွားတာ။

သားညီမျက်နှာက ဂျစ်ကန်ကန် ရှုံ့သိုးသိုး။ နှုတ်ခမ်းတွေက တင်းတင်းစေ့ကာ မေးကြောတွေ ထောင်ထနေသည်။

အကြီးအကျယ် ဒေါသဖြစ်နေပါရောလား။

"သားညီ"

သားကိုက လှမ်းခေါ်လိုက်တာမို့ ခေါင်းငိုက်စိုက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာပြီး သူ့ဘေးမှာ ဇုန်းခနဲ ထိုင်ချသည်။

"ဘာဖြစ်လို့လဲကွ"

သားညီက သက်ပြင်းရှိုက်သည်။

"မေမေနဲ့ ဖြစ်လာတာလား"

"လုံးဝအဓိပ္ပာယ်မရှိဘူး"

သားကိုက သူ့ညီစိတ်ပြေအောင် စောင့်နေလိုက်၏။

အတော်ကလေးကြာတော့ သားညီက သက်ပြင်းမောချပြီး စိတ်ကိုလျှော့လိုက်သလို ကိုယ်ကြီးကို နောက်လှန်မှီချလိုက်သည်။

"မေမေ မတရားဘူးဗျာ"

သားညီက ခိုင်ခိုင်မာမာ ဆိုသည်။

"ကိုကို မသိရဘူးလား"

"သိရပါတယ်၊ မေမေကဗျာ သားညီ မွေးနေ့ရှိတာ ဟိုလူမဖိတ်ရ ဒီလူမဖိတ်ရနဲ့ ကန့်သတ်နေတယ်၊ အဲဒါ ဘာအဓိပ္ပာယ်ရှိလဲ၊ ညီ ခင်မင်သမျှ ညီ ဖိတ်မှာပေါ့၊ အဲဒါတွေ စိတ်ကုန်တယ်"

သားကိုက သားညီပခုံးကို လှမ်းဖက်ကာ နှစ်သိမ့်လိုက်သည်။





"ကဲပါကွာ...မင်းဆန္ဒရှိသလိုလုပ်ပါ၊ ကိုကို မေမေ့ကို ပြောပေးပါ့မယ်၊ ဒါနဲ့များကွာ မင်းက ကလေးကျနေတာပဲ"

သားညီက မျက်နှာပျက်ပျက်နှင့် ဆက်ထိုင်နေရစ်သည်။ သူက မေမေ့ကို တစ်ခုခု ဖြေရှင်းမေးမြန်းဖို့ အိမ်ထဲဝင်လာခဲ့ပါသည်။

"မေမေ"

မေမေက ဧည့်ခန်းမှာထိုင်ပြီး မျက်နှာမသာမယာရှိလေသည်။

"သားညီနဲ့ မေမေကတော့ဗျာ ဒီလိုချည်းပဲ"

သူက မေမေ့နားမှာ ဝင်ထိုင်သည်။

"မေမေရာ သူ့အတွက်လုပ်ပေးတဲ့ ညစာစားပွဲပါ၊ သူ့မွေးနေ့ပဲ၊ လွတ်လွတ်လပ်လပ် ဖိတ်ချင်တဲ့သူ ဖိတ်ပါစေ"

ခုကိစ္စမှာ သားညီ မှန်သည်ဟု သူ ယူဆကာ သားညီဘက်က ဝင်ပြောပေးမိပါသည်။

မေမေက သားညီကို သိပ်ချစ်ပြီး အဲသည် သိပ်ချစ်တာကြောင့်ပဲ ပြဿနာတွေ ဖြစ်လာရတာ။

သားညီကိုဆို မျက်စိအောက်က အပျောက်မခံ၊ အမြဲ



www.burmeseclassic.com

www.burmeseclassic.com



အနားမှာထားပြီး ကလေးငယ်တစ်ဦးလို ပိတ်ပင်ထားတတ်ပါသည်။

ဒါကြောင့်လည်း မေမေ့ကွယ်ရာဆို သည်ကောင်လေး မဟုတ်တာဟုတ်တာ လုပ်ပစ်ချင်တာ ဆိုးပစ်ချင်တာ၊ မေမေ့ကို ရအောင်ဆန့်ကျင်ပြချင်တာ။

မေမေက သည်းလွန်းအားကြီးလို့သာ သားညီက ကဲတတ်နေတာပါ။ မေမေ့ကို သူရှင်းပြခဲ့ပေါင်းလည်း များလှပါပြီ။

"သားကြီးက ဘာသိလို့ သူ့ဘက်က လိုက်ပြောနေရတာလဲ"

မေမေက သူ့ကို မကြိုက်လှသလို ကြည့်သည်။

"မေမေက ဟိုလူမဖိတ်ရ၊ သည်လူမဖိတ်ရ တားနေတယ်ဆို၊ မလုပ်ပါနဲ့ မေမေရာ၊ မွေးနေ့တစ်ရက်လောက်တော့ ပျော်ပါစေ"

"သားကြီးက သားငယ်စကား ယုံလာတာကိုး"

"ဗျာ"

"မေမေက ဟိုလူမဖိတ်ရ ဒီလူမဖိတ်ရ မတားပါဘူး၊ မေမေတားခဲ့တာ တစ်ယောက်တည်း၊ သစ္စာခင်ကို၊ ဒီတစ်ယောက်ပဲ ကင်းကင်းနေစေချင်တာ၊ သစ္စာခင်ကို မဖိတ်ရလို့ သူက မေမေ့





ကို ရန်လုပ်ချင်နေတာ၊ ဒီလောက်မွန်နေဖို့ မကောင်းဘူး"

ကြားလိုက်ရတာကို ပထမတော့ အံ့ဩသည်။ နောက်တော့လည်း ရယ်ချင်မိပါသည်။

သားညီမှာ ရွှေငှ ရှိနေသားပဲ၊ ရွှေငှကလည်း ဝေးဝေးမှာ မဟုတ်။ သားညီဘေးမှာ အရိပ်လိုရှိနေတာ၊ ပြီးတော့ သားညီရယ် ရွှေငှရယ် သစ္စာခင်ရယ်က သူငယ်ချင်းတွေ၊ သားညီနှင့်ရွှေငှ ချစ်နေမှန်းသိလျက် သစ္စာခင်က ဘယ်လိုကြားဝင်နိုင်မှာလဲ။

မေမေဟာ ကြံဖန် စိုးရိမ်ကြီးသူပဲ၊ သားညီကတော့ ထုံးစံအတိုင်း အမေ့ကို ဆန့်ကျင်ချင်တာကြောင့် ကတ်သတ်ပြောနေတာပဲ ဖြစ်မည်။

သစ္စာခင်ကို သည်လောက် အရေးတယူရှိမှဖြင့် ရွှေငှကို ရွေးထားစရာပင် မလိုပါ။

"သားကြီး သိပါတယ်၊ သစ္စာခင်တို့အိမ်နဲ့ မေမေတို့နဲ့ ဘယ်လောက်ပြဿနာဖြစ်ထားသလဲ၊ သစ္စာခင်ရဲ့ အဖေက သိပ်ခေတ်ဆန်လွန်းတယ်၊ သစ္စာခင် နေပုံထိုင်ပုံကိုလည်း မေမေ မကြိုက်ဘူး၊ သားညီကို ရွှေငှနဲ့ပဲ မေမေ သဘောတူတယ်"

မေမေက ဇွတ်မှိတ်ပြောချသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခု ရွှေငှနဲ့ပဲ ကြိုက်နေတယ်လေ၊ ဒါ မေမေ ဝမ်းသာသင့်တာပေါ့၊ မဟုတ်ဘူးလား၊ သားညီက ရွှေငှကိုချစ်သားပဲ"

မေမေက ခပ်ဖြည်းဖြည်း ခေါင်းခါသည်။

"သားညီနဲ့ သစ္စာခင်နဲ့ အဆက်အသွယ် မပြတ်ကြသေးဘူးလို့ မေမေထင်တယ်၊ သူတို့ ဘာလို့ ကင်းကင်းရှင်းရှင်း မဖြစ်ကြတာလဲ"

"မေမေရာ ရွှေငှတစ်ယောက်လုံး ရှိနေတာ၊ သားညီ လှုပ်လို့တောင် ရမှာမဟုတ်ဘူး၊ အဆက်အသွယ် မပြတ်တာကတော့ ငယ်သူငယ်ချင်းတွေ မဟုတ်လား"

သူက အကျိုးအကြောင်း တင်ပြပေမယ့် မေမေ လက်မခံချင်ပါ။

"မေမေ မယုံချင်ဘူး"

သားကိုက ရယ်မိသည်။

"မေမေက ကိုယ့်ကိုယ်ကို သောကရောက်အောင် နှိပ်စက်နေသူပဲ၊ ဘာမယုံစရာရှိလဲ"

"ယုံကို မယုံတာ မတတ်နိုင်ဘူး"

သားကို လက်လျှော့လိုက်၏။





"မေမေပဲ စိတ်ဆောင်းရဲမှာ၊ ဒါဆိုလည်း သူတို့နှစ်ယောက်ကို တရားဝင် စေ့စပ်ပေးလိုက်ပေါ့"

သူ အကြံပေးလိုက်မိပါသည်။

"လက်မခံလို့ပေါ့၊ နှစ်ယောက်စလုံး ငြင်းလိုက်ကြတာ ကြေးကောင်းတဲ့စကား ကြားရသလိုပဲ သူတို့ချစ်နေကြတာ မဟုတ်သလိုပဲ၊ ကြာလေ ကြာလေ မသင်္ကာလေပဲ"

"ဖြစ်ရလေ မေမေရာ"

သူ မေမေ့ကို ဘယ်လိုနှစ်သိမ့်ရမှန်း မသိတော့ပေ။

"သား သူတို့ကို မေးပါမယ်"

မေမေက သက်ပြင်းမောရှိုက်၏။

"သစ္စာခင်နဲ့ဆို မေမေ ဘယ်လိုမှ သဘောမတူနိုင်ဘူး၊ သားငယ်က မေမေ့ကို သိပ်ဆန့်ကျင်ချင်တာ၊ ဗိုဗိုရိုရိုလည်း ညာတတ်တယ်၊ သူတို့လှည့်စားတာခံရမှာ မေမေကြောက်တယ် သားကြီးရဲ့"

သားကို ငိုင်တွေသွားရပါသည်။ မေမေ ဘာလို့ သည်ယောက် သံသယကြီးနေပါလိမ့်။ သူ နားမလည်နိုင်ပါ။

"သိပ်လည်း စိတ်မပူပါနဲ့ မေမေရာ၊ သစ္စာခင်တို့ဘက်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း သဘောတူမှာ မဟုတ်ပါဘူး''

''ဟွန့်…မေမေ့သားငယ်က သူ့သမီးနဲ့ တန်မှမတန်တ

ဘယ်လိုရှေးရေစက်မှန်း မသိပါ။ သူတို့အိမ်နှင့် သစ္စ

တို့အိမ်က သေးသေးဖွဲ့ဖွဲ့ ကိစ္စလေးတွေမှာပင် ပြဿနာရှိတတ်

တည့်ကိုမတည့်ပေ။

''သစ္စာခင်ကို ဖိတ်နေတာ မေမေကြားလို့ တားေ

သားငယ် ဒေါသကြီးသွားတာ၊ ရှေ့ငကိုကြတော့ မပြောေ

မပြောရသေးဘူး၊ အရင်ဦးဆုံး သစ္စာခင်ဆီ ဖုန်းဆက်စရာလ

မေမေ့ပူပန်မှုက ရယ်စရာလည်း ကောင်းသည်။ သ

စရာလည်း ကောင်းနေပြန်သည်။

ရယ်ချင်ပေမယ့် မေမေ့ သနားတာကြောင့် မရယ်ဖြ

ပြုံးရုံသာ ပြုံးမိ၏။

''သားညီက မေမေ့ကို ဂျစ်တိုက်ချင်တာ ဖြစ်မှာပေါ့

သူ ထင်ကြေးပေးမိသည်။

''အင်းလေ…သားကြီး ထင်သလို မေမေ့ကို ဂျစ်

ဆန့်ကျင်တာပဲ ဖြစ်ပါစေလို့ ဆုတောင်းရတာပဲ''

''အဲဒီလိုပဲဖြစ်မှာပါ မေမေရာ''





သစ္စာခင်က မျက်နှာပြောင်တိုက်ပြီး သားညီကို ရှေ့ငလက်ထဲက လုယူမှာတဲ့လား။ သူတို့ သိပ်ခင်မင်ကြတာပါ။ ဒါမျိုး ဘယ်တော့မှ ရှိလာမည်မထင်ပေ။

သူကတော့ မေမေ အပူပန်လွန်နေတာဟုပဲ ထင်မိ၏။ သားညီကို ချစ်စိတ်နှင့် အားလုံးကို မေမေ သံသယဖြစ်နေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



## (၅)

သညီနေ့ ဖျားချင်သလို ဖြစ်နေတာကြောင့် အလုပ်ကနေ ...ပြန်လာပြီး အိပ်ရာထဲတွင် ခွေနေမိပါသည်။

မေမေနှင့် သားညီက အိမ်မှာမရှိဘဲ အပြင်သွားနေကြပါ ...သည်။

အလုပ်စားပွဲမှာ ကိုဆွေ့ကို ထားရစ်ခဲ့ရတာ စိတ်တထင့် ...င့်။ အရေးတကြီး ဖုန်းဝင်စရာရှိလို့သာ သူ့ကိုထားခဲ့ရတာ။ ...ည်လူက ဘာတွေပေါက်ကရလုပ်နေမလဲ မသိပါ။

ခေါင်းတွေ ကိုက်ခဲနေပေမယ့် ကားကို ကိုယ်တိုင်ပဲ မောင်း...ခဲ့ပါသည်။ အိမ်ရောက်တော့လည်း မေမေက မရှိ။

အသက်သာ တဖြည်းဖြည်း ကြီးလာတာ နေမကောင်းရင်

www.burmeseclassic.com

www.burmeseclassic.com



သူက ခေခေ့ကို ချွဲရမှာ။ မေမေ ဒေါနဒေါမှာ ရှိနေမှ ကော်ဖီဖျော် ကိုးထိုး သေသေချာချာတိုက်လုပ်နေမှ နေသာသလိုရှိတာ။

ခေခေ မရှိတော့ သူ စိတ်မကြည်ချင်ပါ။ အိပ်ရာထဲ မှောက်အိပ်နေရပေမယ့် ဒေါသက ဖြစ်ချင်ချင်။

ခဏကြာတော့ ကိုဆွေ ရောက်လာ၏။

"ဟ...မင်း ရုံးမှာမနေဘဲ ဘာလို့ပြန်လာခဲ့ရတာလဲ"

"မင်းကို စိတ်မချလို့ပေါ့ သားကို"

"ဗျာဗျာ...ဖုန်းဝင်စရာရှိတယ်ဗျ။ သေချာမှာထားခဲ့တာ ကို ကိုဆွေကတော့ လုပ်ပြီ"

"မင်းပြန်သွားတော့ ဖုန်းဆက်ကြည့်တယ်၊ အိမ်မှရောက် ရဲ့လားလို့၊ ဖုန်းဆက်လို့ မရတာနဲ့ ငါလိုက်လာတာ"

သားကို စိတ်တိုလာမိပါသည်။

"အိမ်မရောက်လို့ ကျုပ်က ဘယ်ရောက်ရမှာလဲဗျ"

"အဖျားတက်နေတော့ လမ်းမှာ တစ်ခုခုဖြစ်နေသလား ဆိုပြီး"

"တော်ဗျာ...ခင်ဗျား လျှာရှည်လွန်းတယ်၊ သွား...သွား ကော်ဖီတစ်ခွက် ဖျော်လာခဲ့၊ အား...ချမ်းလိုက်တာ"





"ဒါတောင် ကျေးဇူးမတင်ချင်ဘူး"

ကိုဆွေက ခပ်သုတ်သုတ် အခန်းထဲက လှည့်ထွက်သွား [illegible]

"ကိုဆွေ"

"ဘာတုံး"

"မေမေ့ဆီ ဖုန်းဆက်စမ်းပါ၊ ကျုပ် ဖျားနေပြီလို့ အမြန် [illegible]လာလို့"

"ဘယ်ကိုဆက်ရမှာလဲ"

ဘုမသိဘမသိ ပြန်မေး၏။ မေမေတို့ သွားတတ်သည့် နေရာတွေ ကိုဆွေမှ မသိဘဲလေ။

"သွားဗျာ...သွားတော့၊ ခင်ဗျားပြောရတာ လေကုန် တယ်"

သူ စိတ်မရှည်စွာ အော်မိသည်။ ကိုဆွေ အခန်းပြင်ထွက် သွားတော့ ခေါင်းအုံးကို မျက်နှာပေါ်တင်ကာ ဖိထားမိ၏။

"ဩော်...ကိုဆွေ"

"ဟာ...အတော်ပဲ"

အိမ်ထဲဝင်လာသော ရွှေမှုကို မြင်လိုက်ရတော့ ကိုဆွေ



www.burmeseclassic.com

www.burmeseclassic.com



သွားဖြပြမိ၏။

“သားညီကော”

“မရှိဘူး”

“အန်တီမေကော”

“မရှိဘူး”

ရွှေငှ မျက်ခုံးလေးပင့်ကာ…

“ဘယ်သွားကြလဲ”

ဟု မေးသည်။

“မသိဘူး”

“ဟွန့်”

သူမ နှုတ်ခမ်းစူကာ လာရာလမ်း ပြန်လှည့်၏။

“ရွှေငှ”

“တင်”

“နေပါဦးဟာ၊ ခဏ…ခဏ”

ကိုဆွေက ကမန်းကတန်း တားသည်။

“သားကို ဖျားနေလို့ဟ၊ အဲဒါ ငါ့ကို ကော်ဖီဖျော်ခိုင်းတယ်၊ ကြီးမေကလည်း အန်တီတို့နဲ့ပါသွားတယ်ထင်တယ်၊ မရှိ





ဘူး၊ ငါစိတ်ညစ်နေတာ”

ရွှေငှ ခါးလေးနှစ်ဖက် ထောက်သည်။

“ကိုဆွေ…သံပရာသီး မဟုတ်ဘူး၊ အချဉ်မဖမ်းနဲ့၊ ဘယ်ရမလဲ ဟွန့် ..ရှင့်လူမမာ ရှင်ပဲပြုစု၊ တာ့တာ”

ရွှေငှက ကျောခိုင်းလှည့်ထွက်လာသည်။ ကိုဆွေ နောက်က ပြေးလိုက်ပါလာ၏။

“နေပါဦး ရွှေငှရာ၊ ကျေးဇူးမမေ့ပါဘူး”

ရွှေငှက မျက်စောင်းထိုးသည်။

“ရွှေငှကို အချဉ်မဖမ်းနဲ့၊ မကူညီနိုင်ပါဘူး၊ ရေနွေးထဲ ကော်ဖီမစ်တစ်ထုပ် ဖောက်ထည့်တာ သိပ်ခဲယဉ်းသလား”

ကိုဆွေက ခေါင်းယမ်းသည်။

“သားကိုက နက်(စ်)ကော်ဖီမှ သောက်တာ၊ ငါဖျော်ပေးရင် ခြေး(ဂျီး)များနေဦးမှာ၊ လုပ်ပါဟာ၊ ရွှေငှဖျော်ရင် အရမ်းကောင်းမှာပါ”

“မြှောက်မနေပါနဲ့”

ကိုဆွေက မရမက လိုက်ခေါ်နေမည့် ပုံပါ။

“ကိုဆွေရေ…ကိုဆွေ”



www.burmeseclassic.com

www.burmeseclassic.com



"ဟော...လူမမာ ခေါ်နေပြီ"

"ဟွန်း...ခုမှ ဖျားကာစ ရှိသေးတယ်၊ လူမမာဖြစ်ရတယ်လို့"

"လာပါဟာ...လိုက်လုပ်ပေးပါ"

ရွှေငှ မနေသာဘဲ ပါလာရတော့သည်။

"ဆေးတော့ တိုက်ပြီးပြီလား"

"မတိုက်ရသေးဘူး"

"ကဲပါ...ကိုဆွေ သူ့အနားမှာပဲနေ၊ ရွှေငှ သွားလုပ်လာခဲ့မယ်၊ ဆေးပါ ယူခဲ့မယ်၊ ကြွ...ကြွ"

"အဟဲ ... ဟဲ...ဟဲ"

ရွှေငှက ကိုဆွေကြီးကို မျက်စောင်းရွယ်သည်။

ထမင်းစားခန်းဘက် လျှောက်လာကာ ဆေးအရင်ရှာသည်။ သည်အိမ်က သူမနှင့် ယဉ်ပါးကျွမ်းဝင်ပြီးသားပါ။

ကြက်ဥနှစ်လုံးကို မကျက်တကျက် ပြုတ်လိုက်ပြီးမှ နက်(စ်)ကော်ဖီကို ခွက်ကြီးကြီးနှင့် ပျစ်နှစ်နေအောင် ဖျော်မိသည်။ ဖျားနေသူဆိုတော့ ပိုပြီး ကောင်းကောင်းဖျော်ပေးကာမှ တော်ရုံရှိမည်။





ဆေးရယ်၊ နက်(စ်)ကော်ဖီရယ်၊ ကြက်ဥပြုတ်နှစ်လုံးရယ် ...ချာထည့်ပြီး ယူလာခဲ့၏။

အန်တီမေမေနှင့် သားညီကလည်း ကြီးမေကြီးပါ ခေါ်ပြီး ...ယ်တွေ သွားနေကြမှန်း မသိပါ။

ရွှေငှကဖြင့် သူတို့ရှိကြတယ်ထင်ပြီး ပျင်းလို့ရောက်လာခဲ့ ...။ ရွှေငှတို့ အိမ်ဘက်က လှမ်းကြည့်တော့ သားညီတို့ ရှိသလို ... ထင်ရသည်။

"ကိုဆွေကြီးရေ"

အခန်းဝမှာ ခြေစုံရပ်ကာ အသံပေးမိသည်။

"လာလေ...လာခဲ့...ရတယ်"

ကိုဆွေက အခန်းတံခါး လာဖွင့်ပေးပါသည်။

"ရော့လေ...ဒီမှာရပြီ"

ရွှေငှက အခန်းထဲ မဝင်ဘဲ လက်ထဲက ဗန်းကလေး ...ဆွေကို ပေးသည်။

"ကြက်ဥကို အရင်ကျွေးပြီးရင် ကော်ဖီသောက်ပြီး ဆေး ... တိုက်လိုက်နော်၊ ရေနွေးတစ်ခွက်ပါ ထည့်လာတယ်၊ ရော့"

ကိုဆွေကို စီစဉ်ညွှန်ကြားနေသည့် အသံလေးကို ...ကြား



www.burmeseclassic.com

www.burmeseclassic.com



ရတာမို့ ခေါင်းအုံးကိုဖယ်ကာ မျက်လုံးဖွင့်ကြည့်မိပါသည်။

အခန်းဝမှာ ခြေစုံရပ်နေသော ပြာလွင့်လွင့် သဏ္ဌာန်လေး၊ အင်္ကျီလေးဖြ လက်ပြတ်ခါးတို မိုးပြာရောင်လေး ထဘီလေးလည်း ဆင်စွာ။

မျက်စိအေးကာ ကဗျာဆန်သော အရောင်လေးပါ။

သူမကို မြင်လိုက်ရတာ အဖျားသွေးတွေ လျော့ကျသွားသလို ခံစားရပါသည်။

ကိုဆွေက သူမလက်ထဲက ဇန်းကလေး လှမ်းယူသော အခါ သူမက သူ့ဆီ တစ်ချက်ပဲ လှမ်းကြည့်ပြီး ချာခနဲ လှည့်ထွက်သွားတော့သည်။

"ကဲ…ရပါပြီ၊ လူမမာရေ…ထ…ထ"

သားကိုက "အင်း"ဟု ညည်းညူရင်း မနည်းကြီး အားယူထသည်။

"ကံကောင်းလိုက်တာဗျာ၊ ဟိုကောင်မလေး ရောက်လာတာနဲ့ အဆင်ပြေသွားတယ်ဗျာ၊ ဝါးစပ်ကလေးစိုက်လိုက်ရုံပဲ"

"ခင်ဗျား သိပ်ပင်ပန်းနေပြီမယ်ဗျာ"

သားကိုက တအင်းအင်း ညည်းညူကာ ကော်ဖီနှင့် ဆေး





သောက်၏။

"ဒီမကျက်တကျက်လေး စားလိုက်ပါဦး"

"မစားချင်ပါဘူးဗျာ"

"ရွှေငုက စားရမယ်တဲ့"

"သူက ဆရာဝန်လား၊ အမိန့်ပေးရအောင်"

မေမေ မရှိတော့ အနားမှာရှိသော ကိုဆွေကို ဘုတောမိပါသည်။

"ငါ ရုံးပြန်သွားတော့မယ်"

"ဘာဗျ"

သူ့ကို စိတ်မရှည်၍ ပြောလိုက်မှန်း သိပါသည်။

"အဲဒါမှဖြင့် ဘာလို့ ပြန်လာသေးလဲ"

ကိုဆွေက စားပွဲပေါ်ရှိ ဂျာနယ်တစ်စောင် ကောက်ယူလျက် သူနှင့် ခပ်ခွာခွာ သွားထိုင်၏။

သားကိုက သူ့ကို ဘုကြည့် ကြည့်နေဖြစ်ပါသည်။ ဘာတစ်ခုလေးမှ စိတ်ရှည်သည်းခံချင်စုံမရပါ။

ကော်ဖီနှင့် ဆေးပင် ရွှေငု ယူလာပေးလို့သာ ကိုယ့်ဘာသာဆို ဘာတွေ အမှားများအယွင်းယွင်း ဖြစ်နေမလဲ မသိနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်လုပ် လွဲချော်မှားယွင်းတတ်လွန်းသူ။ ပြောပြန်ရင်လည်း
လွန်ရာကျဦးမည်။

"ရွှေငှုကလည်း ချက်ချင်းလစ်ရော"

"ဒီလောက်လုပ်ပေးတာ ခင်ဗျား ကျေးဇူးတင်ဦး"

သူ့ ကိုယ်ခွေနှင့် စကားဆိုရင်း အိပ်ငိုက်စပြုသည်။

"သားကြီးရေ"

ဟော…မေမေ ပြန်လာပါပြီ။

"သားကြီး ဗျားလို့ဆို၊ သက်သာရဲ့လား၊ ဘယ်နှယ်
သေးလဲ၊ ဆေးသောက်ပြီးပြီလား"

မေမေက အခန်းထဲဝင်လာပြီး နဖူးက တတွတ်တွတ်
မေးသည်။ နဖူးစမ်းကြည့်သည်။ စောင်ကို လုံအောင် ခြုံပေးသည်။

"ရေနွေးပူချစ်ချစ် သောက်မလား သားကြီး"

ပြန်ရောက်ရောက်ချင်းပင် မေမေက သူ့အတွက် စိတ်ပူ
ကာ ပျာပျာသလဲရှိလှပါသည်။

"ရတယ် မေမေ၊ ဖြည်းဖြည်းလုပ်ပါ မေမေ၊ အပြင်က
ပြန်လာတာ မောနေမှာပေါ့၊ ခုပဲ ဆေးသောက်ထားပါတယ်"

မေမေက ကြီးမေကို ရေနွေးတည်ဖို့ ပြောသည်။





"ရွှေငှု ဖုန်းဆက်လို့လေ"

သားကိုက မေမေ့စကားကြောင့် ငြိမ်သွားမိပါသည်။

မေမေတို့ ရှိနိုင်မည့်နေရာတွေကို ဖုန်းဆက်လိုက်တာ ဖြစ်
လိမ့်မည်။

သူမကို သူ ကျေးဇူးတင်မိသလို ရှိ၏။

သေးသေးဖွဲဖွဲပင် ဖြစ်ပေမယ့် သူမ ဂရုစိုက်မှုက သိသာ
ပေါ်လွင်၏။

သူတို့မိသားစုကို သူမ အရေးတယူ ရှိရှာသား။

ဒါကြောင့်မို့ မေမေက ရွှေငှုမှ ရွှေငှု ဖြစ်နေတာ ထင်ပါ
ရဲ့။

မေမေဖြစ်မယ်ဆိုရင်လည်း ဖြစ်လောက်ပါရဲ့။

သူမလုပ်ပေးသမျှ သူ ကျေနပ်မိတာ။ အံ့သြဝမ်းသာမိတာ
ငြင်းမရပါ။

ပြီးတော့ သူမရဲ့ စည်းကမ်း။

အခန်းဝမှာပဲနေသည်။ သူ့အခန်းထဲ ဝင်မလာ။

ဒါဟာ သားညီအပေါ်ထားသော သူမရဲ့သစ္စာတရား။

ပြီးတော့ သူမရဲ့ ဣန္ဒြေသိက္ခာ ကိုယ်ကျင့်တရားကောင်း



www.burmeseclassic.com

www.burmeseclassic.com



သော တောင်စေလေးမဲဟု သူ ယူဆမိပါသည်။

ကိုဆွေနှင့် သူ ရှိနေသော အခန်းထဲကို သူမ ဝင်မလာခဲ့ပါ။

မဝင်သင့်မှန်း နားလည်သည်။ နားလည်သလို လက်ခံကျင့်သုံးသည်။

"ရွှေငှက ဆေးနဲ့ကော်ဖီ ပို့ထားတယ်ဆိုလို့ မေမေ စိတ်အေးရတာ သားရဲ့၊ ကိုဆွေက အားကိုးရတာ မဟုတ်ဘူး"

မေမေက ကိုဆွေရှေ့မှာပင် ပြောင်ပြောချသည်။

ကိုဆွေက မေမေ့ကို မျက်မှောင်ကုတ်ကြီးနှင့် လှမ်းကြည့်ပြီး စာအုပ် ပြန်ဖတ်နေ၏။

မဂ္ဂဇင်းစာအုပ် တစ်အုပ်နှင့် ဂျာနယ်နှစ်စောင်နှင့် မေမေပြောသမျှ မကြားချင်ယောင် ဆောင်နေမည်ပုံ။

ကိုဆွေ့ကိုကြည့်ကာ သူ ဖွဖွပြုံးမိပါသည်။





(၆)

"လာပါ သားညီရဲ့"

ရွှေငှက စိတ်မရှည်သံ စူအောင့်အောင့်ကို ကြားရပါသည်။

"ဟ…ငါမလိုက်ပါဘူးဆို"

သားညီက ပြန်အော်ပစ်သည်။

"အခုသွားမအပ်ရင် နှစ်ရက်ခဖြစ်မှာ"

"ဖြစ်ဖြစ်"

ရွှေငှက နှုတ်ခမ်းလေးကိုက်ကာ မကျေမနပ် ဖြစ်သွားသည်။

"တစ်ခွေကို လေးဆယ်၊ နှစ်ခွေဆို ရှစ်ဆယ်၊ နှစ်ရက်ဆို



www.burmeseclassic.com

www.burmeseclassic.com



တစ်ရှာခြောက်ဆယ် ဖြစ်သွားမှာ”

ရွှေငုက တီးတိုးရေရွတ်နေသည်။

“လာပါဟာ၊ ခဏလေးပါ၊ ရွှေငု မသွားရဲလို့ လိုက်

ပါဆို၊ ဒီအချိန်ဆို လမ်းက လူပြတ်နေပြီ”

“ရွှေငု”

သားညီက ခေါ်လိုက်သည်။

“စောစောစီးစီးကတည်းက ဝိရိယကောင်းကောင်းနဲ့ သွ

ဖို့ပါလား၊ ခုမှ ကပ်စေးနှဲမနေနဲ့၊ နှစ်ရက်ခပေးလိုက်၊ မိုးချုပ်နေပြီ

အပြင်မထွက်ချင်လို့ အိမ်မှာနေတာ”

ရွှေငုက ဆက်မပြောတော့ဘဲ မျက်နှာလေးငယ်ကာ ထိုင်

နေ၏။

သားညီက သူမကို ကျောပေးကာ ဂီတာကြိုးတွေ ညှိ

သည်။

“ခဏလေးလိုက်ပို့ရင် ဘာဖြစ်မှာမို့လဲ”

ရွှေငုက မပွင့်တပွင့် ဆိုသည်။

သူတို့နှစ်ယောက်ကို ကြည့်ကာ သားကို ရယ်ချင်စိ

ဖြစ်လာ၏။





တစ်ယောက်နှင့်တစ်ယောက် အလျှော့မပေးဘဲ ကတ်

သတ်နေကြတာ ကလေးပေါက်စနလေးတွေလိုပါ။

“လိုက်မပို့ချင်လို့ပေါ့၊ နှစ်ရက်ခ ပေးလိုက်လို့ ပြောပြီး

သား”

“နှမြောစရာကြီး”

“ငါပေးလိုက်မယ်”

သားညီက အပြတ်ပြောသည်။

“နှမြောလို့ပေါ့”

“ဟ…ခက်ပါလား”

သားညီက ဂစ်တာကို ချထားလိုက်သည်။ ရွှေငုကို စိတ်

ရှုတ်သလို ကြည့်၏။

“လိုက်ပို့ပေးရင် သေသွားမှာ ကျနေတာပဲ”

သားညီက တစ်ခုခုပြောဖို့ ပြင်ပြီးမှ မပြောဘဲ သက်ပြင်း

မောရှိုက်သည်။ ရွှေငုကို မကြည့်တော့ဘဲ မျက်နှာလွှဲကာ …

“နင်ပြန်တော့ ရွှေငု”

ဟု ဆို၏။ ရွှေငုက မျက်နှာလေး ညိုသွားတော့သည်။

“သားညီ”

www.burmeseclassic.com



ရွှေငှ ပါးစပ်ဟရုံရှိသေး သားညီက လက်ကာပြသည်။

"ကျေးဇူးပြုပြီး ပြန်ပါတော့၊ ဘာမှမပြောနဲ့တော့"

ရွှေငှက ဝုန်းခနဲ မတ်တတ်ရပ်၏။ ပြီးတော့ ခြေဆောင့် ထွက်သွားတော့သည်။

သားကို မနေသာဘဲ…

"ရွှေငှ…ခွေထားခဲ့လေ၊ သွားအပ်ပေးမယ်"

ဟု ဝင်ပြောမိသောအခါ သားညီက သူ့ကို ဆတ်ခနဲ ကြည့်၏။

သူ့မျက်လုံးတွေမှာ သားကို ဝင်ရောက်ဖြေရှင်းပေးတာကို မနှစ်သက်တာ ပေါ်လွင်သည်။

"ကိုကို အပြင်သွားစရာရှိတယ် ညီ၊ ဝင်ပို့ပေးခဲ့မယ်"

ရွှေငှက လက်ထဲ ခွေလေးနှစ်ခွေ ပိုက်ကာ သားကို,ကို တစ်လှည့် သားညီကိုတစ်လှည့် ကြည့်ပြီးမှ အသာကလေး လှည့် ထွက်သွားတော့သည်။

သားကို ပို့ပေးမယ်ဆိုတာကို သူမ လက်မခံပါ။ သားညီ လည်း သူ့ကို မကျေနပ်။

သူ ဘာမှမပြောတော့ဘဲ ရွှေငှနောက် တဖျပ်ဖျပ် လျှောက်





သွားမိပါသည်။

"ရွှေငှ…ကြိုနေသားပဲ၊ ပေးလိုက်လေ"

"ဟင့်အင်း…မနက်မှပဲ အပ်တော့မယ်"

သူမကလည်း သားညီကို စိတ်လုပ်ချင်ပုံပါ။

"သားညီက အပြင်မထွက်ချင်လို့ နေမှာပါ"

သူက သားညီဘက်ကို ဖာဖာထေးထေး။ သူမက နှုတ်ခမ်းလေး မဲ့လိုက်၏။ နည်းနည်းမှ အလိုမကျတာ ပေါ်လွင် သည်။

"ပေးပါ၊ အလကားနေရင်း နှစ်ရက်ခ ဖြစ်နေပါ့မယ်၊ စိတ်ကောက်တာလည်း ကောက်ပေါ့"

ရွှေငှက သူ့ဆီ ခွေလေးနှစ်ခွေ လှမ်းပေးသည်။ ခေါင်းငုံ့ ကာ မျက်လွှာချထားပြီး အသံတိုးတိုးကလေးနှင့်…

"ကျေးဇူးပဲ ကိုကို"တဲ့။

ပြီးတော့ သူ့အနားကနေ ထွက်သွားတော့သည်။

သူမဟာ အင်မတန် သိမ်မွေ့နူးညံ့သူလေးပဲ။ စကားပြော ပုံလေးကလည်း ချစ်စရာကောင်းပါသည်။

သားညီကသာ အနိုင်ယူနေတာ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ညီ မလိုက်ဘူးနော်၊ ကိုကို တစ်ယောက်တည်း သွားဖို့ အလကား အချိန်မရှိမှ ခွဲပို့ရမှာ သတိရနေတယ်၊ တစ်နေ့ တုန် စာစုန်းကျက်ဖို့ပဲ၊ ဘာတွေဖြစ်လာမလဲတော့ မသိဘူး"

သားညီက မကျေနပ်တာတွေ ပွင့်ထွက်လာ၏။

သူမ တစ်နေ့လုံး စာကျက်နေလို့ သားညီ သည်လောက် ဖြစ်နေတာကိုး။ သားကို ပခုံးတွန့်မိသည်။

ဘယ်လိုကလေးတွေပါလိမ့်။

ဖုန်းမြည်သံက အဆက်မပြတ် ဆူညံလွန်းစွာ။

စိတ်ရှည်လက်ရှည် လာမကိုင်မချင်း ခေါ်နေမည့်ပုံ။

သားကိုက ခေါင်းအုံးကို နားပေါ်ဖိချကာ လေးနေသော မျက်ခွံတွေ ပြန်ပိတ်လိုက်သည်။

ဘယ်လိုမှ မထချင်သေးပါ။ လူက အိပ်ချင်မူးတူးနှင့် မျက်စိတွေ စပ်နေ၏။ အိမ်မှာ ဖုန်းကိုင်မည့်သူ တစ်ယောက်မှ မရှိကြဘူး ထင်ပါသည်။

ဖုန်းမြည်သံက လူကို များစွာ အနှောင့်အယှက် ဖြစ်စေ ပါသည်။

"ဟာကွာ"





သားကို မနေသာဘဲ အိပ်ရာပေါ်က လူးလဲထပြီး ယိုင်တိုင် တိုင် လျှောက်လာ၏။

"ဟဲလို"

တူးသံကြီးက အိပ်ချင်စိတ်နှင့် လေးနေသည်။

"သားညီလား၊ မေမေနိုပါ"

"ဗျာ…မဟုတ်ပါဘူး၊ သားညီ မရှိပါဘူး"

"ဟုတ်လား"

တစ်ဖက်က ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသည်။

"သားညီရဲ့ အစ်ကိုလား"

"ဟုတ်ပါတယ်"

"မေမေနိုပါ၊ ရွှေငှ ခေါ်လိုက်ပြီး ဘာဖြစ်သွားမှန်းမသိ ဘူးတဲ့"

"ခင်ဗျာ"

"အိမ်မှာလည်း မေနိရယ်၊ ရွှေငှရယ် နှစ်ယောက်တည်း၊ အခု ဘာလုပ်ရမှန်းမသိဘူး၊ လုပ်ပါဦး သားရယ်"

သားကိုက ဖုန်းကို ခွပ်ခနဲချကာ ရွှေငှတို့ခြံဘက် ဟုန်းခနဲ ပြေး၏။



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်မှုက အထွတ်အထိပ် ရောက်နေသည်။

ရွှေငှ ဘာများဖြစ်နေပြီလဲ။

မေနီကလည်း ရီးရီးအအ။ ဘာမှ လုပ်တတ်ကိုင်တတ်မှာ မဟုတ်။

"မေနီရေ…မမေနီ"

အိမ်ရှေ့တံခါးကနေ သူ လှမ်းအော်သည်။ မေနီက သော့ကိုင်ပြီး ပြေးထွက်လာ၏။

လက်တုန်တုန်နှင့် သော့ဖွင့်ပေးသည်။

"ရွှေငှကော"

"လာ…လာ"

မမေနီနှင့်အတူ ထမင်းစားခန်းထဲ ပါလာရသည်။

ရွှေငှက ထမင်းစားပွဲမှာ ကျုံ့ကျုံ့လေးထိုင်ကာ သူ့ကို ယဲ့ယဲ့ကလေး ပြုံးပြသည်။ သူမမျက်နှာမှာ မျက်လုံးတွေထဲမှာ ကြောက်ရိပ်တွေ ထင်ကျန်နေတုန်း၊ ကြောက်စိတ်ပြယ်ပုံ မရသေးပါ။

"ဘယ်လိုဖြစ်တာလဲ"

သူမက မဖြေဘဲ လျှပ်စစ်မီးဖိုရှိရာဘက် ခေါင်းလေးငဲ့ကြည့်ကာ ရယ်၏။





"မီးဖိုပြင်တာလေ"

မမေနီက ဝင်ဖြေသည်။

"တစ်ခါတည်း လွင့်ထွက်သွားတာ၊ ရေချိုးခန်းတံခါးနဲ့ ရိုက်ပြီး ခွေခွေလေး လဲကျသွားတာ၊ မမေနီ လန့်သွားတာပဲကွယ်၊ ခေါ်လို့လည်း မရတော့ဘူး၊ ခုမှ သတိရတာ"

"ခဏလေးပါ မမေနီရဲ့"

သူမက ရှက်စနိုး ရယ်နေသည်။ ခေါင်းလေးငုံ့ကာ သူ့ကို လုံးဝမကြည့်။

"တော်သေးတာပေါ့"

မမေနီက ရင်ဘတ်ဖိသည်။

"လျှပ်စစ်ပစ္စည်းတွေဆိုတာ မသိနားမလည်ဘဲ မလုပ်ရဘူး"

"အင်း…မလုပ်ရဲတော့ပါဘူး၊ အရမ်းကြောက်သွားပြီ"

ပခုံးလေးတွန့်ကာ ဆို၏။

ရုပ်အင်္ကျီ အနီကွက်ကလေးနှင့် စကတ်ဖားဖား အဖြူရောင်လေးနှင့် ပုံစံလေးက ဘယ်အချိန်ကြည့်ကြည့် အပြစ်ကင်းနေတာ မြူးစင်လွန်းလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားညီလည်း မရှိဘူး"

သူလည်း ညအိပ်ဝတ်စုံကြီးနှင့် ထွက်လာမိတာ မျက်နှာပင် မသစ်ရသေးတာ သတိဝင်လာ၏။

"အခု နေရတာ ကောင်းရဲ့လား"

"အင်း…ဘာမှမဖြစ်တော့ပါဘူး"

"သမီးရွှေငှ ရေချိုးခန်းတံခါးနဲ့ ရိုက်မိတာ မနာဘူးလား"

"ဟင့်အင်း…သိတောင်မသိဘူး"

ရွှေငှက တိုးတိုးကလေး ရယ်နေသည်။ ပြီးမှ…

"အားနာစရာ၊ ကိုကို အိပ်ရေးပျက်သွားပြီ ထင်တယ်"

ဟု ဆိုရှာပါသည်။

"ရပါတယ်…နောက်တစ်ခါဆို လုပ်စရာရှိရင် ကိုကို့ကိုပြော၊ သားညီကိုပြော ကြားလား၊ ကိုကိုတို့ မလုပ်နိုင်ရင် လုပ်တတ်တဲ့လူ ခေါ်ပေးမှာပေါ့၊ နားမလည်ဘဲ ရမ်းသန်းမလုပ်ရဘူး"

"ဟုတ်ကဲ့ပါ"

"နားလည်တဲ့လူ ကိုကို ခေါ်ပေးမယ်"





"ကျေးဇူးပါပဲ ကိုကို"

သားကိုက ရွှေငှကို တစ်ချက်ကြည့်ပြီး လှည့်ထွက်လာခဲ့သည်။

"မေနီရယ်…ဘာလို့ ဖုန်းဆက်ရတာလဲ"

"ကျုပ်မှ ဘာမှမလုပ်တတ်ဘဲ၊ မခေါ်ရင် ကျုပ်တစ်ယောက်တည်း လန့်ပြီးသေလိမ့်မယ်၊ သွား…သွား နောက်ဆို ထမင်းစားချိန်ပဲ ဒီကိုလာ"

မေမေနီက သူမကို နှင်ထုတ်တော့သည်။

"ဒီတစ်ခုပျက်နေလည်း ဟိုမှာရှိသေးတာပဲ၊ နှစ်ခုစလုံးပျက်လည်း ဂက်(စ်)နဲ့ ချက်လို့ရတာပဲ၊ မီးသွေးမွှေးချက်လည်း ရတာယ်၊ ရွှေငှရယ် နောက် ဒါတွေမလုပ်ပါနဲ့"

"အင်းပါဆို"

"သွား…သွား၊ အိမ်ရှေ့မှာ သွားနေ"

ရွှေငှက ကြီးမေကို နှုတ်ခမ်းစူပြကာ ထွက်ခွာခဲ့သည်။

ရင်ထဲမှာ ရှက်လည်းရှက်သည်၊ ရယ်လည်း ရယ်ချင်သည်။ ဘယ်လိုကြီးမှန်းကို မသိပါ။

ဟိုလူကြီး အပြေးရောက်လာပြီး မျက်လုံးပြူးကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေတော့ သူမ ရယ်ချင်သလိုလို ငိုချင်သလိုလို။

ခုလိုကျတော့လည်း သားညီရဲ့ ကိုကိုက သဘောကောင်း ရှာသား။ သူမတို့အိမ်ဘက် အပြေးရောက်လာဖော်ရသား။

မဆိုးပါဘူး။

နှုတ်ခမ်းလေးတွန့်ရုံ ပြုံးကာ သူမ ကျေနပ်သွားသည်။





(၇)

သားညီက ရွှေငုကို ယောင်သလို ကြည့်သည်။

"ဆရာမကြီး"

တမင်ရွဲ့ခေါ်နေမှန်း နားလည်ပါသည်။ ဂရုမစိုက်သလို မျက်နှာလေး မော့ထားမိ၏။

ခေါ်ချင်သလို ခေါ်ပေါ့၊ အရေးလုပ်လို့။

"အိမ်မှာ မရှိမဖြစ် အရေးပါသူကြီး"

ဘေးမှာထိုင်ပြီး တစ်ခွန်းချင်း ရေရွတ်နေတာ တော်တော် ရွဲ့စရာကောင်းသည့် သားညီပါ။ ဒူးနှစ်ဖက်ကြားထဲ လက်နှစ် ဘက်ညှပ်ကာ မျက်နှာက မချိုမချဉ်။

သူမကို မျက်လုံးစွေကာ စေ့ကြည့်စေ့ကြည့် လုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာ နင်မပါရင် ဘယ်ဟာမှ မပြီးဘူး သိလား"

ရွှေငှက လှပစွာ မျက်စောင်းရွယ်ပါသည်။

"သားညီနော်…အလကားနေရင်း ခနဲ့မနေနဲ့၊ နားညီး တယ်"

"အင်း…အိမ်မှာ လျှပ်စစ်မီးဖိုတစ်လုံး ပျက်နေတယ်၊ လာပြင်ပေးပါလား၊ ပန်ကာတစ်လုံးလည်း ရှိတယ်၊ ဘိုးဘိုးလက်ထက်ကတည်းက"

ရွှေငှက တခစ်ခစ်ရယ်မိသည်။

"အရှူးမ…သူ့ကိုယ်သူ လူတတ်ကြီးလုပ်လို့"

သားညီက ပျစ်နှစ်စွာ ရှုတ်ချသည်။

"ရမလားလို့ လုပ်ကြည့်တာ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ ရှက်စရာကြီး၊ ခေတ်လိုက်တယ်ဆိုပြီး အကုန်လုံးသိကုန်တာ မျက်နှာမပူဘူးလား"

"ဟွန့်…မပူပါဘူး"

သားညီက တဟားဟားရယ်သည်။

"သားညီ"

"ဗျာ"





"မရယ်နဲ့တော့"

"အမိန့်ပေးနေပြန်ပြီ"

သူမ မျက်နှာလေးငိုမဲ့မဲ့နှင့် တားတော့ သားညီက အရယ်ရပ်သည်။

"နင့်မွေးနေ့ပွဲကို ငါမလာဘဲ နေမယ်"

"ရပါတယ်၊ ဘာဖြစ်လဲ"

ရွှေငှ သူ့ကို မျက်စောင်းအကြိမ်ကြိမ် ထိုးမိပါသည်။ ပြီးတော့ သူ့အနားက ထွက်လာခဲ့မိသည်။

"ပြန်တော့မယ်ဟာ"

အဝေးကြီးရောက်မှ သားညီကို လှည့်ကြည့်နှုတ်ဆက်၏။

"နေပါဦးဟာ၊ လာဦးဟ…ငါပြောစရာရှိတယ်"

သူပြန်ခေါ်ပေမယ့် သူမ လှည့်မကြည့်တော့ပေ။ ခြံသားရှိ တံခါးကျဉ်းလေး တစ်ခုမှနေ ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။

သားညီက တစ်ယောက်တည်း ပြုံးကျန်ရစ်၏။



www.burmeseclassic.com

www.burmeseclassic.com



(ဂ)

သားကိုက ကားကိုအရှိန်လျှော့ချရင်း ရှေ့တည့်တည့်မှ [illegible]လျှောက်လာသော သားညီတို့သုံးယောက်ကို တစ်ချက်လှမ်းကြည့်သည်။

သားညီကို အလယ်ကထားပြီး ဘေးတစ်ဖက်စီမှာ [illegible]ဝါနှင့် သစ္စာခင် သုံးယောက်စလုံး ရယ်နေကြသည်။

သားညီက ဟိုဘက်လှည့်ပြောလိုက် သည်ဘက်လှည့်ပြောလိုက်နှင့် သူ့ကားကိုပင် တွေ့ပုံမရပါ။

မနက်ဖြန်ညဆို သားညီရဲ့ မွေးနေ့ပါတီပွဲ ရှိပါမည်။ သားညီကိုကြည့်ရတာ လွတ်လပ်ပေါ့ပါးသည်။ ပျော်နေပုံလည်း [illegible]ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေငှက ခေါင်းလေးငုံ့ပြီး ကတ္တရာလမ်းမည်းမည်းကို ကြည့်လျှောက်နေသလား မှတ်ရသည်။ သစ္စာခင်က မျက်နှာက လေး ခပ်မော့်မော့်····

သားညီက တစ်ခုခုပြောပြီး သစ္စာခင်ကို ပခုံးနှင့်ဝင်တိုက် သည်။ သစ္စာခင်က သားညီကို လှမ်းထု၏။

ရွှေငှက သွားဖြူဖြူလေးတွေ ပေါ်အောင် ရယ်လို့။

သားကိုက ကားကို သူတို့ဘေးမှာ တုံ့ခနဲ ရပ်သည်။

သုံးယောက်စလုံး လှမ်းကြည့်၏။

"ဟာ···ကိုကိုပြန်လာပြီလား"

"အေးကွ···မင်းတို့ဘယ်လဲ"

"မနက်ဖြန် ဆိုမယ် တီးမယ်လေ၊ အဲဒီကိစ္စ စီစဉ်နေ တာ"

သားညီက ဂစ်တာတီးပုံ လုပ်ပြပြီး ပြော၏။

သစ္စာခင်က မသိမသာ အကြည့်လွှဲနေပြီး ရွှေငှက ထုံး အတိုင်း မဟူရာလမ်းမည်းမည်းကိုသာ ကြည့်နေ၏။

"သွားမယ် ကိုကို"

"အေး···ကောင်းပြီ"





သားကိုက ကားကို အသာလိုမ့်ထွက်လာခဲ့ပါသည်။

ရွှေငှက ပင့်သက်ရှိုက်သည်။ လက်ဖျားလေးတွေ အေး စက်ကာ မျက်နှာလေးက ဖွေးနေသည်။

"ရွှေငှ"

"ယှင်"

"နင် ကြောက်သွားသလား"

သားညီက မေးလာ၏။

"ဟုတ်တယ်ဟာ၊ ငါ့စိတ်ထဲမှာ လေးနေတယ်"

ရွှေငှက ညည်းညည်းညူညူလေး ဆိုသည်။ နှုတ်ခမ်းတွေ ခြောက်သွေ့လာသလို ရှိတာမို့ လျှာကလေးနှင့် သိမ်းမိသည်။

သစ္စာခင်က သားညီလက်မောင်းကို ဖျတ်ခနဲ ဆုပ်ကိုင် ထားလိုက်ကာ ခပ်တိုးတိုး ပြောသည်။

"သားညီအစ်ကို ရိပ်မိပုံမရပါဘူး ရွှေငှရဲ့"

"ဟုတ်ပါတယ်"

သားညီက ရွှေငှကို အားနာသလို ကြည့်သည်။ အားပေး ခြင်းတွေကလည်း သူ့အကြည့်ထဲမှာပါသည်။

"ကျေးဇူးအရမ်းတင်တယ် ရွှေငှရယ်"



www.burmeseclassic.com

www.burmeseclassic.com



သားညီစကားကို သူမ ခေါင်းယမ်းသည်။

"မလိုပါဘူး၊ ငါတို့သုံးယောက်က ငယ်သူငယ်ချင်းတွေ အခင်ဆုံး အချစ်ဆုံး နားအလည်ဆုံးတွေ ကျေးဇူးတင်စရာမှ မလိုဘဲ"

"ဟုတ်သားပဲ သားညီရဲ့"

သစ္စာခင်ကလည်း ထောက်ခံပါသည်။

"ငါ စိုးရိမ်နေတာတော့ အမှန်ပဲ သားညီ၊ ငါ့ကို နင်တို့ တစ်အိမ်သားလုံး ခါးသီးနာကျင်သွားမှာ ငါ မလိုလားဘူး၊ ငါ ဒီလိုဟန်ဆောင်ပေးနေတာ သိရင် အန်တီမေမေ သိပ်ဒေါသဖြစ်သွားမှာဟာ၊ နင်တို့နှစ်ယောက်ကိုလဲ ဘယ်လိုအကြောင်းနဲ့မှ မကွဲစေချင်ပါဘူး၊ အဲဒါ ငါ့ရဲ့ အဖြူစင်ဆုံး ဆေတနာ သစ္စာ နားလည်ရဲ့လား"

"သိပါတယ် ရွှေငုရယ်"

"တကယ်မဟုတ်ဘဲနဲ့ သားညီနဲ့ ရည်းစားလို နေရတာ ရွှေငုအတွက် ခက်ခဲလွန်းပါတယ် သစ္စာရယ်၊ အလိမ်ပေါ်သွားမှာလည်း စိုးရသေးတယ်"

ရွှေငုက ပခုံးလေးကျုံ့ပြသည်။ ထိတ်လန့်သည့်သဘော။

"သားညီမေမေက ရွှေငုကို သိပ်ချစ်တာပဲနော်၊ သည်းလှုပ်ပဲ၊ ငုံထားမတတ်ပဲ"

သစ္စာခင်က မဲ့မဲ့ကလေးဆိုသည်။ သူမရင်ထဲမှာ ဒါကို အကြီးအကျယ် ထိရှကြေကွဲနေမှာပေါ့၊ ခံပြင်းအောင့်သက်နေမှာပေါ့။ ထန့်နှံ့နှင့် တွေးလိုက်တိုင်း ခံရခက်ဖြစ်နေမှာ သိပါသည်။

"သနပ်ခါးတုံးတောင် ဖုန်းဆက်ခေါ်ပေးရတယ်လို့"

သစ္စာနှလုံးသားကို ဆတ်ဆတ်ခါနာစေမည့် ကိစ္စမျိုးပါ။

ရွှေငုက သနပ်ခါးတုံးကို သစ္စာဖို့ပါ ပိုယူလာခဲ့မိတာပါ။

"စိတ်မကောင်းမဖြစ်ပါနဲ့ သစ္စာရယ်၊ နောက်တော့ သစ္စာကို မေမေ ချစ်လာမှာပါ၊ မေမေက စိတ်ရင်းကောင်းပါတယ်"

သားညီက သစ္စာ မျက်နှာလေးပျက်နေတော့ ချက်ချင်းပဲ အားပေးနှစ်သိမ့်ပါသည်။ သူ့ချစ်သူကို ငုံ့ကြည့်ပြီး လက်ကလေး ဖျစ်ညှစ်ကာ နှစ်သိမ့်ယုယနေသည်။

သစ္စာကလည်း သားညီလုပ်မှပဲ မျက်ရည်တွေ ဝဲတက်ကာ ငိုတော့မလိုလို။

ရွှေငုက တစ်ဖက်လှည့်ပြီး ရင်ထဲမွန်းကျပ်လာ၏။

သူမ အပြစ်ကင်းရဲ့လား။

သားညီမိသားစု၏ ယုံကြည်မှုကို အလွဲသုံးစား ပြုနေမိ







www.burmeseclassic.com

www.burmeseclassic.com



သလား။

သူမ မှားယွင်းနေပြီလား။

တကယ်ဆို သားညီနှင့် သစ္စာကို ခုလိုမကူညီသင့်ပါ။

သူငယ်ချင်းနှစ်ယောက်အတွက်မို့ သူမ အနစ်နာခံကာ ကူညီမိတာပါ။

အန်တီမေမေတို့ဘက်က ကြည့်လျှင် သူမကို မုန်းစရာ နာကြည်းစရာ ဖြစ်ရောမည်။ ဒါကို တစ်နေ့နေ့သိသွားမှာ။ သိသွားလျှင်…

သူမ ဆက်မတွေးရဲပေ။

ထိတ်လန့်တကြားနှင့် ရင်တွေတလှပ်လှပ် ခုန်သွား၏။

သူမအပေါ် နွေးထွေးသော မျက်ဝန်းတစ်စုံကို မြင်ယောင်လာမိသည်။ အကြောက်ဆုံးက အဲသည် မျက်ဝန်းတစ်စုံကိုပါ။

အကြောင်းစုံသိလျှင် သူမကို ဘယ်လို ကြည့်လာလေမလဲ။

"သားညီ"

"ဟင်"

"ငါ တွေးတွေးပြီး အရမ်းကြောက်နေမိတယ် သိလား"





ရွှေငှအသံလေးက တုန်ခိုက်စွာ မပွင့်တပွင့်…

သစ္စာ့ခင်က ချက်ချင်းပဲ ရွှေငှဘေးရောက်လာကာ ပခုံးလေး ဖက်ထား၏။ သားညီကလည်း ကရုဏာသက်စွာ ကြည့်သည်။

"ငါတို့ ဘယ်အချိန်ထိ ဗိဗိရိရိရှိနိုင်မှာလဲ သားညီ"

သူမ မေးမိပါသည်။ အကြောက်ဆုံးအချိန်ကို တစ်နေ့နေ့ ရောက်လာမှာ မလွဲမသွေပါ။ ဒါကို သူမ သိပါသည်။

"ဘယ်လောက်အထိ ဒီလို လိမ်ညာထားလို့ ရမှာလဲ"

သားညီက ဆတ်ခနဲ ခေါင်းညိတ်သည်။

"ဟုတ်တယ်…မေမေက ငါ့ကို သိပ်မသက်ာချင်ဘူး"

တွေးတွေးဆဆပြောလာတော့ ရွှေငှရော သစ္စာပါ ငြိမ်သွားကြပါသည်။

မွေးနေ့ပွဲကိစ္စနှင့် ပတ်သက်ပြီး သစ္စာဆီ ဖုန်းဆက်မိတာ မေမေ မတော်တဆ ကြားသွားသဖြင့် သံသယဝင်ရာ သူ့အပေါ်ကို ဟိုမေး သည်မြန်း ဟိုဟာတား သည်ဟာတား လုပ်နေတာ သူပဲ သိသည်။

"တစ်ခုခုတော့ လုပ်မှဖြစ်မယ်ထင်တယ် သားညီ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"အန်တီမေမေတို့သာ သိသွားခဲ့ရင် သားညီရော ရွှေငုရော မလွယ်ဘူး"

ရွှေငုက လေသံသဲ့သဲ့ကလေး ရေရွတ်သည်။

"ငါတို့မှာ သူတို့ထက်ဦးတဲ့ အစီအစဉ်ရှိမှဖြစ်မယ်"

သားညီကလည်း သဘောပေါက်ပါသည်။

"မောင်…သစ္စာ မောင်နဲ့မခွဲနိုင်ဘူးနော်"

သစ္စာခင်က တုန်လှုပ်ချောက်ချားနေ၏။

"ရွှေငု"

"ဘာလဲ သစ္စာ"

"ဘယ်လိုကြောင့်မှ မောင်နဲ့နှင် လက်မထပ်ရဘူးနော်"

သစ္စာစကားကို သူမ ရယ်မိပါသည်။

"သစ္စာရယ်"

ရွှေငုရင်ထဲ သစ္စာကို အဆမတန်လည်း သနားမိပါ၏။

အန်တီမေမေက သစ္စာ့ကို ခါးခါးသီးသီး မဟုတ်လျှင် ဘယ်လောက်ကောင်းလိုက်မလဲ။

"စိတ်ချပါ သစ္စာ၊ ငါ ဘယ်လိုကြောင့်မှ သားညီကို





လက်မထပ်ပါဘူး၊ ဘယ်တော့မှလည်း မဖြစ်နိုင်ပါဘူး"

ရွှေငုက ခိုင်မာပြတ်သားစွာ ကတိပေး၏။

"ရွှေငုမှာလည်း ချစ်သူရှိနေကာပဲ"

နှုတ်ခမ်းလေးလှုပ်ရုံ ရွှေငု ဆိုမိပါသည်။

သားညီတို့က ဘယ်သူလဲဟု မမေးကြပါ။ ရွှေငုနှင့် အတွဲအများဆုံး သူငယ်ချင်း သီဟကိုပဲ ထင်လိုက်ကြပုံရသည်။

တိတ်တိတ်ကလေး ခိုးဝှက်ချစ်ရသူတစ်ယောက် ရွှေငုနှလုံးသားထဲရောက်နေတာ ဘယ်သူသိမှာလဲနော်။





www.burmeseclassic.com

www.burmeseclassic.com



(၉)

အောင်မင်းက သူအသစ်ထပ်ဖွင့်ထားသော စားသောက်ဆိုင်ကလေးကို ရောက်ဖူးအောင် လိုက်ခဲ့ပါဆိုတာကြောင့် သားကိုခေါ်လာရပါသည်။

ငါ မင်းကို ပြန်ပို့ပေးမှာပါဟုလည်း သူက တာဝန်ယူသည်။

စားသောက်ဆိုင်ကလေးက ကာရာအိုကေခန်းလေးလည်းပါတော့ ပိုပြီးအသက်ဝင်သည်။

အောင်မင်းက စီးပွားရေးဆို မျိုးစုံလုပ်သည်။ သားကိုလည်း အင်မတန် ရင်းနှီးပေမယ့် တွေ့တာကတော့ တစ်ခါတလေမှသာဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာ…ဆင်းလေ"

ဆီးရောင် မှန်ညိုညိုလေးတွေ တပ်ဆင်ထားသော 'မိနီ နီကိတ်ဘား'လေးက အထဲဝင်လိုက်သည်နှင့် အေးအေးမွေးမွေးလေး နှင့် သက်သောင့်သက်သာ ရှိလှပါသည်။

"ခုတလော ငါ ဒီဆိုင်ကလေးမှာပဲ အနေများတယ"

"ဟုတ်လား"

ဖွင့်ထားတာ မကြာသေးတော့ ပိုပြီး ဂရုစိုက်နေပုံရပါ သည်။

"သီးသန့်ခန်းလေးမှာ ထိုင်မလား သားကို"

"ရပါတယ်၊ ဒီမှာပဲ ထိုင်ရအောင်"

ကာရာအိုကေခန်းလေးက အတွင်းဘက်မှာ မှန်တံခါးခြား နေ၏။

"ဘာစားမလဲ၊ ဘာသောက်မလဲ"

အောင်မင်းက မေးပါသည်။

"ငါ့အကြိုက် မင်းသိသားပဲ"

"အိုကေ…ခဏစောင့်"

သားကိုကို ထားရစ်ကာ အောင်မင်း ပျောက်သွား၏။





သားကိုက တစ်ဦးတည်း ကျန်ရစ်တာမို့ ခုံနောက်မှီကို မှီချကာ သက်သောင့်သက်သာ ပြင်ထိုင်သည်။

ချိုသာငြိမ့်ညောင်းသော သီချင်းသံက ကာရာအိုကေ အခန်းလေးထဲက လွင့်ပျံလာ၏။ သားကို သတိမဲ့ဖြစ်ကာ ကိုယ် ကြီးမတ်သွားရသည်။

"လမင်းလေးလို ချစ်နေမှာ ×××

နိုင်မြဲသော အချစ်များနဲ့ ×××

'လမင်းချစ်သူ'သီချင်းလေးကို ဆိုနေသော ကောင်မလေး ဆီ ဇက်ကြီးလိမ်ကာ ပြူးပြဲကြည့်သည်။

မီးရောင်မှိန်မှိန်က သဲသဲကွဲကွဲ မြင်သာစေပါသည်။

"ဟင်"

သူ ထင်လိုက်သလိုပင်…

"ရွှေငုံ"

သူ တီးတိုးရေရွတ်မိသည်။

"ဘယ်တော့မှ ဖြစ်မလာလဲပဲ×××

မျှော်လင့်ချက်ကတော့ ရှိနေမှာ ×××"

သားကိုက သူမဘေးမှ ကောင်လေးကို စူးစိုက်ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူလဲ။ သူမနှင့် ဘယ်လိုပတ်သက်လဲ။ တကယ်ဆို သူ့ဘေးမှာ ရှိသင့်တာ သားညီပါ။

"ဟိုး အဝေးကြီးမှာ ×××
လှနေတဲ့ ကိုယ့်လမင်း ×××
တို့လက်လှမ်းလို့ မမီဘူး ×××"

အောင်မင်းက သူကြိုက်တာတွေ စုံစုံလင်လင်နှင့် သူ့ဆီ တရွေ့ရွေ့ လျှောက်လာ၏။

"ရပြီကွ၊ မင်းကြိုက်တာတွေချည်း စီမံခဲ့တယ်"

"အားနာစရာကွာ၊ မင်းကိုယ်တိုင် လုပ်ပေးရတာ"

"ကိစ္စမရှိပါဘူး"

သူ့ရှေ့မှာ အောင်မင်းက ဝင်ထိုင်သည်။

"ဒီအချိန် လူနည်းတယ်နော်"

"ဟုတ်တယ်"

သားကိုက ကာရာအိုကေအခန်းရှိရာ တစ်ချက်လှည့်ကြည့်သည်။

"အဲဒီလူနှစ်ယောက်က လာနေကျလား"

အောင်မင်းက ခါးကြီးဆန့်ကာ အထဲကိုလှမ်းကြည့်ပြီး





"ဪ...သီဟတို့လား"

ဟု မေး၏။

ကြည့်ရတာ ကောင်လေးက အောင်မင်းနှင့် သိကျွမ်းပုံရသည်။

"သီဟက အမြဲလာပါတယ်၊ သူငယ်ချင်းပဲ၊ ဟိုကောင်မလေးက တစ်ခါတလေမှ လိုက်လာတာပါ"

"ဪ"

သားကိုက ဆက်မမေးတော့ဘဲ အအေးတစ်ဖူးကို မော့လိုက်သည်။

"သီဟက အေးပါတယ်၊ ရှုပ်ရှုပ်ယှက်ယှက်မရှိဘူး"

"အင်း"

"ဘာလို့ မင်းကမေးတာလဲ"

အောင်မင်းက သူ့ကို မေးခွန်းပြန်ထုတ်သည်။ သူ မေးတာ ကို ဖြေပြီးပြီလေ။

သူ့အလှည့်ကျမှ မဖြေလို့လည်း မကောင်း။ ဘာမှမဟုတ် ပါဘူးဟုလည်း ပြီးစလွယ်မဖြေချင်ပါ။ သူငယ်ချင်း အရင်းကြီးတွေ နှင့် မောင်တာဆ တိုက်တိုက်ဆိုင်ဆိုင် ဆုံလာခဲ့လျှင် အောင်မင်း



www.burmeseclassic.com

www.burmeseclassic.com



လာအလည်နှင့် ရွှေငှနှင့် ဆုံခဲ့လျှင် သူဖုံးကွယ်ထားလည်း သိရင် သိသွားမှာ။

"အဲဒီကောင်မလေးကို သိလို့ပါ"

အောင်မင်းက သူ့ကို စေ့စေ့ကြည့်သည်။

"ဘယ်လိုသိတာလဲ"ဟု မျက်စပစ်မေးပါသည်။ သားကိုက ခေါင်းမော့ရယ်မိ၏။

အလကားနေရင်း သူအထင်ကြီး နေပြန်ပြီ။

"ငါနဲ့ ဘာမှမဆိုင်ပါဘူး"

"ထင်ပါတယ်၊ မင်းက အလုပ်ကိစ္စတွေပဲ ခေါင်းထဲရှိတာ ဒီလိုချစ်စရာ ကောင်မလေးနဲ့ ဘယ်လိုလုပ် ဆိုင်မှာလဲ"

အောင်မင်းက အကြောင်းသိသလိုဆို၏။

"ငါ့ညီနဲ့ သဘောတူထားတဲ့ ကောင်မလေးကွ၊ မင်း ငါတို့အိမ် အလာကျဲလို့ မတွေ့တာ၊ ပြီးတော့ မဆုံဖြစ်ကြလို့ ငါတို့ သားခြံကပဲ"

"ဟာ…ဟုတ်လား"

"ညီကောင်မလေးမို့ စိတ်ပူပြီး မေးမိတာပါ"

မခွဲင်းမချန် ပြောဖြစ်ပါသည်။





"မင်းညီနဲ့တော့ တစ်ခါမှ မလာဖူးပါဘူးကွ"

"အင်း…စဉ်းစားရကျပ်သားပဲ"

သားကိုက ခပ်ငေးငေးရှိသည်။ မေမေက ရွှေငှကိုဆို သမီး အငယ်ဆုံးလေးလိုချစ်ရှာတာ။ မေမေ့စေတနာနှင့် အကြင်နာ ထ ဘယ်သူမှ မီနိုင်မည်မထင်။ ရွှေငှ မေမေ့ကို သနားငဲ့ညှာဖို့ ကောင်းပါသည်။

သားညီကို သစ္စာမရှိဘူးပဲထား။ သူတို့မိသားစုရဲ့သိက္ခာ ကိုတော့ ထည့်တွေးသင့်ပါသည်။

သားညီကွယ်ရာမှာ သူမကို ခုလိုတွေ့လိုက်ရတာ အံ့ဩ မိပါသည်။ ဘယ်တုန်းကမှ သူမကို ကြောက်စရာကောင်းသော ကောင်မလေးဟု မထင်ခဲ့ပါ။ မေမေ့ရှေ့မှာဆို ယုန်ဖြူကလေးလို အဖြစ်ကင်းသည်။ သားညီရှေ့မှာဆို လိမ္မာသော ကြောင်မလေးလို သိမ်မွေ့လွန်းသည်။ တခြားလူတစ်ယောက်နှင့် တွဲမြင်လိုက်ရတာ ကိုယ့်မျက်စိပင် မှားရော့သလား ထင်ရသည်။ စိတ်ထဲ မယုံချင်ပါ။ လက်မခံချင်ပါ။

သူမ သည်လို 'ဓ'ရှိရေလသလား။

မဖြစ်နိုင်ပါ။ သူမမျက်လုံးလေးတွေက အပြစ်ကင်းလွန်း



www.burmeseclassic.com

www.burmeseclassic.com



သည်ပဲ။ သူငယ်ချင်းမိတ်ဆွေ ထင်ပါရဲ့။

ဘာပဲဖြစ်ဖြစ် သူ သက်ပြင်းမောရှိုက်မိပါသည်။

သားညီကို ပြန်ပြောပြသင့်ရဲ့လား။ သူမကို စော်ကားရာ မယုံကြည်ရာများ ဖြစ်နေမလား။

မေမေ့ကို ပြောပြရင်ကော··

လုံးဝကို မဖြစ်နိုင်ပါ။

မေမေက သူ့ကို ရှေ့မှာထားပြီး ချက်ချင်း ရွှေငှက်ကို ခေါ်ရှင်းပစ်မှာ။ မဟုတ်ခဲ့ရင် ရွှေငှက်ကို အားနာစရာ။

သူဘာလုပ်ရမလဲ။ ဘာလုပ်သင့်သလဲ။

သေချာတွေးကြည့်မှပဲ ခက်ခဲမှန်း သိလာ၏။

သူမြင်တာကို သူ့ရင်ထဲပဲ ထားသင့်သလား။ အဲဒီလိုလည်း သူ မနေနိုင်ပါ။ ဘဝင်မကျနှင့် စိတ်အနှောင့်အယှက် ဖြစ်နေမိမှာ။ သူက ဘာမဆို ရှင်းရှင်း သိချင်သူတစ်ယောက်။

ရွှေငှက်ကို မေးကြည့်လျှင်ကော···

သူမ အမှန်အတိုင်း ဖြေပါ့မလား။ သူ့ကိုကော ဘယ်လို ထင်သွားမလဲ။

သားညီဘက်က ပါလွန်းသူဟု ထင်ပြီး နောက်ဆို သတိ





ထားဆက်ဆံလာလျှင် မကောင်းပါ။

တစ်ဖက်သား လျှို့ဝှက်ထားတာကို ဖော်ရကောင်းလားဟု နာကျင်သွားမှာလည်း စိုးရသည်။ ဒါမျိုးက အရှိက်ထိစေသော ကိစ္စမျိုးပါ။ သူ ညင်သာစွာ ကိုင်တွယ်ဖြေရှင်းရမည်။ အလောတကြီး မဖြစ်သင့်ပါ။

သူမကို စောင့်ကြည့်အကဲခတ်ပြီးမှ···

တိကျရေရာမှပဲ သူတစ်ခုခု ဆုံးဖြတ်သင့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## (၁၀)

မီးပွိုင့်မှာ ကားရပ်တော့ သူ့သတိရကာ ကားအံလေးဖွင့်ပြီး အိမ်သော့ကိုရှာသည်။

ခြံသော့ရယ်၊ အိမ်သော့ရယ် သူ့မှာ တစ်စုံအမြဲရှိပါသည်။ အမေက ညနေကတည်းက ဖုန်းဆက်ထားတာ။ တစ်အိမ်လုံး အပြင်သွားကြမှာတဲ့။

"မေမေ့မိတ်ဆွေ ဒေါ်ခင်မမလေး၊ သားကြီး သိပါတယ်၊ သူတို့အိမ်မှာ ဘုရားပင့်မှာ အဲဒါ မေမေတို့ သွားကြမလို့၊ သားကြီး လိုက်ခဲ့လားကွယ်"ဟု မေမေက မေးခဲ့သေးသည်။

သူက အလုပ်ကိစ္စတစ်ခု အရေးကြီးနေ၍သာ မေမေတို့နှင့် လိုက်မသွားဖြစ်တာပါ။

ဟော...တွေ့ပါပြီ အိမ်သော့။ သော့ချိတ်က မီးခွက်ရုပ်



www.burmeseclassic.com

www.burmeseclassic.com



ကလေး ဟိုနေ့ကမှ သူ တမင်လဲထားခဲ့တာပါ။"

သူ ဖွဖွပြုံးမိရင်း ကားကို ဆက်မောင်းလာခဲ့ပါသည်။

"ဟိုက်"

လမ်းထဲဝင်လာပြီး ခြံရှေ့ ကားရပ်တော့မှ သတိထားမိသည်။ မီးတွေပျက်နေပါလား။

သူ ကားစက်ပြန်နှိုးသည်။ ကားကို ခြံရှေ့ဦးစိုက်ထားပြီးမှ ကားရှေ့မီးတွေဖွင့်ကာ ခြံတံခါး ဆင်းဖွင့်သည်။

ခြံတံခါးနှစ်ခုကို ဘေးတစ်ဖက်စီ တွန်းပစ်ကာ ကားထဲ ပြန်ဝင်လာပြီး ကားကို ခြံထဲသွင်းလိုက်၏။

ခြံတံခါးနှစ်ခုကို တစ်ခုစီ ပြန်ဆွဲပိတ်မလို့လုပ်တုန်း မီးချောင်းမှန်အိမ်လေးကိုင်ကာ တဖျပ်ဖျပ် လျှောက်လာသော အရိပ် သဏ္ဌာန်လေးတစ်ခုကို မြင်တာမို့ ခြေစုံရပ်နေမိသည်။

"မီးပျက်သွားတာ ခုလေးတင်၊ အန်တီမေမေတို့က ခြံထိပ် ကမီးရော တိုက်ထဲက မီးတွေပါ ဖွင့်ထားခဲ့တာ"

ချိုချိုလွင်လွင် စကားသံလေး။

ပြီးတော့ နှစ်သက်စဖွယ်ကောင်းလွန်းသော…

လုံးဝ မထင်မှတ်ပါဘဲ သူ မှတ်မှတ်မိမိရှိနေသော ရေမွှေးနံ့ ချိုချိုမွှေးမွှေးကလေး သူ့ကို စွဲအားကောင်းလွန်းသည်။ သူမဆီ





မှ ရနေကျ ရေမွှေးနံ့ကလေးက သူ့စိတ်ကို လက်ဆန်းစေပါသည်။

"ရော့လေ…မီးအိမ်လာပေးတာ"

လက်ထဲပွေ့ထားသော မီးအိမ်ကလေးကို သူ့ဆီ လှမ်းပေး၏။

"ကျေးဇူးပါပဲ"

"ရပါတယ် ကိုကိုရဲ့"

သူက လက်ကလေးနှစ်ဖက် တင်းတင်းပိုက်ကာ ပြန်ပြော၏။

"သားညီတို့နဲ့ လိုက်မသွားဘူးလား"

"ဟင့်အင်း…စာတွေကျက်စရာရှိလို့"

"အော်…ဟုတ်လား"

သားကိုနှင့် သူမကြားမှာ ပြောစရာ မရှိတော့သလို တိတ်ဆိတ်သွားသည်။

"ရွှေငုပြန်ရင် မှောင်နေမှာပေါ့"

သူမ မသိမသာ ပြုံးလိုက်တာ မီးအလင်းရောင်နှင့် သူမြင်ပါသည်။

"ခါတ်မီးလေး ပါသားပဲ"

ရွှေငု လက်ထဲက ခါတ်မီးပေါက်စနလေးက ချစ်စရာ



www.burmeseclassic.com

www.burmeseclassic.com



လေးပါ။ သူ့ကို မချိုမချဉ်လေး ကြည့်လိုက်ပုံကြောင့် သူ့မျက်နှာ နည်းနည်းပျက်ချင်သည်။

သားညီ ကောင်မလေးကို သည့်ထက် တည်ကြည်စေချင်တာ သူလောဘကြီးမိတာများလား။

သူမပုံစံလေးကို ဘဝင်မကျ ဖြစ်သွားမိပါသည်။

"သွားတော့မယ်နော် ကိုကို"

"အင်း"

သူ ဆတ်ခနဲ ခေါင်းညိတ်ပြဖြစ်ပြီး လှည့်မကြည့်မိတော့ပေ။

ရွှေငှ မင်းဟာ နားလည်ရခက်ပါလား။

စောစောက မင်းမျက်လုံးတွေက သိပ်ချိုလွန်းမနေဘူးလား။

သားညီရဲ့ အစ်ကိုကို မင်းမျက်လုံး လက်လက်ကလေးတွေနဲ့ အသက်ပါပါ မကြည့်သင့်ဘူးကွာ၊ မင်း မှားနေပြီ။

ရင်ထဲမှာ ဘယ်လိုမှ မနှစ်သက်လှပေမယ့် သူမ အကြည့်လေးကို အဲဒီညက တစ်ညလုံး ပြန်တွေးကြည့်နေမိသည်။

တစ်ခုခုတော့ လွဲချော်နေပြီ ထင်ပါရဲ့။

မီးပျက်နေတဲ့ ညမှောင်မှောင်မှာ မီးအိမ်အလင်းရောင်ပျပျ





နှင့် သူမနှလုံးသားကို လှစ်ခနဲ သူမြင်ခွင့်ရလိုက်ပါသည်။

သို့ပေမယ့် ဝမ်းသာရမည့်အစား ဝမ်းနည်းကြည့်နူးရမည့်အစား နာကျင်မိပါသည်။

သားညီကို ကံကောင်းလွန်းသူဟု အားကျငေးမောမှုပါသည်။ သူမကိုလည်း သားညီ ချစ်သူလေးအဖြစ် တန်ဖိုးထားမိပါသည်။ ခုတော့ သားညီလည်း သူထင်သလောက် မဟုတ်လှပါ။

ရွှေငှကိုတော့ အထင်သေးမိပါသည်။

သူ့အပေါ် နွေးထွေးတာကို ကြည်နူးလိုက်မိတာနှင့် တစ်ပြိုင်နက်တည်း ခါးသီးမှုတစ်မျိုးက လွှမ်းခြုံကာ သူ ခံပြင်းမိပါသည်။

ရွှေငှ ဘာလို့ ဒီလိုဖြစ်သွားတာလဲ။

ခေါင်းကြီးလွန်းစွာ စဉ်းစားမိပါသည်။

သူကော…သူကော သူမကို ဘယ်လိုမျက်လုံးတွေနှင့် သတိလက်လွှတ်ကြည့်မိပါလိမ့်။

"ကျွတ်"

သူ့စိတ်တွေ နောက်ကျိပူလောင်လာရပါသည်။





www.burmeseclassic.com

www.burmeseclassic.com



## (၁၁)

သူမနှင့်မေမေ စကားပြောနေတာတွေ့တော့ ညှိခန်းထဲ ဝင်လာသော သူ့ခြေလှမ်းတွေ တုံ့ခနဲရပ်သည်။ သူ အသာပြန်လှည့်သည်။

ရွှေငှနှင့် မျက်နှာချင်းမဆိုင်ချင်ပါ။ စကားလည်း မပြောချင်။ အတတ်နိုင်ဆုံး ခပ်ခွာခွာနေကြတာပဲ ကောင်းပါသည်။

သားညီနှင့်လည်း တစ်စုံတစ်ရာ ပြဿနာ မဖြစ်ချင်ပါ။ သားညီ မသက်သာစရာဖြစ်မှာမျိုး စိုးလှပါသည်။

ဒါဟာ သူ့ရဲ့ ကိုယ်ကျင့်တရား သိက္ခာတရားနှင့် ဆိုင်တာမို့ သူ ပြီးစလွယ်သဘောမထားနိုင်ပါ။

ရွှေငှက လျှောက်သွားသော ခြေလှမ်းတွေကို ငေးကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရင်း ရင်ထဲ တင်းကျပ်စွာ နာကျင်လာရပါသည်။

အထင်တသေး မကြည့်ပါနဲ့ ကိုကိုရယ်…

စွဲမုန်းစွာနဲ့လည်း မရှောင်ဖယ်ပါနဲ့။

သားညီနဲ့ ရွှေငှ မဆိုင်ဘူးနော်။ ဘာမှမဆိုင်ဘူး။

အမှန်ကို ရှင်းပြခွင့် ရွှေငှမှာ မရှိဘူး။

သူငယ်ချင်းနှစ်ယောက်အပေါ် ရွှေငှ သစ္စာရှိရမှာပါ။ နှုတ်လုံရမှာပါ။

ရွှေငှ ဘယ်လိုဖွင့်ပြောရမလဲ။

သားညီရဲ့ ချစ်သူက သစ္စာခင်ပါ။ ဒါကို ကိုကိုသိရင် ရွှေငှကို နားလည်သနားမှာလား။ ပိုပြီး မုန်းတီးသွားမှာလား။

မုန်းသွားမှာပါ ကိုကိုရယ်။

တစ်မိသားစုလုံးကို လှည့်စားရက်သူ မာယာများသူ ကောင်မလေးအဖြစ် ကိုကို အပြစ်မြင်သွားမှာပါ။ တစ်စိမ့်စိမ့် နာကျင်သွားမှာပါ။

ရွှေငှ သိနှင့်ပြီးသားပါ ကိုကို။

ပြီးတော့ ကိုကို့ကို ရွှေငှ အထင်ကြီးလေးစားမိပါတယ်။

သားညီ ကောင်မလေးမို့ ကိုကို အနေတည်ပြခဲ့တာ နား





လည်တော့ ရွှေငှ ဘယ်လိုဖြေရမှန်း မသိအောင် ကြေကွဲလွန်းပါတယ်။

သစ္စာခင်နဲ့ သားညီက ရွှေငှ သူငယ်ချင်းတွေဆိုတော့ သူတို့အခက်အခဲကို ရွှေငှ မကြည့်ရက်ပါဘူး။

ရွှေငှဘက်က ကြည့်တော့လည်း ဒါဟာ သိပ်ကြီးလေးတဲ့ အပြစ်မဟုတ်သလိုဘဲ ကိုကို။

ကိုကို ခွင့်လွှတ်နိုင်မှာ မဟုတ်ပါဘူး။

ရွှေငှက တွေးမိပြီး တစ်စိမ့်စိမ့် ကြောက်လန့်လာမိပါသည်။

သားညီရဲ့အစ်ကိုကို တွေ့မှပဲ သူမနှလုံးသားလေး နူးညံ့စွာ လှုးလွန့်ပွင့်ဖွေးလာခဲ့ရတာပါ။

ကိုကို့ကို ရွှေငှ ချစ်နေမိသလားပဲ။

"သမီး"

"ရှင်"

အန်တီမေမေက ခေါ်လိုက်တော့ သူမ လန့်သွားမိပါသည်။ မျက်လုံးလေးပြူးကာ မော့်ကြည့်မိသည်။

သားကြီး ထွက်လာပြီး ဖြန့်လှည့်ဝင်သွားတာလည်း ဘိသည်။ ရွှေငှ မျက်နှာလေး အားငယ်ကာ ငေးငေးကာသေး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတာလည်း သိသည်။

သားကြီးနှင့်ရွှေငှ ဘာများဖြစ်တာပါလိမ့်။

ရင်ထဲ ဟုန်းခနဲပူမိသည်။

"ရွှေငှ…ဘာဖြစ်လို့လဲ သမီး"

ဖြေလိုဖြေငြား မေးမိတာပါ။ ဖြေမှာမဟုတ်တာလည်း သိပါသည်။

"ဘာမှမဖြစ်ပါဘူး အန်တီမေမေ"

သူကလေး ခေါင်းယမ်းရှာသည်။ ဒါပေမယ့် သိတာက သိလိုက်ပါပြီ။

ရွှေငှက ပင့်သက်ကလေးရှိုက်၏။

"အန်တီမေမေ"

"ဘာလဲ…သမီးရဲ့ ပြော"

တစ်ခုခုပြောချင်ပုံရတာ၊ မော့ကြည့်ခေါ်လိုက်ပုံကလေးကို မြင်ရုံနှင့် သိပါသည်။

"သမီးမှာ အပြစ်တစ်ခုခုရှိခဲ့ရင် သမီးအရင်းလို သဘောထားပြီး ခွင့်လွှတ်မှာလား အန်တီမေမေ"

သူမစကားက ဆန်းကြယ်လွန်းလှပါလား။ သားညီ





မေမေ့အတွက် ပူပန်စိုးထိတ်စရာစကား။

"ဘာဖြစ်လို့လဲ သမီး"

ရွှေငှက ကလေးငယ်လေးလို ရယ်ပါသည်။ ပြီးမှ…

"အပြစ်တစ်ခုခုရှိရင် ဆူပါ၊ ရိုက်ပါ အန်တီမေမေ၊ ဒါပေမယ့် ရွှေငှကို ဘယ်တော့မှ စိတ်မနာပါနဲ့နော်၊ ပြီးတော့လေ ရွှေငှဘက်ကနေ တွေးပေးပါ၊ ကြည့်ပေးပါ၊ အန်တီမေမေ့ကို ရွှေငှ သိပ်ချစ်ပါတယ်၊ ရွှေငှမှာ မေမေနှစ်ယောက်ရှိသလို အားရှိပြည့်စုံလှပါတယ်၊ ဒါပေမယ့် ရွှေငှကို သူစိမ်းလိုသဘောထားပြီး ဘယ်တော့မှ ဥပေက္ခာမပြုရဘူး၊ မနာကြည်းရဘူး"

သူမကို အန်တီမေမေ ချစ်တာ အလိုလိုက်တာကိုလည်း နားလည်နေဟန်ဖြင့် အနိုင်ပိုင်းကာ အပြတ်မှာထားသည်။

"ဘာတွေလဲ သမီးရယ်"

ရွှေငှ တစ်ယောက်တည်း ပြုံးနေသည်။

"ပြောပါ အန်တီမေမေရဲ့၊ ဘယ်တော့ဖြစ်ဖြစ် ခွင့်လွှတ်ပါမယ်လို့၊ အပြစ်မယူပါဘူးလို့ ပြောလေ၊ ပြောနော်"

"ခွင့်မလွှတ်ပါဘူးအေ"

အန်တီမေမေ မျက်စောင်းကြီးဝင့်ကာ ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခွင့်မလွှတ်ပါဘူးအေ"ဟု ပြောလိုက်ပုံကြီးရယ်၊ မျက်နှာထားကြီးရယ်က 'ခွင့်လွှတ်မှာပေါ့'ဟု သူမ အဓိပ္ပာယ်ဖွင့် နားလည်လိုက်တာနဲ့ တခစ်ခစ်ရယ်ကာ ရင်ထဲ ပေါ့ပါးနေသာသွားရပါသည်။

ရွှေငှက်ကို အန်တီမေမေ စိတ်ဆိုးနာကြည်းသွားမှာ ကြောက်လှပါသည်။ ပိုပြီး ကြောက်ရွံ့မိတာက ကိုကို မုန်းသွားမှာကို…

ဘာကြောင့်မှ မမုန်းလိုက်ပါနဲ့ ကိုကိုရယ်…





# (၁၂)

မေမေ ဟင်းချက်နေတာမို့ သူက ထမင်းစားပွဲမှာ ကုလားထိုင်တစ်ခုဖြစ်ရင်း မေမေနှင့်လည်း စကားပြောနေမိပါသည်။

ပထမတော့ အလုပ်အကြောင်း၊ အိမ်အကြောင်း၊ ဖေဖေ့အကြောင်း၊ ကိုဆွေ့အကြောင်းပင် ပါလိုက်သေးသည်။

နောက်တော့မှ မေမေက မထင်မှတ်သော ထူးထူးဆန်းဆန်း မေးခွန်းတစ်ခု မေးလာခဲ့ပါသည်။

သူ့ အလွန်တရာ အံ့ဩမိသော မေးခွန်းပါပဲ။ သူ့အံ့ဩမှုကို ဟန်မဆောင်နိုင်စွာ မေမေလည်း တွေသွားခဲ့ပါသည်။

"သားညီနဲ့ ရွှေငှ ဘာဖြစ်ကြသလဲ"တဲ့။

သူ ခပ်အမ်းအမ်းဖြစ်သွားပြီး ရုတ်တရက် မဖြေနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူး မေမေ"

မေမေက ဟင်းအိုးမွှေနေရင်းက တစ်ချက်ပြုံးသည်။

"မေးလို့လဲ ရမှာမဟုတ်ပါဘူး"

"ဗျာ"

သားကို ဘာပြောရမှန်းပင် မသိတော့ပါ။ မေမေကဝ[illegible] ပါးနပ်လွန်းတာလား၊ သူတို့ကပဲ မဖိရိကြတာလား။ ဘာမဟုတ် တာလေးပင် မေမေ ရိပ်စားမိခဲ့ပြီ။

"သားကြီးကို မေမေ ပြောစရာရှိတယ်"

"ပြောပါ မေမေ"

မေမေက ဟင်းအိုးထဲ လိုအပ်သော ရေထည့်ကာ သူ့အား နား လာထိုင်သည်။

"ရွှေငုကို မေမေ မသက်ဘူး"

"ခင်ဗျာ"

သူတော့ သွားပြီးရင် အံ့သြရင်းပါပဲ။ သည်နေ့အ[illegible] အံ့သြ မှုတွေ ကုန်နိုင်ပါ့မလား။

ရွှေငုကို မေမေ့လောက်ယုံတာ မေမေပါ။ ခုတော့ ဘယ်ရှ[illegible] က ဘယ်လိုကြောင့် သံသယဝင်လာရသလဲ။ မေမေ ဘာတွေသိ[illegible]





ထား၊ ကြားထား၊ မြင်ထားခဲ့ပြီလဲ။

"အစက သားလေးကိုပဲ မေမေ သံသယရှိတယ်၊ ခုတော့ ရွှေငုကိုပါ မေမေ သံသယဝင်ရပြီ၊ သူတို့နှစ်ယောက်က ငယ်ငယ် လေးကတည်းက သူငယ်ချင်း၊ တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ် ကြတာ၊ ဟိုတစ်ယောက်နဲ့ဆိုလည်း ဒီလိုပဲ"

သစ္စာခင်ကို ဆိုလိုမှန်း သူသိပါသည်။

"နှစ်ယောက်ပေါင်းပြီး ညာမှာ မေမေ စိုးရိမ်လာတယ်၊ ဖုံးဖုံးဖိဖိလုပ်ထားရင် မေမေတို့ မလွယ်ဘူး၊ သစ္စာခင်နဲ့ သားလေး ကို မေမေ ဘယ်လိုမှ သဘောမတူနိုင်ဘူး သားကြီးရယ်"

မေမေက သူ့ကို ရင်ဖွင့်တိုင်ပင်ရှာသည်။

"ရွှေငုက မေမေ့လူပါ၊ မေမေ့ကို ဒီလောက်ချစ်တာ"

သူ အားပေးနှစ်သိမ့်မိ၏။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ လောလောဆယ် မေမေ့ကို စိတ်ချမ်းသာစေချင်ပါသည်။

"ဟုတ်ပါတယ်ကွယ်"

"သားညီနဲ့ ရွှေငုက ဘာဖြစ်နေလို့လဲ မေမေ၊ မေမေ ဘာသိထားလဲ၊ သား သိခွင့်ရမလား"

မေမေက ရွှေငု ပြောခဲ့သော စကားတွေကို သူ့အား



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောပြပါသည်။ သူ ငြိမ်သက်စွာ နားစွင့်နေမိပါသည်။ တစ်ခွန်းမှ ပြန်မပြောမိပေ။ သည်လိုဆိုပြန်တော့လည်း မေမေ သံသယဝင်သင့်သည်။

သူက သားညီတို့ကိစ္စကို သိအောင် ကြိုးစားပေးပါမည်ဟု မေမေ့အား ကတိပေးသော်လည်း မေမေက ထိုကိစ္စ မှန်သလားမှားသလား သိချင်ပုံမရဘဲ သားညီနှင့် ရွှေငုကို အမြန်ဆုံး စေ့စပ်ကြောင်းလမ်းဖို့ကိုပဲ အားသန်နေတာ။ သူ့ကိုပါ တိုက်တွန်းတောင်းဆိုပါသည်။

သူက တိုက်တွန်းလျှင်ကော အမြန်ဆုံးဖြစ်လာပါ့မလား သားညီက လက်ခံခေါင်းညိတ်ပါ့မလား။

တကယ်တမ်းကျတော့ သူတို့ နှစ်ယောက်တည်းနှင့်သာဆိုင်သောကိစ္စပါ။ သူက ဝင်စွက်၍ ဘယ်လိုမှမကောင်း။

သူတို့က စေ့စပ်ချင်ပါ့မလားဟု မေမေ့ကို သူမေးပေးရာ မေမေက ရှည်ရှည်ဝေးဝေး တွေးနေပုံမရတော့။

"မေမေ သူတို့ဆန္ဒ မယူချင်တော့ဘူး"

"ဟာ...ဘယ်ဟုတ်မလဲ မေမေ"

မေမေ ရွှတ်လုပ်လိုက်မှာလည်း သူ မလိုလားပါ။ သားညီနှင့် မေမေ မပြေမလည် ဖြစ်နိုင်သည်လေ။

"ညီ့ကို သား မေးကြည့်ပါ့မယ်၊ မေမေ သိပ်လည်း ခေါင်းရိမ်ပါနဲ့ စိတ်ချ၊ သား တာဝန်ယူပါတယ်၊ ညီ ရွှေငုကိုပဲ အမြန်ဆုံး လက်ထပ်ဖြစ်အောင် သား ပြောကြည့်ပါ့မယ်"

မေမေက သူ့ကို သေချာကြည့်ပြီး ခေါင်းညိတ်သည်။

ရွှေငုရေ...မင်း တော်တော် မွေ့လွန်းပါလား။

သူပင် အေးအေးဆေးဆေး မနေရတော့ဘဲ ဝင်ပါခဲ့ရလေပြီ။





ဝိုးမိုး ◈ တပေ

www.burmeseclassic.com

www.burmeseclassic.com



(၁၃)

နှင်းဆီပန်းစည်းကြီး တစ်ပွေ့တစ်ပိုက်နှင့် သားညီက ...ခေါင်းခါ ငြင်းဆန်ပါသည်။ သူ့ကို ဖြူးဖြူးပြုံးပြုံးကြည့်၏။ ရှုံ့ရှုံ့ ...ရှားရှား ဖြစ်လှသကာ…

“ဘာဆိုင်လဲဗျ”

ဟု ဂျစ်ကျကျဆိုပါသည်။

“မင်းတို့ တွဲနေတာ ကြာပြီဆို”

သူက လေသံပျော့နှင့် မေးတာပါ။

ဒါတောင် သားညီက ဒေါသကြီးသေးတာ။

“ဘာကိစ္စ အလော်တကြီး စေ့စပ်ရမှာလဲ၊ ဘာအခွင့်ဟယ် ...ထဲ မဟုတ်သေးပါဘူးဗျာ၊ မေမေက အစိုးရိမ်လွန်တယ်ပဲထား၊ ...ကိုကိုက ဘာဖြစ်ရပြန်တာလဲ၊ ညီ စိတ်ညစ်လာပြီ”



www.burmeseclassic.com

www.burmeseclassic.com



သားကိုက သက်ပြင်းရှိုက်သည်။

“ဒီပန်းစည်းက…”

“ရွှေငှဖို့၊ မနေ့က စိတ်ကောက်သွားလို့”

စိတ်မရှည်စွာဖြေပြီး သူ့ရှေ့က တလွှားလွှား လျှောက်သွားသည်။

သားကို ဘာတတ်နိုင်မှာလဲ။

သူ ရပ်ကြည့်ကျန်ရစ်ရပါသည်။

နှင်းဆီလှလှများက ရွှေငှကို ချော့ဖို့တဲ့လား။

ရွှေငှက နှင်းဆီပန်း ကြိုက်တတ်သလား။ သားညီက သူမစိတ်ကောက်လျှင် တရေးတယူ ချော့တတ်သလား။

ရွှေငှရော သားညီကိုဆို အလျှော့ပေးနေကျ၊ စိတ်ကောက်တာ ဟုတ်မှဟုတ်ရဲ့လား။

သားညီက ရွှေငှတို့ခြံဘက် လျှောက်သွားနေပါပြီ။

ခုလိုဆိုတော့လည်း မေမေ သံသယဖြစ်နေတာ ရယ်ချင်စရာပါ။

သူတို့ချင်း ပြေလည်နေသားပဲ။





(၁၄)

သားကိုက ကားကို ညင်သာစွာမောင်းရင်း အမှတ်တမဲ့ သစ္စာခင်တို့ခြံဘက် ငဲ့ကြည့်မိသောအခါ ကိုယ်ကြီးအင့်သွားပြီး အားဘရိတ်ကို နင်းလိုက်တာမို့ ကားက တုံ့ခနဲရပ်သွားပါသည်။

သစ္စာခင်က ခုတလော သိပ်ရေပန်းစားနေသော မော်ဒယ် ပေါ်ဝန်ညိုညို့ရှည်ရှည် ဖားဖားကလေးနှင့်…

သစ္စာခင်က ရွှေငှနှင့်ရပ်ပြီး ရယ်မော စကားဆိုနေကြသည်။ ဒါက ဘာမှမဆန်းပါ။ သူတို့ချင်းက သိပ်ခင်ကြတာပဲလေ။

ထူးဆန်းလွန်းတာက လိမ္မော်ရောင် စက္ကူပါးလှလှနှင့် ခြုံကြိုးနီနီရဲရဲ စည်းနှောင်ကာ ဝင့်ဝင့်ကြွားကြွား နှင်းဆီပန်းများ။

စောစောတုန်းကပဲ ညီ့လက်ထဲ တွေ့ခဲ့သော ပန်းစည်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေငှ စိတ်ကောက်နေ၍ သားညီက ပန်းစည်းပေးကာ ချော့မည်တဲ့။ အခုတော့ ဘယ်လိုဘယ်လို သစ္စာခင်လက်ထဲ ရောက်သွားပါလိမ့်။

သစ္စာခင်နှင့် ဘာမှမဆိုင်သော ပန်းစည်းပါ။

သားကိုက မျက်မှောင်ကုတ်ကုတ်နှင့် ကားကို ပြန်မောင်းထွက်သည်။ သူတို့မြင်သွားလျှင် မကောင်းပါ။ တမင်ရပ်ကြည့်နေသလို ဖြစ်သွားနိုင်ပါသည်။

ရွှေငှက ခါတိုင်းမြင်နေကျ ပုံစံလေးပါပဲ။ လက်ကလေး ပိုက်ပြီး ခေါင်းလေးမငုံ့တငုံ့နှင့် ဘာတစ်ခုမှ အပြစ်မလုပ်သလို အဖြူရောင်ပုံစံလေးပါပဲ။

သားညီက တယုတယပေးသော ပန်းစည်းကို သူမက သစ္စာခင်ကို သွားကြွားတာများလား။

နားလည်ရ ခက်ပါလား။

သားညီနှင့် ရွှေငှဟာ နားလည်ရခက်သော စုံတွဲကလေးပါ။

မေမေက ဘယ်လောက်ပဲ ခါးသီး ခါးသီး သစ္စာခင့်ကို နှစ်ယောက်စလုံး မပစ်ပယ်ရက်ဘဲ တတွဲတွဲရှိနေကြတုန်း။

"သစ္စာ"





"ဟင်"

"သားညီက ဂျိုကျနေတာဟဲ့၊ ခေါ်လိုက်ပါဟာ၊ မထူးပါဘူး၊ သစ္စာလည်း တကယ်မခေါ်ဘဲ နေနိုင်တာမှမဟုတ်ဘဲ၊ မှုမနေနဲ့တော့"

"ခေါ်ချင်သေးဘူး"

"သစ္စာနော်၊ ရှင်စိတ်ကောက်နေတာ အကြောင်းမဟုတ်ဘူး၊ ဟိုက ရွှေငှကိုပဲ လာလာခိုင်းနေတာ၊ တော်ပြီ ရှင်တို့နားမနေဘဲ ခရီးထွက်ရင်ကောင်းမယ်"

"ဟယ်...မလုပ်ပါနဲ့"

"ဒါဆို သားညီကိုပြန်ခေါ်"

"ခေါ်ပါ့မယ်"

ရွှေငှ နှုတ်ခမ်းလေးတွေ ပြုံးသွားသည်။

"သားညီ ရွှေငှတို့အိမ်ရောက်နေတယ်၊ သစ္စာ ဖုန်းဆက်လိုက်ပါလား"

"အင်း...ကောင်းတယ်"

သစ္စာခင်က ပေါ့ပါးစွာ ပြေးထွက်သွားသည်။

ခြံထဲမှာ ရွှေငှတစ်ယောက်တည်း ကျန်ရစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်လှမ်းချင်း တစ်လှမ်းချင်း မြက်ခင်းပေါ် လျှောက်ရင်း သူမ ငိုချင်လာမိပါသည်။

သူမရဲ့ ကူညီမှုအားလုံးဟာ သူမ ရင်ကွဲရဖို့ သက်သက်ပါ။ ဒါဟာ အန်တီမေမေအပေါ် လိမ်ညာဟန်ဆောင်နေခဲ့သော သူမကို ဘုရားက ဒဏ်ခတ်လိုက်တာများလား။

ခုတော့ သူမ မပျော်နိုင်တော့ပြီ။

သားကိုက သူမကို သားညီရည်းစားလေး မှတ်ကာ အဝေးဆုံးမှာနေဖို့ ဆုံးဖြတ်ထားခဲ့ပြီ။

သူမ နှစ်သက်မိသော 'လူတစ်ယောက်နှင့် ထိုင်စကားပြောခွင့်ပင် သူမ မရနိုင်တော့ပေ။

သားကိုနှင့် ရင်းနီးခွင့်ကို သူမ လက်လွှတ်ဆုံးရှုံးခဲ့ရပါပြီ။

ရွှေငုတို့ သားညီနှင့် မပတ်သက်မှန်း သိသွားလည်း နာကျင်မှုနှင့် အမှန်းသာ အဖတ်တင်ကျန်ရစ်မည်။ ထူးလာမှာ မဟုတ်။

သည့်အတွက် သူမရင်ထဲ လစ်ဟာကြေကွဲနေမိသည်။

သူမ မျှော်လင့်ချက်တွေ သေဆုံးသွားခဲ့ပြီလား။

သားညီချစ်သူပါဟု သိထားတာကမှ ပိုပြီးကောင်းဦးမည်။





သူမတို့ညာထားတာ ပေါ်သွားလျှင် သူမကို သားညီတို့တစ်အိမ်သားလုံး ခွင့်လွှတ်နိုင်ကြမှာ မဟုတ်ပေ။

ကိုကိုရယ်…

ရွှေငုအသည်းတွေ ကွဲကြေဖို့ ကံကိုက ဖန်လာတာပါ။

ရှေ့တိုးလို့လည်းမရ၊ နောက်ဆုတ်လို့လည်း မရ။

သည်အတိုင်း ဆက်နေလို့လည်း မရတော့တဲ့ အချိန်ပါ။

ရွှေငုက ဘာကိုဘွာခတ် ဖြတ်သိမ်းလို့ ရမှာတဲ့လဲ။

အားလုံးအမြင် အားလုံးအသိမှာ ရွှေငုက သားညီကောင်မလေးပဲလေ။

ဖြေရှင်းခွင့်ကလေးတောင် မရှိတဲ့ ရွှေငုကို စာနာတတ်တဲ့ နှလုံးသားနှင့် ခွင့်လွှတ်ပေးပါ ကိုကိုရယ်…

သူငယ်ချင်းအရင်းကြီးတွေမို့ ရွှေငု မလွှဲသာမရှောင်သာ ကူညီရတာပါ ကိုကိုရယ်၊ ကိုကိုတို့ မိသားစုအပေါ် လှည့်စားရက်စက်ချင်စိတ် အလျင်းမရှိခဲ့ပါဘူး ယုံပါ။



www.burmeseclassic.com

www.burmeseclassic.com



## (၁၅)

အန်တီမေမေ ခေါ်၍သာ သူမ ကမန်းကတန်း ရောက်လာခဲ့မိတာ စိတ်ထဲမှာတော့ တထင့်ထင့်နှင့်ပါ။

သူမကို ကောင်မလေးလွှတ်ပြီး အလျှင်စလို ခေါ်ခိုင်းတော့ သူမ စိုးရိမ်မိပါသည်။ အသစ်ရောက်လာသော ကောင်မလေးမို့ မေးရမြန်းရတာလည်း မလွယ်။

"ဘာကိစ္စရှိလို့ ခေါ်တာလဲဟင်"

"မသိပါဘူးရှင့်"

ရွှေငှ နုတ်ခမ်းလေး ဖိကိုက်မိပါသည်။ သားညီတို့အိမ်အကျ လျှောက်လာရပေမယ့် ရင်ခုန်နှုန်းက မြန်ဆန်နေခဲ့ပါသည်။

ဧည့်ခန်းမှာ လူစုံတကစုံ တွေ့လိုက်ရတော့ မျက်လုံးလေး



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းသွားရပါသည်။

သားညီတို့မေမေရော၊ သားကိုရော သားညီရော၊ အန်တီမေမေရော…

သူမ မျက်လွှာချမိပါသည်။ လက်ဖျားလေးတွေ အေးစက်သွားမိပါသည်။

"လာ…သမီး"

အန်တီမေမေက လှမ်းခေါ်ပါသည်။ သားညီကို မဝံ့မရဲ လှမ်းကြည့်မိသောအခါ ဂျစ်တစ်တစ်မျက်နှာလေးနှင့် တင်းမာနေသည်။

ဘာတွေဖြစ်ကုန်ပြီလဲ။

ရွှေငှ ကြောက်မိပါသည်။ သားညီနှင့် ဘာမှတိုင်ပင်ချိန်မရတော့။ တစ်ယောက်တစ်မျိုးစီ ပြောမိကြမှာ စိုးလှပါသည်။

"ထိုင်လေ သမီး"

"ဟုတ်"

ရွှေငှက သားညီဘေးမှာ ကျုံ့ကျုံ့ကလေး ဝင်ထိုင်သည်။ သားညီဘက် မျက်လုံးလေး ရွှေ့ကြည့်မိပါသည်။

သားညီမျက်နှာက ပုပ်သိုးသိုး၊ သူမကိုလည်း မကြည့်။





"ပြောစရာရှိလို့ သမီးရယ်"

အန်တီမေမေက ရွှေငှကိုကြည့်ပြီး ဆို၏။ အကဲခတ်နေသော မျက်လုံးတွေအောက်မှာ အနေရခက်လှပါသည်။

"သားနဲ့သမီးကို ဒီနှေညနေပဲ နှစ်ဖက်လူကြီးတွေနဲ့ စေ့စပ်ပေးချင်တယ်၊ သမီးက သမီးမိဘတွေကို ပြောလိုက်ပေတော့"

"ရှင်"

သူမအသံလေးက အလောတကြီး ခုန်ပေါက်ထွက်လာသည်။

"သိပ်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်နှစ်ယောက် ခေါ်လာမယ်၊ သမီးဖေဖေနဲ့ မေမေကို ပြောထားလေ၊ ဒါမှ စေ့စပ်ပြီးစီးခြင်း သတင်းစာထဲ ထည့်လို့ရမှာပေါ့"

အန်တီမေမေ့ စကားတွေကြောင့် သူမမျက်နှာလေး ဖွေးဆွတ်သွားရပြီး နှုတ်ခမ်းတွေပါ ဖြူလျော့သွားသည်။

သူမ ဘာပြန်ပြောရမလဲ။

အန်တီမေမေက သူမဆန္ဒကို မေးနေတာလည်းမဟုတ်ပါ။ ဆုံးဖြတ်ပြီးသားကို အသိပေးတာ။

သားညီက ပါးစပ်ကြီးပိတ်ပြီး ထိုင်နေလို့ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ရွှေငှ ချက်ချင်းပဲ စိတ်တိုကာ သားညီကို မျက်စောင်းရွယ်မိသည်။ တစ်ကိုယ်ကောင်းဆန်စွာ ဘောထွက်နေလိုက်တာ။

"သားလေးက ပြောတယ်၊ သမီးရွှေငှက ငြင်းနေတာတဲ့၊ သူက မေမေတို့ စိတ်တိုင်းကျ လက်ခံတယ်တဲ့ ဟုတ်လားသမီး"

ကြည့်စမ်း…သားညီ လုပ်ချလိုက်ပြန်ပြီ။ သူမကို ကျဉ်းထဲ ကျပ်ထဲရောက်အောင် တွန်းပို့ပြီး သူကျတော့ ရှောင်ထွက်နေလိုက်တာ။

ရွှေငှ နှုတ်ခမ်းလေးစူကာ မျက်လွှာချမိပါသည်။

"အန်တီမေမေ"

သူမအသံလေးက တိုးဖျော့လွန်းလှပါသည်။

"ရွှေငှကို သုံးရက်လောက် စဉ်းစားခွင့်ပေးပါနော်"

အန်တီမေမေက "သုံးရက် ဟုတ်လား"ဟု သေချာအောင် မေးပါသည်။

"ဟုတ်ကဲ့…အဲဒီနေ့ကျရင် စေ့စပ်ရက်ကို သမီးတို့ တိတိကျကျ ရွေးပြီးသား ဖြစ်ရပါစေမယ်"

အန်တီမေမေက ရွှေငှနှင့် သားညီကို စေ့စေ့ကြည့်ကာ…

"အဟုတ်နော်…မေမေ့ကို မလိမ့်တပတ် မလုပ်ရဘူးနော်၊





[illegible]စပ်ရက်ကိုလည်း အကြာကြီး အချိန်မဆွဲရဘူး"

"ဟုတ်ကဲ့ပါဗျ"

ခုမှပဲ သားညီ အသံထွက်လာတော့သည်။

"မေမေ့ဘက်က အပြတ်ပြောပြီးသားနော်၊ ဒီထက်အချိန်[illegible]ဆွဲနေရင် မင်းတို့ဆန္ဒကို ယူမနေတော့ဘူး"

အန်တီမေက အရင်ဦးဆုံး ဧည့်ခန်းထဲက ထွက်သွားပါသည်။

ရွှေငှက ခုမှ ဟင်းခနဲ သက်ပြင်းချသည်။

သားညီဖေဖေက သတင်းစာ ကောက်ယူကြည့်၏။

"လာဦး"

သားညီက ရွှေငှကို ဦးဆောင်ခေါ်ပါသည်။

ရွှေငှ သူ့နောက်မှ လိုက်လာရင်း မမီမကမ်း လှမ်းထု၏။

"တတ်လဲတတ်နိုင်တယ်နော်"

သူမ ရန်တွေ့မိပါသည်။ သားညီကို စိတ်လည်းပျက်သည်။ ဒေါသနှင့် မျက်ရည်တွေလည်း ဝဲတက်လာသည်။

"မငိုပါနဲ့ ရွှေငှရယ်"

"ငိုမယ်…ငိုမယ်၊ ငါ့ပဲလွှဲချ၊ နင်ကျတော့ ဘောထွက်နေ



www.burmeseclassic.com

www.burmeseclassic.com



သိလား၊ အားလုံး ငါပဲ ဖြေရှင်းရမှာလား"

ရွှေငှ ငိုတော့လည်း သားညီ မျက်နှာပျက်သည်။

"မဟုတ်ပါဘူးဟာ၊ ငါဘာလုပ်ရမှန်း မသိလို့ပါ"

ပျာပျာသလဲ ဖြေရှင်းတောင်းပန်သည်။

"ငါ ခေါင်းတွေထူပူပြီး စိတ်ရှုပ်သွားလို့ပါ၊ မေမေက နင်မို့လို့ အလျှော့ပေးလိုက်လျှောတာ၊ ငါ့ကို အပြတ်တင်းတာဟာ ဒီနေ့ဆို ဒီနေ့ပဲ၊ စေ့စပ်ရမယ်တဲ့၊ ငါ ပျာသွားတာပဲ"

ရွှေငှက မျက်ရည်တွေ သုတ်ပစ်ကာ သားညီကို မျက်စောင်းရွယ်သည်။ ဒေါသက မပြယ်ချင်သေးပါ။ အရမ်းလန့်သွားတာလည်း ပါသည်။

"သားညီ"

"ဟင်"

ရွှေငှက တိုးတိုးကလေးခေါ်ပြီး ခပ်ဝေးဝေးသို့ ငေးကြည့်နေသည်။

"ဒီလောက်လည်း မလန့်ပါနဲ့ဟာ၊ ငါဖြေရှင်းပါ့မယ်"

သားညီက ရွှေငှကို ကရုဏာသက်စွာ ဆိုသည်။

"ငါ ဒီလောက် အန္တရာယ်များတဲ့နေရာကို ရောက်နေမိ





ပါလားလို့ ဒီနေ့မှပဲ သိတော့တယ်၊ အားလုံး ငါ့ကို ဝိုင်းအပြစ်တင်မှာ၊ ငါမှားသွားပြီလား သားညီ၊ ငါ အရမ်းကြောက်လာမိတယ်၊ အန်တီမေမေတို့က ဖွင့်ဟလုပ်လာရင်ကော၊ ဖေဖေနဲ့ မေမေကလည်း ငါ့ကို အပြစ်တင်မှာပဲ၊ မဟုတ်ဘဲနဲ့ စေ့စပ်တာမျိုး ဘယ်တော့မှ အရောက်မခံဘူးနော်"

ရွှေငှ အရမ်းတုန်လှုပ်လာမိပါသည်။ သားညီက သွေးအေးနေတော့ သူမ ပိုပြီးထိတ်လန့်မိသည်။

ဘာပဲဖြစ်ဖြစ် သူမက မိန်းကလေး။ ပြီးတော့ သစ္စာခင်က သူမ သူငယ်ချင်း။

"သားညီ…ငါကူညီတာ အတိုင်းအတာ ရှိတယ်နော်၊ နင် ပေါ့ပေါ့ဆဆ သဘောမထားပါနဲ့၊ ငါနဲ့ စေ့စပ်ထားလဲ ဘာ အရေးလဲလို့ နင်မတွေးနဲ့နော်၊ ငါ့ကူညီမှုမှာ ငါ့အရှက်နဲ့ ဣန္ဒြေကိုတော့ အပွန်းအပဲ့ မခံနိုင်ဘူး"

"အေးပါဟာ…စေ့စပ်တာကို ငါကကော လက်ခံပါ့မလား"

ရွှေငှခေါင်းထဲ အတွေးပေါင်းစုံနှင့် ရှုပ်ထွေးနောက်ကျိကာ မူးဝေလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမစိတ်တွေ ယေ ှက်ယက်ခတ် ပြောင်းဆန်သွားမိ အကြောက်လွန်သွားမိပါသည်။ စိုးရိမ်စိတ်က အမြင့်ဆုံးရောက် သွား၏။

သူမဘက်မှာက ဘယ်သူမှမရှိ။ သူမက မှားယွင်းနေတာ

သား ညီနှင့် သစ္စာကလည်း သူတို့အတွက်ပဲ သူတို့ စဉ်းစားရွေးချယ်မှာ။ သူမကို ငဲ့ညှာဖို့ တွေးမိမှာမဟုတ်ပေ။ သူတို့ မှာက သူတို့ဓာနှင့်သူတို့။ ချစ်သူစုံတွဲတွေဟာ သည်လိုပါပဲ။

"ရွှေငုံ"

"ဟင်"

မျက်လုံးလေးမှိတ်ကာ ငြိမ်နေတော့ သားညီက စိုးရိမ်စွာ ခေါ်သည်။

"မူးတယ် သားညီ၊ အရမ်းမူးတယ်"

ရွှေငုံက သားညီကို လက်ကလေး ကမ်းပေးကာ ဆို၏။ သားညီက သူမကို ဖေးဖေးမမလေး တွဲထားလိုက်ပါသည်။

သားညီပခုံးထက်မှာ ခေါင်းလေးမှီချရင်း သူမအသက်ကို မှန်မှန်ရှူမိပါ၏။

"ငါ တစ်ခုခု စီစဉ်ပါ့မယ်၊ ဒီလောက် မစိုးရိမ်ပါနဲ့"





ရွှေငုံက သားညီကို မျက်လုံးလေးဖွင့်ကာ မော့်ကြည့်၏။

"ငါ နင့်သူငယ်ချင်း၊ နင်တို့အတွက် အနစ်နာခံပေးတယ် ဆိုတာလည်း မမေ့ပါနဲ့ဟာ၊ ငါစိတ်ကုန်သွားပြီ၊ ဒီအနေအထားကြီး ကို နင်ဆုံးဖြတ်ပါဦး၊ နင် တစ်ခုခုဆုံးဖြတ်တော့ဟာ၊ ကြာရင် ငါရူးသွားလိမ့်မယ် သားညီရယ်"

"အင်းပါ ရွှေငုံရာ၊ ငါ နင့်ကို ဒုက္ခမပေးချင်တော့ပါဘူး"

သားညီက သူမကို ပွေ့ထားလျက် ကတိပေး၏။

"တကယ်နော် သားညီ"

"အေးပါဟာ"

ရွှေငုံက ပင့်သက်ကလေး ရှိုက်သည်။

"ငါဘာလုပ်ရမလဲ ရွှေငုံ"

"ဩော်...ငါကပဲ အကြံပေးရဦးမှာလား"

သားညီက သူမ ရန်တွေ့ပုံကြောင့် ပြုံးသွား၏။

ထိုမြင်ကွင်းကိုကြည့်ပြီး လိုက်ကာစကိုဆွဲပိတ်ကာ အသက် ရှူကျပ်သွားရသူက သစ္စာခင်။

လုံးဝ တွေးမထင်ထားသော မြင်ကွင်းက မျက်စိရှေ့ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သားညီက ရွှေငုဝါကို ဖက်တွေးလို့။ ရွှေငုက သားညီ လက်ကိုဆုပ်ပြီး ပခုံးလေးမှီလို့။

"မဟုတ်ဘူး"

သစ္စာခင် ခေါင်းယမ်းမိပါသည်။

ဘယ့်လိုမှ မယုံကြည်နိုင်ပါ။ မြင်လိုက်ရတာကို လက်မခံချင်ပါ။

သားညီက သည်လိုလူစားလား။

ရွှေငုက သည်လိုမိန်းမစားလား။

ဟင့်အင်း...ဟုတ်ကိုမဟုတ်ဘူး။

သစ္စာခင် ပါးပေါ် မျက်ရည်တွေ စီးကျလို့လာသည်။

သားညီရယ် ရက်စက်လိုက်တာ။

ရွှေငုရယ် လုပ်ရက်လိုက်တာ။

သူမ နှုတ်ခမ်းတွေကို နာနာဖိကိုက်ထားမိပါသည်။

သူမအသည်းတွေ တစ်စစီပဲကြွေကျန်ပါပြီ။

သားညီနှင့်ရွှေငု တကယ်ပဲ ငြိတွယ်သွားပြီလား။

ချစ်သူတွေလိုဟန်ဆောင်ရင်း သူတို့ တကယ်ပဲ ချစ်သူတွေ ဖြစ်သွားကြပြီလား။





သစ္စာခင်ကတော့ သူငယ်ချင်းအရင်းကြီးတွေမို့ အရမ်းယုံထားခဲ့ပါသည်။

ခုလိုဖြစ်လာလိမ့်မည်ဟု မထင်ခဲ့ပါ။

သစ္စာ ဘာလုပ်ရမလဲ၊ သစ္စာ ဘာလုပ်သင့်သလဲ။

သူမရင်ထဲ မီးဟုန်းဟုန်း တောက်နေရပါပြီ။

သားညီနှင့် ရွှေငုကို နှစ်ဖက်မိဘတွေက သဘောတူထားကြတာ။

သစ္စာ ကျန့်ရစ်ခဲ့ရတော့မှာလား။ ရင်ကွဲခံရတော့မှာလား။

တစ်ချိန်လုံး သူမက သားညီကို ပိုင်ဆိုင်ရဖို့ မျှော်လင့်ထားမိတာ။

သားညီ မေမေ့ကို သူမ ခေါင်းမော့ရင်ဆိုင်ချင်ပါသည်။

သူမနှင့် သဘောမတူဘူးဟု ခါးခါးသီးသီး ငြင်းနေသော သားညီမေမေ့ကို သူမ မကျေနပ်ပါ။

သားညီမိန်းမအဖြစ် မော့မော့ကြွားကြွားကလေး နေပြချင်ပါသည်။ ဒါဟာ သူမရဲ့ မိန်းမသားမာန။

သူမကို မတူမတန်သလို လုပ်တော့ သူမ ရင်တွေ တဆစ်ဆစ်နာကျင်ခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သားညီကို သူမ ချစ်သည်။ လက်လွှတ်ဆုံးရှုံးမခံနိုင်ပါ။

ရွှေငုနှင့်သားညီ ခုလိုချစ်နေကြတာ သူမ မသိချင်ယောင်ဆောင်နေရမလား။ ရွှေငုကို ဖွင့်မေးပြီး သားညီကို ကျောခိုင်းပစ်ရမလား။

ဘယ်နည်းနှင့်မှ သားညီနှင့် မခွဲနိုင်ပါ။

သစ္စာကွယ်ရာမှာ သားညီ လုပ်ရက်လွန်းပါသည်။ ရွှေငုလည်း သူငယ်ချင်းကောင်း မပီသပါ။

သားညီနှင့် ရွှေငုကို သူမ မုန်းပါသည်။ အရမ်းကိုမုန်းလှသည်။ ခက်တာက သားညီနှင့် သူမ မခွဲချင်တာ၊ မခွဲနိုင်တာ။

ဘယ်နည်းနှင့်ဖြစ်ဖြစ် သားညီကို သူမ လက်ထပ်မည်။

သားညီဟာ သူမရဲ့ချစ်သူပါ။ သူမပဲ ပိုင်ဆိုင်ခွင့်လိုချင်သည်။

ရွှေငုကိုဆို သားညီမေမေက ဖူးဖူးမှုတ်ထားကာ သည်းသည်းလှုပ်ချစ်သည်။

အခုအချိန်မှာ သူမ လိမ္မာပါးနပ်ဖို့ လိုပါသည်။

ဝုန်းဒိုင်းကြဲဖြေရှင်းပစ်လို့ မရနိုင်ပါ။

လိုက်ကာနောက်ကွယ်မှာရပ်ရင်း သူမ မျက်ရည်တွေကို





သုတ်ပစ်သည်။

ပြတင်းပေါက်ဘေးမှ သူမ ခွာမိသည်။ နောက်ထပ် သည်မြင်ကွင်းကို ကြည့်နိုင်စွမ်းအား မရှိတော့ပေ။

သစ္စာခင် မျက်လုံးတွေက အေးစက်ငြိမ်ကျ သေဆုံးနေသည်။

တင်းတင်းစေ့နေသော နှုတ်ခမ်းတွေက သေသပ်လှပသောအစီအစဉ်တွေကို တစ်ခုချင်း စဉ်းစားဆုံးဖြတ်နေပုံ။

ရွှေငု ရုတ်တရက် မူးဝေသွား၍ သားညီ တွဲထားရတာသစ္စာခင် ဘယ်လိုမှ မသိခဲ့ပါ။

သူမက အမြင်နှင့် ဆုံးဖြတ်ခဲ့ပါသည်။ သူမ ဆုံးဖြတ်ချက်က မှားယွင်းခဲ့သည်။

ရွှေငုက သားညီနှင့် ခပ်ခွာခွာရပ်ပြီး…

''သက်သာသွားပါပြီ''

ဟု ဆိုမိသည်။

ရှက်စိတ်နှင့် တစ်ချက်ရယ်မိသည်။

''မူးမေ့မလဲလိုက်ပါနဲ့ ကြီးတော်ရယ်၊ ငါ လန့်သွားတာပဲ၊ နင် ဒီလောက် စိတ်ဆင်းရဲနေရရင် ငါ သစ္စာခင်ကို လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ပါ့မယ်''

''တကယ်''

သူမက အံ့သြဝမ်းသာမှုနှင့် မျက်လုံးလေးတွေ တလက်လက် တောက်ပသွားတော့သည်။

''သစ္စာခင်ကို ငါခိုးပြေးရတော့မှာပေါ့၊ နင့်ကိုဆက်ပြီး မနိုပ်စက်ချင်တော့ပါဘူးဟာ''

ရွှေငုက ဝင်းဝင်းပပ ပြုံးနေသည်။

''ဒီအနေအထားကြီးကို ငါ စိတ်ကျဉ်းကျပ်လှပါပြီ''

ရွှေငုကို သားညီ စာနာနားလည်မိပါသည်။

သားကိုက လက်နှင့်အသာဖယ်ထားသော လိုက်ကာစ ပြာပြာကို အသာအယာ ပြန်ချထားလိုက်သည်။

သူ့ရင်ထဲမှာ တစ်မျိုးကြီး ဟာကျသွားတော့သည်။

သားညီက ရွှေငုကို တယုတယ ကြင်နာစွာ ပွေ့ပိုက်ထားတာ သူ့နှလုံးသားကို နာကျင်စေသလိုပါ။

အစတုန်းက သိထားခဲ့ပေမယ့် မြင်လိုက်ရတာနှင့်တော့ မတူနိုင်ပါ။ မေမေကသာ စိုးရိမ်နေတာ။

သူတို့က ချစ်သူအစစ်တွေပါ။





ရွှေငုမျက်နှာလေးက ဝင်းပလို့၊ မျက်လုံးလေးတွေက တလက်လက်၊ နှုတ်ခမ်းလေးတွေပင် မစေ့နိုင်။

သားကိုက ပြတင်းပေါက်မှခွာရင်း စားပွဲမှာ သွားထိုင်သည်။

သားညီက အေးတိအေးစက်နှင့် မတုန်မလှုပ်။

ရွှေငုကလည်း ဘာသိဘာသာ။ သူတို့ကို ချစ်သူတွေပါဟု ယုံရခက် အနေအထား။

''သားကြီး''

မေမေက သူ့ဘေးမှာ လာရပ်သည်။ ပြီးတော့ သူ့ကိုခေါ်သည်။

''ဗျာ''

''ပြတင်းပေါက်ကနေ ကြည့်ပါဦး''

''တွေ့ပါတယ် မေမေ''

မေမေက ကျေနပ်စွာပြုံးပြီး သူ့ရှေ့မှာ လာဝင်ထိုင်သည်။

ကြည့်ရတာ မေမေ စိတ်အေးသွားပုံ။

ဒါဟာ အဖြစ်သင့်ဆုံးပါပဲလေ။

သည့်လို သည်လိုတွေ ဖြစ်လာမှာပဲလို့ သိထားပါလျက်



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းကျတော့ သူ တုန်လှုပ်စွာ ကြေကွဲရပါသည်။

ရွှေငှရယ် ..

မင်းလေးနဲ့ ပတ်သက်ရင် ငါဘာလို့ ဂရုတစိုက်ဖြစ်နေရသလဲ။ ဘာလို့ ခံစားနေတတ်ရတာလဲ။

သားကိုက ရင်ထဲ မွန်းကျပ်လာတာမို့ ရေတစ်ခွက်ထသောက်သည်။ သူ့ရင်တွေ ခြောက်သွေ့စွာ ပူလောင်နေသည်။

"စေစပ်ရမှာ ဘာလို့ငြင်းနေကြမှန်း မသိဘူး"

မေမေက ပြုံးပြုံး ပြုံးပြုံး ရေရွတ်သည်။

"သားကြီး"

"ဗျာ...မေမေ"

"မေမေက သူတို့ကို အမြန်ဆုံးလက်ထပ်ပေးချင်ပြီကွယ်"

"ဖြစ်လာမှာပါ မေမေရာ"

သားကို မေမေ့ကို ထမင်းစားခန်းမှာ ထားရစ်ကာ ထွက်လာခဲ့ပါသည်။

ရွှေငှဟာ နားလည်ရခက်သော ကောင်မလေးပါလားဟု တွေးမိလာသည်။

သီဟနှင့် တရင်းတနှီး တွေ့ခဲ့ဖူးသည်။





သူ့ကိုလည်း တောက်ပရွှန်းလဲ့သော မျက်လုံးများနှင့် ငေးတွေးစွာ ကြည့်ဖူးသည်။

ခုတော့လည်း သားညီပခုံးမှာ ခေါင်းမှီရယ်မောလို့။

ဘယ်လိုနားလည်ရမလဲ ရွှေငှရယ်။





www.burmeseclassic.com

www.burmeseclassic.com



(၁၆)

မိုးတွေ ခပ်စိပ်စိပ် ရွာနေတာမို့ ကားရပ်ထားပြီး သူက ကားပေါ်မှာပဲ ထိုင်နေမိပါသည်။

ကားထဲမှာ ထီးပါမလာခဲ့ပါ။

စီးကရက်တစ်လိပ် မီးညှိသောက်ကာ မိုးနည်းနည်းစဲသွားအောင် စိတ်ရှည်ရှည် ထိုင်နေဖို့ တွေးမိပါသည်။

သူကသာ ကုမ္ပဏီရုံးခန်းရှေ့ ရောက်နေတာ။ သူ့ကားရောက်နေတာကို ဘယ်သူမှ မသိကြပါ။

ကိုဆွေကလည်း ဘာတွေ အလုပ်များနေသည်မသိ။ သူရောက်နေတာပင် မသိပါ။ ကားကူရှင်ကို မှီချရင်း သူ ငြိမ်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

ကားမှန်ကို လက်သည်းလေးနှင့် ဖွဖွခေါက်သံ ကြားရတော့ ဆတ်ခနဲ လှည့်ကြည့်မိစဉ်မှာ ကိုကိုဟု ခေါ်လိုက်သော နှုတ်ခမ်းဝိုင်းဝိုင်းလေးကို မြင်ရပါသည်။

ရွှေငှ…

ရိုန်းကုတ်(မိုးကာအင်္ကျီ) လိမ္မော်ရောင်တောက်တောက်ကလေးနှင့် ကျယ်ပြန့်ကြီးမားသော ထီးရှည်ကြီးတစ်ချောင်း ဆောင်းလို့။

မိုးကာ ခေါင်းစွပ်ကလေးနှင့် နုဖပ်နေသော မျက်နှာလေးက သူ့ကိုပြုံးကြည့်နေပါသည်။

သားကိုက ကားတံခါးဖွင့်ဆင်းကာ ထီးအရိပ်အောက် ဝင်ရပ်မိပါသည်။ သူနှစ်သက်သော ရေမွှေးနံ့ ယဉ်ယဉ်ကလေးကို ရှူရှိုက်မိ၏။

"ထီးမပါဘူးလား ကိုကို"

သူ ခေါင်းယမ်းပြမိကာ သူမကို မကြည့်မိအောင် အကြည့်လွှဲထားမိသည်။

"ရွှေငှ ဘယ်လာတာလဲ"





"ဒီလမ်းထဲမှာ ရွှေငှသူငယ်ချင်းတစ်ယောက် ရှိတယ်"

"ဟုတ်လား"

ရွှေငှက သူ့ကို ထီးပေး၏။

"ရော့…ကိုကို ယူသွားလိုက်လေ"

သားကို ခေါင်းခါပြမိသည်။

"ရပါကယ်၊ ရွှေငှ စိုမှာပေါ့ကွ"

"ရိုန်းကုတ်ပါတာပဲ ကိုကိုရဲ့ မစိုပါဘူး"

သူ မငြင်းတော့ဘဲ ယူမ်းယူလိုက်ပါသည်။

"ကျေးဇူးပါပဲကွာ"

"ကိစ္စမရှိပါဘူး ကိုကိုရယ်"

"သားညီ မပါဘူးလား၊ လိုက်မပို့ဘူးလား"

ရွှေငှက ခေါင်းလေး အသာယမ်းသည်။

"ရွှေငှက ဘာလို့ တစ်ယောက်တည်း လျှောက်သွားနေရတာလဲ"

"သားညီက စိတ်မရှည်ပါဘူး"

"ဘယ်ဟုတ်မလဲ"

သားကိုက သူမစကားကို လက်မခံပါ။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေငှ"

"ရှင်"

သူက ရွှေငှကို စေ့စေ့စိုက်စိုက် ကြည့်နေသည်။ သူမက သားကိုကို မျက်လွှာလေးလှန်ကြည့်သည်။

"ဒီနေ့ မေမေ့ကို ဘယ်နေ့စေ့စပ်မလဲ ဖြေရမှာနော်"

သားကိုစကားကြောင့် သူမ ဆတ်ခနဲ မျက်လွှာပြန်ချသွားသည်။

"ရွှေငှ စဉ်းစားရွေးထားပြီးပြီလား"

သူမက သူ့ကို ဆတ်ခနဲ ပြန်မော့ကြည့်သည်။ ပြီးမှ ခေါင်းညိတ်ပြ၏။

"မေမေ ဝမ်းသာသွားမှာ"

ရွှေငှက ခေါင်းကလေး ငုံ့သထက်ငုံ့သွားသည်။

"ဘယ်နေ့ စေ့စပ်ကြမှာလဲ"

သူမ သူ့ကို မော့မကြည့်ရဲပါ။

ရွှေငှ ရင်ကွဲနာကျင်အောင် မေးနေတာလား ကိုကို။

ဒါမှမဟုတ် နောင်တအကြီးအကျယ်ရအောင် နှိပ်စက်နေတာလား။





သားညီနဲ့ ရွှေငှ ဘာမှမဆိုင်ဘူးဆိုတာ ကိုကို သိများသွားပြီလား။ ရွှေငှ ရင်တွေတဆတ်ဆတ် တုန်လာ၏။

"ရွှေငှ သွားတော့မယ်"

မပွင့်တပွင့် နှုတ်ဆက်ကျော်ခိုင်းကာ ခြေလှမ်းစပေမယ့် ကိုကိုက သူမလက်ကောက်ဝတ်လေးကို ဖမ်းဆုပ်တားဆီးလိုက်၏။

"ကိုကိုသိချင်လို့ပါ၊ ပြောခဲ့ပါ"

ရွှေငှက ဇက်ကလေးလိမ်ပြီး သူ့ကို ပြန်ငဲ့ကြည့်သည်။

"ရှေ့လဆယ့်ငါးရက်နေ့ကို သားညီက ရွေးထားပါတယ် ကိုကို"

တစ်ခွန်းချင်းပြောပြီး သူမက ရှေ့ကိုပြန်လှည့်သည်။

သားကိုက သူမလက်ကို လွှတ်ပေးလိုက်၏။

ရွှေငှ ရင်ထဲဘာမှမရှိတော့သလို လစ်ဟာဟာ လူကသစ်ရွက်ခြောက်ကလေးလို လေထဲလွင့်ပါးသွားသည့်နှယ်။

တစ်သက်လုံး ဝေးသွားကြတော့မယ် ကိုကို။

ဘယ်တုန်းကမှ မနီးခဲ့ကြပါဘူး။ ဒါပေမယ့် ဝေးသွားမှာကို ရွှေငှ သေမလောက် ကြောက်နေဖြစ်ပါတယ်ကွယ်။

"ဆယ့်ငါးရက်နေ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

သူမ ကျောပေးထားရင်း ဖြေပါသည်။

"ကိုကို ဝမ်းသာပါတယ်"

ရွှေငှက သူ့စကားကြောင့် ဆတ်ခနဲ တုန်သွားမိသည်။

သူမကို တမင်နှိပ်စက်နေသလို ခံစားရပါသည်။

ရွဲ့ပြီးပြောတာများလား ကိုကို၊ ရွှေငှက်ကိုမုန်းလို့ ပြောလိုက်တာလား။

ရွှေငှ နှလုံးသားတွေ ဖွဖွကြေကုန်ပါပြီ ကိုကိုရယ်။

ရွှေငှ ဘယ်လိုဖြေရမလဲ။





(၁၇)

သားကိုက စာကြည့်မီးချောင်းကို ပိတ်ပြီး ခုတင်ပေါ် အသာလှဲချ၏။

သည်နေ့ သူ တော်တော်ပင်ပန်းသွားတာမို့ မျက်လုံးအစုံကရော၊ လူတစ်ကိုယ်လုံးပါ အိပ်စက်အနားယူဖို့ အပြင်းအထန် တောင်းဆိုနေကြပါပြီ။

"အား"

အပျင်းတစ်ချက်ဆန့်ရင်း ခေါင်းအုံးကို ရင်ဘတ်ပေါ် ဖွင့်ထားမိသည်။

"နှစ်ကိုယ်တူဝေးတဲ့ အချိန်လေးများကို ×××

မပြေနိုင် အလွမ်းများငြိတွယ်ဆဲ ××××



www.burmeseclassic.com

www.burmeseclassic.com



သိပ်မြတ်နိုးတဲ့ နှောင်ကြိုးလေးအတွက် ×××

ဖြေသိမ့်စရာလည်း မတွေ့နိုင်"

ညက်ပြီး ပီသသော သားညီ သီချင်းသံကို သူ ကြားမိပါသည်။

သားညီ မအိပ်သေးဘဲ သီချင်းသံက ခြံထဲက လွင့်လာပုံရသည်။

ခြံထဲဆင်းပြီး ဂီတာတီးတာက သားညီအကျင့်ပါပဲ။

"နွေကန္တာခရီး ×××

ဘယ်အထိဆက်ပြီး ×××

သွားရမှာလဲ ×××

ကျွမ်းခုကြီး အသည်း"

သားညီက ထူးဆန်းစွာ ခံစားမှုပါသော သီချင်းလေးကို ဆိုနေပါရောလား။

မနေ့တုန်းကပင် သူတို့ စေ့စပ်ကြဖို့ သဘောတူ ရက်ရွေးခဲ့ပြီးပြီ။

မေမေ့ကိုရော တစ်အိမ်သားလုံးကိုပါ ရှေ့လဆယ့်ငါးရက်နေ့ စေ့စပ်ဖို့ သဘောတူစွာ ကြေညာခဲ့ပြီးသား။





ခုလို အချိန်မျိုးမှာ သားညီ ဆိုရမှာ အပျော်သီချင်း အမြူးသီချင်း။ မဟုတ်သေးပါဘူး ညီရာ။

သားညီကိုကြည့်ရတာ ပျော်ရွှင်နေပုံမရပါ။

ရွှေငှကော ဘယ်လိုနေလေသလဲ။

သူ ချက်ချင်းတွေးမိသည်။

"ဆုံနိုင်ခွင့်လေး တမ်းတမိတယ် ×××

ဘယ်တော့လဲ ×××

ရင်မောစွာ အလွမ်းရက်ဆက်လို့ ×××

မဆုံးအောင်ပဲ"

"ဟင်"

ရွှေငှ အသံလွင်လွင်ချိုချိုကလေးကြောင့် သူ ရုတ်တရက် ထထိုင်မိသည်။

သားညီနှင့် ရွှေငှတို့ အတူရှိနေကြသလား။

ပြတင်းပေါက်ဘေး လျှောက်သွားကာ လိုက်ကာဖယ်ပြီး ခြံထဲကြည့်မိ၏။ ခြံထိပ်က ကုန်းမြင့်မြင့်လေးပေါ်မှာ သားညီက ဂီတာတီးနေပြီး သူမက မြေနိမ့်ပိုင်းလေးမှာ ထိုင်ပြီး သီချင်းဆိုနေကြတာ။



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်သောညမှာ သူတို့အသံလေးတွေက သိပ်ကို နားထောင်ကောင်းစေပါသည်။

"ဆုံနိုင်ခွင့်လေး တမ်းတမိတယ် ×××

ဘယ်တော့လဲ ×××

ရင်မောစွာ အလွမ်းရက်ဆက်လို့ ×××

မဆုံးအောင်ဘဲ ×××

ဆန္ဒလေးသိမ်ငယ် ×××

တို့ဆုတောင်းလေးများ ×××

ဘယ်မှာပြည့်မလဲ ×××

ရင်မောစွာ ×××

မင်းမေ့သွားမှာစိုးတယ် ×××"

ဆွဲအားပါသော အသံစေးစေးထန်းထန်းလေးက သူ့ရင်ထဲအရောက် ထွင်းဖောက်လာသလို ရှိချေသည်။

သူမ နှလုံးသားလေး ကျေနပ်ပျော်ရွှင်နေပုံ မရပါလား။

သားညီနှင့် စေ့စပ်ရမှာ သူမ မပျော်ဘူးလား။

သူမစိတ်တွေ ဘယ်သူ့ဆီ ရောက်နေသလဲ။ သီဟဆီကို လား။ သားညီကို ဘေးနားထားပြီး သီဟကို သူမ တမ်းတကြေကွဲ





နေသလား။

"နောက်ဆုံးမှာ ×××

မင်းမေ့သွားမှာကို စိုးတယ်"

သားညီရော သူမပါ ခံစားမှုနက်နက်နှင့် အပီအပြင်ဆိုနေကြပါရောလားဟု သူ တွေးမိလာသည်။

တကယ်ဆို သည်လိုအချိန် သည်လိုအနေအထားမျိုးမှာ သူတို့ ခုလိုမဖြစ်သင့်ပါ။

တစ်ခုခုတော့ မှားနေခဲ့ပြီ။

တစ်စုံတစ်ရာ တိတိကျကျ လွဲချော်နေပြီ။

သားကို စိတ်ထဲခိုင်မာသွားသည်။

တစ်ယောက်တစ်နေရာစီထိုင်ပြီး ခံစားမှုပါသော သီချင်းလေးကို ရင်ကွဲနာကျသလို ဆိုနေကြသူနှစ်ဦးဟာ ရှေ့လဆယ့်ငါးရက်မှာ စေ့စပ်ကြမယ့် စုံတွဲကလေးတဲ့လား။

သူတို့ ချစ်သူစုံတွဲမှ ဟုတ်ရဲ့လားဟု မေးကြည့်ရမလိုလို။

သားကို သက်ပြင်းမောရှိုက်သည်။

သူတို့က ချစ်သူစုံတွဲ ဟုတ်ဟုတ် မဟုတ်ဟုတ် ပတ်ဝန်းကျင်က မိသားစု အသိုက်အဝန်းက အားလုံးက သူတို့ကို ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



စုံတွဲဟု အသိမှတ်ပြုခဲ့ပြီးပါပြီ။

သူတို့ ရုန်းထွက်မရအောင် ချည်နှောင်ထားခြင်း ခံခဲ့ရပါပြီ။ သားကိုက ခုတင်မှာ သွားပြန်ထိုင်သည်။

ဘယ်လိုပဲဖြစ်ဖြစ် သားညီနှင့် ရွှေငုံ လက်ထပ်ဖြစ်ကြမှာပါ။

သူ ကြိတ်မှိတ်ယုံမှတ်ရင်း ခေါင်းအုံးကို တင်းတင်းပိုက်ကာ အိပ်ပျော်ဖို့ပဲ ကြိုးစားရတော့သည်။

ဘယ်လိုအရာများက အိပ်ငိုက်နေသော သူ့ကို အိပ်မရဖြစ်အောင် နှိပ်စက်လိုက်သလဲ ဆိုတာ သူဘယ်တော့မှ မဆန်းစစ်ချင်သော အရာတစ်ခုပင် ဖြစ်တော့သည်။

"ငါက မိန်းမ မယူချင်သေးဘူး ရွှေငုံရ"

"ဘာရယ်"

ရွှေငုံက သားညီကို မျက်လုံးပြူးကြည့်သည်။

"ငါတကယ်ပြောတာ၊ မိန်းမယူလိုက်ရမှာ ငါ့ဘဝကို ငါ နှမြောနေမိတယ်၊ ပြီးတော့ လူပျိုဘဝနဲ့ လွတ်လပ်မှုတွေ ပျောက်ဆုံးကုန်မှာဟ"

"သေလိုက်ပါလား"





ကြားရတာ အမြင်ကတ်ချင်စရာ။

"မိန်းမ မယူချင်ရင် ရည်းစားမထားနဲ့ပေါ့"

"ဘာဆိုင်လဲဟ"

"ဆိုင်တာပေါ့၊ လူပျိုဘဝက လွတ်လပ်တယ်ထင်ရင် တစ်သက်လုံး လူပျိုကြီး လုပ်နေပါတော့လား"

သားညီ မျက်နှာကြီး ရှုံ့မဲ့သွားသည်။

"လော်လောဆယ် မယူချင်သေးတာကို ပြောတာ"

"အန့်တီမေမေက ယူစေချင်ပြီပဲ"

"မေမေက နင့်ကို အရမ်းချစ်လို့ ပြောတာဟ"

ရွှေငုံက မဲ့မဲ့ကလေး ပြုံးသည်။

"လုပ်မနေနဲ့၊ နင် သစ္စာကို အမြန်ဆုံး လက်ထပ်နော်၊ ဒါပဲ"

"အေးပါဟာ၊ ငါဆုံးဖြတ်ပြီးသားပဲ၊ ဒါပေမယ့် အိမ်ထောင်ကျပြီးတဲ့ ယောကျာ်း လူပျိုဘဝရဲ့ လွတ်လပ်မှုကို တမ်းတကြတယ်၊ ငါလည်း အဲဒီလိုဖြစ်မှာပဲ"

"ခုမှ တွေးရသလား သားညီ၊ နင်နော်…ဟွန်း"

ရွှေငုံက မကျေမနပ် မျက်စောင်းရှယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါစဉ်းစားလို့မရတာ တစ်ခုရှိတယ်"

"ဘာလဲ သားညီ"

"မေမေက နင့်ကို ဘာကြောင့် ဒီလောက်ချစ်သလဲဆိုတာ"

သားညီက ပြောရင်းဆိုရင်း ပြုံးစပ်စပ်ဖြစ်လာကာ...

"မေမေ ဒီလောက်ချစ်မှန်း သိရင်လဲ ငါအစကတည်းက..."

စကားကို တစ်ဝက်တစ်ပျက်ရပ်ကာ ရယ်နေသည်။

"ကောင်စုတ်...ကြည့်စမ်း၊ နင့်စကားက ဘာကြီးလဲ၊ ငါ ခဲလုံးနဲ့ ကောက်ပစ်မှာနော်၊ ဘာမှတ်သလဲ"

ရွှေငှက နှုတ်ခမ်းစူပြီး မတ်တတ်ရပ်လိုက်သည်။

"စိတ်ကောက်တာလား"

သားညီ လှမ်းမေးသည်။

"ငါသွားတော့မယ်"

"စိတ်ကောက်တာလားလို့"

သားညီ ထပ်မေးလာတော့ ရွှေငှ စိတ်မရှည်တော့ဘဲ...

"နင်က ငါစိတ်ကောက်စရာလူလား၊ နင့်ကို ငါက စိတ်





ကောက်စရာလားဟဲ့"

ဟု အော်မိတော့သည်။

"မသိဘူးလေ၊ နင်က ချက်ချင်းကြီး ထပြန်တော့"

"ငါအိပ်ချင်လာပြီ သားညီရဲ့"

"ဒါဆိုလဲ ကြွ...ကြွ"

ရွှေငှက သားညီကို အဝေးကနေ မျက်စောင်းလှမ်းရွယ်မိသေး၏။

အခန်းလေးထဲမှာ မီးချောင်းပိတ်ပြီး ပြတင်းပေါက်အောက်နားရပ်ကာ ကြည့်နေမိသူက သစ္စာခင်။

သူတို့ သိပ်ကို ရင်းနှီးနေကြပါရောလား။

သစ္စာခင်ရင်ထဲမှာ ချစ်သူကို သဝန်တိုစိတ်တွေ အဆမတန် လျှံတက်လာ၏။

ရွှေငှကို ခါးသီးစွာ နာကြည်းလာမိသည်။

သားညီနှင့် အရောတဝင်နေစရာ လိုကိုမလိုပါ။ ညဘက်ကြီး သားညီတို့ခြံထဲသွားကာ သီချင်းအတူတူ ဆိုရတယ်လို့။

ရွှေငှကို ချက်ချင်း ပြေးဆင်းတွေ့ကာ ပြောပစ်ချင်လှတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သစ္စာခင်က နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ထားမိ၏။

ဒေါသနှင့် ဝမ်းနည်းမှု ရောစပ်ကာ ရင်ထဲမွှေနှောက်နေသော ဝေဒနာကြီးက ဆိုးရွားလွန်းလှပါသည်။

ဘာတစ်ခုမှ ပေါက်ကွဲခွင့် မရဘဲ မျိုသိပ်ကြိတ်မှိတ်သည်းခံနေရသော အခြေအနေမှာ သူမ ရှုံးမတတ်ပါပဲ။

သားညီကို ချစ်လည်း ချစ်သည်။ နာလည်း နာသည်။

ရွှေငုကိုတော့ အစက အရမ်းခင်သည်။ ကျေးဇူးတင်မိသည်။ အခုတော့ သစ္စာခင်အပေါ် နင်းချေရက်သော အခွင့်အရေးကို မိမိရရ ဖမ်းဆုပ်ယူတတ်သော မိန်းမအဖြစ် တူးခါးနေအောင် နာကြည်းမိပါသည်။

သူတို့နှစ်ယောက် အခုလို မျက်နှာပြောင်တိုက်ဝံ့တာကို အံ့ဩမိသည်။ ဝမ်းနည်းမိသည်။ ယူကျုံးမရ ဖြစ်ရလွန်းပါသည်။ သူတို့နှစ်ယောက် သစ္စာခင်ကို သူငယ်ချင်းအရင်းကြီးဆိုတာ မေ့သွားကြပြီလား။

စည်းစောင့်ဖို့ ကောင်းပါတယ်နော်။

သူတို့နှစ်ယောက်ကို သစ္စာခင် အယုံအကြည်မဲ့သွားရပြီ။

အရမ်းလည်း စိတ်ထိခိုက်မိပါသည်။





သားညီက ရင်နှင့်မဆံ့အောင် ချစ်ရသူအချစ်ဦး။ ရွှေငုက ငယ်ငယ်လေးကတည်းက ညီအစ်မရင်းလို ချစ်ခဲ့ရသည့် သူငယ်ချင်း။

သစ္စာရင်ထဲ ဘယ်လောက် ပြင်းထန်စွာ ခံစားရသည်ဆိုတာ သားညီနှင့် ရွှေငုကို သိစေချင်လှသည်။





www.burmeseclassic.com

www.burmeseclassic.com



## (၁၈)

"ပေးပါဦး အန်တီမေမေရဲ့"

မေမေ့ဆီက နှင်းဆီပန်းစည်းကို ဆွဲယူပြီး ပန်းအိုးထိုးဖို့ ပြင်သော ရွှေငှ ကို သားကို မသိမသာ လှမ်းကြည့်ဖြစ်ပါသည်။

တီဗွီကို ကျော်လွန်ကာ ရောက်လာသော သူ့အကြည့် တစ်ချက်ကို ရွှေငှ သတိပြုမိပါသည်။

ရင်ထဲမှာလည်း လှပ်ခနဲ အေးသွားမိပါသည်။

နောက်ဆို တွေ့ခွင့်ရပါတော့မလား ကိုကို။

သူမရင်ထဲ လေးလံမွန်းကျပ်နေမိသည်။

သားညီနှင့်သစ္စာ လက်ထပ်လိုက်လျှင် အန်တီမေမေတို့က သူမအပေါ် အနည်းနှင့်အများ နာကျင်မျက်ရှသွားမှာ။ အဲသည်လို



www.burmeseclassic.com

www.burmeseclassic.com



သာဆို သူမအတွက် ကိုကိုနှင့်တွေ့ဖို့ အခွင့်အလမ်း နည်းသွားတော့မည်။

တဖြည်းဖြည်းနှင့် ဝေးရမယ့်ရက်တွေ နီးကပ်လာပါပြီ။

သားညီနှင့် သစ္စာခင်က လက်ထပ်ကြတော့မှာပါ။

အန်တီမေမေကို စေ့စပ်ဖို့ ကတိပေးထားသည့်ရက် မတိုင်ခင် သူတို့လက်ထပ်ကြမှာ။ ရွှေငုကလည်း သားညီကို တိုက်တွန်းနှိုးဆော်နေရသည်။

ကိုကို…

ရွှေငုက စိတ်ထဲက အကြိမ်ကြိမ်ခေါ်နေမိပါသည်။

အချိန်အားတိုင်း အန်တီမေမေဆီ ရောက်လာကာ အတူတူနေပေးမိပါ၏။ ကိုကို့ကိုမြင်နေရတာ ရွှေငု စိတ်ချမ်းမြေ့လှပါသည်။

ကိုကိုက အရမ်းအနေအေးသည်။ စာအုပ်ဖတ်လျှင် ဖတ်၊ မဖတ်လျှင် တီဗွီကြည့်၊ ဒါမှမဟုတ် ခြံထဲဆင်း လမ်းလျှောက်၊ တစ်ခါတလေ အလုပ်ကိစ္စတွေ ရှုပ်ထွေးနေလျှင် မျက်မှန်တစ်လက်တပ်ကာ မျက်မှောင်ခပ်ကုတ်ကုတ် ဖုန်းတစ်လုံးနှင့် စိတ်မရှည်သံအောအောကို ကြားရသည်။

တစ်ခါတလေတော့လည်း ကျယ်ဝန်းသော ထမင်းစား





ခန်းမှာ တစ်ဦးတည်းထိုင်ပြီး တိတ်တဆိတ် သောက်နေတတ်သည်။

ဘယ်လိုပဲဖြစ်ဖြစ် ကိုကိုက တအားကို အထင်ကြီးစရာကောင်းလှပါသည်။

သူမအပေါ် ကိုကို သိပ်လွှမ်းမိုးနိုင်စွမ်းရှိသည်။

ဒါတွေဟာ သိပ်မကြာခင် တစ်နေ့မှာ ပြီးဆုံးလွင့်ပြယ်သွားရမယ့် အရာတွေပါ။

ရွှေငု ရင်မဆံ့အောင် ခံစားနေရပါပြီ။

ပန်းအိုးလေးကို စားပွဲပေါ်မှာချကာ နှင်းဆီပန်းနီရဲရဲလေးတွေ ပန်းဆီရောင်ဖျော့ဖျော့ကလေးကို ကတ်ကြေးနှင့် လိုအပ်သလိုဖြတ်ရင်း ရွှေငု အလိုလို မျက်ရည်ဝဲလာမိပါသည်။

ကိုကိုကတော့ သားညီကောင်မလေးဆိုပြီး…

ရင်ထဲမှာ ဘယ်လိုကြီး ဆို့တက်ဝမ်းနည်းလာမှန်း မသိပါ။

မျက်လွှာလေးချကာ စက္ကူတစ်ရွက်ကိုခေါက်ပြီး ပန်းအိုးထဲထည့် ရေနည်းနည်းဖြည့်ကာ ဆူးတုံးကလေးပါ စက္ကူပေါ်တင်သည်။ ဆူးတုံးမြုပ်အောင် ရေဖြည့်ပြီးမှ မျက်ဝန်းအိမ်ထဲ ဝဲတက်နေသော မျက်ရည်စတွေကို မျက်တောင်မခတ် သိမ်းဆည်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုနှင့် တကယ်ဝေးသွားမှာ ရွှေငှ ကြောက်လန့်မိပါတယ်။ တီဗွီကြည့်နေသော ကိုကို့ကို လှမ်းကြည့်ကာ သူမ တွေးမိသည်။

"ရွှေငှ"

သားကိုက ခေါင်းကလေးငုံ့ကာ အေးတိအေးစက်နိုင်လွန်းသော ကောင်မလေးအနားကို လျှောက်သွားပြီး ထိုင်ချမိသည်။

"သားညီနဲ့ စိတ်ကောက်နေလား"

မျက်နှာကလေးပျက်ကာ ညှိုးညှိုးကလေး ရှိနေတော့ သူ အံ့ဩမိရင်း…

သူမအနား ရောက်သွားမိပါသည်။

"ရွှေငှ"

"ဟင်"

သူမက ဆတ်ခနဲ မျက်လွှာပင့်ကြည့်သည်။

"နေမကောင်းလို့လား"

နောက်တစ်ခု ခေါင်းထဲရောက်လာကာ မေးမိ၏။

သားညီက သူမနှင့်အပြိုင် စိတ်ကောက်ပြီး အခန်းထဲ အောင်းနေရော့သလားဟု တွေးမိလာပါသည်။





သူမက မေမေ့အနားမှာပဲ တစ်ချိန်လုံးရှိနေတာ။

"ဟင့်အင်း…နေကောင်းပါတယ်၊ သားညီနဲ့ ခေါ်ပါတယ်"

မပွင့်တပွင့်အသံလေးမှာ အစိမ့်ဟာယ်တစ်ခု ကပ်ပါနေသည်။ တစ်ခုခု လှို့ဝှက်ဖုံးကွယ်ထားတာ မျက်လုံးလေးတွေမှာ ပေါ်လွင်၏။

"ကိုကို ကော်ဖီသောက်မလားဟင်"

"ရွှေငှသောက်ရင် သောက်မယ်လေ"

"ရွှေငှ သွားဖျော်လာမယ်နော်"

"အင်း"

သားကိုရှေ့မှာ နေရတာ ကျဉ်းကျပ်လွန်းလှပါသည်။ အနေကျုံ့မိပါသည်။ သူမ သူ့အနားမှ အသာကလေး ထွက်လာခဲ့မိ၏။

စူးစူးစမ်းစမ်း ကြည့်နေတာ သိသည်။ သိလို့လည်း အနေခက်မိတာပါ။ ရွှေငှရဲ့စိတ်ကို ကိုကိုမြင်သွားရင် ရှုံ့ရှာအထင်သေးသွားမှာပါ။

သားညီကောင်မလေးလို့ ကိုကို သိထားတော့…



www.burmeseclassic.com

www.burmeseclassic.com



ရွှေငှ ပါးပြင်ပေါ် မျက်ရည်တွေစီးကျလာတာမို့ အထိတ်တလန့် သုတ်ပစ်မိ၏။ မျက်ရည်ကျတာ ဘယ်သူမှ မသိစေချင်ပါ။

ကော်ဖီနှစ်ခွက်ကို ဘယ်လိုဖျော်မိမှန်း ကိုယ်တိုင်မသိပေ။

ကိုကို့ရှေ့ ပြန်ရောက်လာတော့ ဟန်မပျက် ငြိမ်နေမိပါသည်။

"သားညီက ဘာဖြစ်နေတာလဲ"

"ရပါတယ်၊ ရွှေငှလည်း ပန်းအိုးထိုးနေတာပဲ"

"ဘာလဲ၊ စကားများထားလား"

"မဟုတ်ပါဘူး၊ ကိုကိုသောက်လေ"

သားကိုက ရွှေငှဝါကို နားမလည်နိုင်စွာ ကြည့်မိသည်။ မသိမသာ မျက်နှာလေး လွှဲနေတာကိုလည်း သတိပြုမိ၏။

"ကိုကို ဘာခွေကြည့်နေတာလဲဟင်"

"တိုက်တဲနှစ် ဇာတ်လမ်းပါ၊ ရွှေငှ ကြည့်ပြီးပြီလား။ ကောင်းတယ်ကွ"

"အင်း"

"ကိုကို တစ်ခေါက် ပြန်ကြည့်နေတာ"

"ကိုကို ဘယ်မှမသွားဘူးလားဟင်"





"ဒီညလား"

ရွှေငှ ခေါင်းညိတ်မိပါသည်။

"ဘာလို့လဲ"

"ရွှေငှ အရမ်းပျင်းလို့ပါ"

သားကိုက သူမကို စေ့စေ့ကြည့်မိသည်။

"အပြင်ထွက်ပြီး မုန့်စားချင်လို့"

"သားညီက လိုက်မပို့ဘူးလား"

သူ့အမေးကို သူမ ဘယ်လိုဖြေရပါ့။

"ကိုကိုနဲ့သွားရင် သားညီက စိတ်ချပါတယ်"

သူက ဆတ်ခနဲ ခေါင်းညိတ်သည်။

"ကောင်းပါတယ်၊ သွားကြတာပေါ့"

ရွှေငှမျက်နှာလေးက လပြည့်ဝန်းလို ကြည်စင်တောက်ပသွား၏။

ချက်ချင်းပဲ စောစောတုန်းက ညှိုးငယ်မှုတွေ လွင့်ပျောက်တာ ဝင်းပစိုပြည်သွားသော သူမမျက်နှာလေးကို အံ့အားသင့်စွာ ငေးနေမိသည်။

သူနှင့်အပြင်ထွက် မုန့်စားရမှာ သူမ သည်လောက်ပျော်



www.burmeseclassic.com

www.burmeseclassic.com



ရှင် ကျေနပ်လိမ့်မည်ဟု မထင်ထားခဲ့ပါ။

မင်းလေးဟာ မယုံနိုင်စရာ ကောင်းလွန်းသူလေးပဲ။

ရွှန်းရွှန်းတောက်တောက် မျက်လုံးစိုစိုနက်နက်ကလေးများနှင့် ဆုံမိနိုက် ခဏတစ်ဖြုတ် တွယ်ငြိငြိမ်သက်သွားရသည်။

မင်း သားညီကို…

သားကို ဆက်ခနဲဖြစ်ကာ မျက်နှာကြီး တင်းမာခက်ထန်သွားရတော့သည်။ အမှတ်တမဲ့ နှစ်သက်မြတ်နိုးလိုက်မိတဲ့ ကောင်မလေးဟာ သစ္စာမဲ့တတ်ပြီး စည်းမရှိတဲ့ မိန်းကလေးများလား။

မင်းကို အဲသည်လို မဖြစ်စေချင်ဘူး ရွှေငှရယ်။

ကိုကို့ကို ဘာလို့ အဲသည်လို ကြည့်ရတာလဲ။

မင်း အဲသည်လို မကြည့်သင့်ပါဘူးကွာ။

သားကို ကော်ဖီခွက်ကို ကောက်ယူကာ ဝုန်းခနဲ ထထွက်လာမိ၏။

သူ့တစ်ကိုယ်လုံး ဒေါသတွေနှင့် ပူလောင်နေရသည်။ သူမကို လှည့်မကြည့်ချင်ပါ။

“ကိုကို”

သူမက သူ့ဆီ လျှောက်လာပြီး နောက်နားကျကျ





တစ်လှမ်းစာလောက်ခွာပြီး ရပ်၏။

“ညကျရင် ခုနစ်နာရီလောက်ပေါ့နော်၊ ရွှေငှ ခြံရှေ့ကပဲ စောင့်မယ်နော်”

သူမအသံလေးက စိတ်ပါလက်ပါ ဝမ်းသာအားရ။

“အင်း”

သူ လှည့်မကြည့်ဘဲ ခေါင်းညိတ်သည်။

ပြန်လျှောက်သွားသော သူမခြေသံဖွဖွကို ကြားရသည်။

တီဗွီရှေ့မှာ ပြန်ထိုင်ချကာ သူ့စိတ်တွေ အေးချမ်းတည်ငြိမ်လာအောင် ကြိုးစားမိပါသည်။

ရွှေငှ…မင်းကွာ။ မင်း ဘာလို့ သည်လို…





www.burmeseclassic.com

www.burmeseclassic.com



(၁၉)

ဂါဝန်ရှည်ရှည်ကလေးနှင့် ဝင်းမွတ်နေအောင်လှသော ကောင်မလေးကို ခြံရှေ့မှာ သူ အဆင်သင့်တွေ့ရပါသည်။

သူ ဖွဖွပြုံးမိရင်း ကားကို အရှိန်လျှော့သည်။

သူမက လက်ကလေးပိုက်ပြီး ရပ်ကြည့်နေ၏။

"ဆောရီး...ကိုကို ခုပဲပြန်လာတာကွ"

နေ့လယ်တုန်းက သူမနှင့် ပြောဆိုထားခဲ့တာ သူနောက်ကျသွားသည်မို့ တောင်းပန်မိပါသည်။

"ရပါတယ်"

"ခဏလေးစောင့် ချက်ချင်းပြန်ထွက်လာမယ်"

ရွှေငုက ခေါင်းညိတ်သည်။ နှုတ်ခမ်းမစူပါ။ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လေးလည်း ပုပ်သိုးမနေပေ။

သားကိုက အိမ်ကိုပြန်လာပြီး သားညီကို ရှာသည်။ သားညီက အပေါ်ထပ် ဝရန်တာမှာ ဒရင်းဘုက်ချပြီး အိပ်နေတာ။

"သားညီ"

"ဗျာ"

"ရွှေငှက မုန့်လိုက်ကျွေးတဲ့၊ မင်းပါလိုက်ခဲ့"

သားညီက ခေါင်းခါပြသည်။

"သူနဲ့ကျွန်တော် မခေါ်ဘူး၊ စကားများထားတယ်"

"ဟာ…မဟုတ်ကာ"

"တကယ် ကိုကို ယုံ"

သားညီက ဒူးနှစ်ချောင်းလှုပ်ကာ ခပ်အေးအေး။

"ပြန်မခေါ်ချင်သေးလို့ ဒီမှာ လာအိပ်နေတာ၊ ခြံရှေ့မှာ သူရပ်နေတာ တွေ့သားပဲ၊ ကျေးဇူးကိုကို၊ လိုက်သာလိုက်ပါ၊ သူဖွင်းနေပြီထင်တယ်၊ တခြားလူဆို ကျွန်တော် ပြဿနာရှာမှာစိုးလို့နေမှာ သွားချင်တဲ့နေရာ လိုက်ပို့လိုက်ပါ"

သားညီက အရယ်မျက်နှာနှင့် ရွှေငှက်ကို လှမ်းကြည့်ကာ ဆို၏။





"မင်းတို့ကွာ…ကလေးတွေလိုပဲ"

"ဟဲ…ဟဲ"

သားကိုက သားညီအနားမှ လှည့်ထွက်ဆင်းလာခဲ့သည်။

"ကိုကို"

ကားနှင့်ထွက်လာတော့ သူမက တိုးတိုးကလေးခေါ်သည်။

"သားညီကို ဘာသွားပြောတာလဲ"

အပေါ်ထပ်ဝရန်တာမှာ သားညီရှိနေတာ သူတက်သွားတာ အားလုံး သူမလည်း မြင်ပုံရပါသည်။

"ရွှေငှက်ကို လိုက်ပို့ဖို့ သွားပြောတာပါ"

"ဟွန်း…မလိုပါဘူး"

သူမက နှုတ်ခမ်းလေးမဲ့သည်။

"စိတ်ကောက်ပြိုင်နေကြတာလား"

"မုန်းဖို့ကောင်းပါတယ်"

သူမ ရှေ့ရွတ်ပုံလေးက ပလုတ်ပလောင်းနှင့် ချစ်စဖွယ် အတိ။

"ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"သားညီက အရမ်းဆိုးတယ်နော်"

"ရွှေငှ ပိုသိမှာပေါ့"

သူမက ရှက်အမ်းအမ်းလေးနှင့် ရယ်လိုက်သည်။

"ကိုကိုက အေးတယ်နော်"

"ဟုတ်လား"

သူမက သူ့အပေါ် ထင်မြင်ချက်ပေးလာ၏။

"ကိုကို့မှာ ရည်းစားမရှိဘူးနော်"

"ဘယ်သူပြောလဲ"

သူပြန်မေးမိပါသည်။

"ကြားမှ မကြားတာ"

"ရွှေငှက ဘယ်လိုလုပ်ပြီး အတိအကျ သိနိုင်မှာလဲ"

"အန်တီမေမေတို့ ကိုဒွေးတို့မှ မပြောဘဲ"

သားကို ရယ်မိပါသည်။

"သူတို့မသိတာကော မဖြစ်နိုင်ဘူးလား"

"အင်း…သိပ်မဖြစ်နိုင်ဘူး"

"ဘယ်ပြောလို့ရမလဲ၊ ရှိချင်ရှိမှာပေါ့"





"ရှိရင် သတင်းသဲ့သဲ့တော့ ကြားရမှာပါ"

"ကိုကိုက ပိရိရင်ကော"

ရွှေငှက သူ့ကို ဆတ်ခနဲ လှည့်ကြည့်လာ၏။

"ဟုတ်တာပဲနော်၊ ဘယ်ပြောနိုင်ပါ့မလဲ"

သားကို ပေါ့ပါးစွာ ရယ်မိပါသည်။

သူ တစ်ချိန်လုံး ရယ်နေမိပါလား။ သူ့စိတ်တွေ ပေါ့ပါး ကြည်လင်နေလိုက်တာ…

ဒါ ဘာကြောင့်လဲ။

"ကိုကိုက တစ်သက်လုံး အိမ်ထောင်မပြုတော့ဘူးလား ဟင်"

"အဟား…ဘာလို့ အဲဒီလို ထင်တာလဲ"

"မသိဘူးလေ၊ ကောင်မလေးတွေကို စိတ်မဝင်စား တာ"

"ဘယ်သူပြောလဲ၊ စိတ်မဝင်စားဘူးလို့"

"ဟွန့်…မဟုတ်လို့လား"

"ရွှေငှ ထင်လို့ပါ၊ စိတ်ဝင်စားပါတယ်"

ရွှေငှက ပါးဖောင်းဖောင်းလေး ရဲတက်လာအောင် ရွှေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဆောရီး...သားညီရဲ့အစ်ကိုပဲ လျှော့တွက်လို့ ဘယ်ရ

မလဲနော်"

"ဒါပေါ့"

ရွှေငှက ကက်ဆက်ဖွင့်ဖို့ ခွေရွေးနေ၏။

"ဘယ်သီချင်း ရှာတာလဲ"

"ဆုံနိုင်ခွင့်ပါ ကိုကို"

"အင်း...ဟိုတစ်ညက သားညီနဲ့ ဆိုခဲ့တာလား"

"ဟုတ်...ကိုကိုကြားတယ်"

"ကြားတာပေါ့"

"ဆယင်း"

ခေါင်းလေးငုံ့ကာ ရယ်လိုက်တော့ သူ့ရင်ထဲ တစ်မျိုးကြီး

ဖြစ်သွားရပါသည်။

"ရှိပါတယ် အဲဒီသီချင်းခွေ"

"အင်း...ဒီမှာတွေ့ပြီ"

ရွှေငှက အဲဒီ 'ဆုံနိုင်ခွင့်'သီချင်းလေးကို ဘာကြောင့်

ကြိုက်ရသလဲ။





"ဖွင့်မယ်နော်"

သူ ခေါင်းညိတ်ပြမိသည်။

သူမက ကားကူရှင်ကို မှီချ၏။

"နွေကန္တာရခရီး ဘယ်အထိဆက်ပြီး×××

သွားရမှာလဲ ×××

ကျွမ်းလှပြီအသည်း ×××

ဆုံနိုင်ခွင့်လေး တမ်းတမိတယ် ×××

ဘယ်တော့လဲ ×××

ရင်မောစွာ အလွမ်းရက်ဆက်လို့ ×××

မဆုံးအောင်ပဲ ×××"

သားကိုက သီချင်းသံကို တိုးပစ်လိုက်ပါသည်။

သူမက သူတစ်ခုခုပြောစရာရှိတာ သိလိုက်သလို မျက်နှာ

လေး ငဲ့စောင်းကြည့်သည်။

"သားညီနဲ့ စေ့စပ်ရမှာ ရွှေငှ စိတ်ညစ်နေလား"

သားကိုက ကားကိုရပ်ထားပြီး မေးလိုက်၏။

ရွှေငှက တော်တော်နှင့်မဖြေဘဲ သူ့ကို စူးစိုက်ကြည့်နေ

သည်။

သူမ မျက်လုံးတွေထဲမှာ ဝေဒနာအရိပ်တွေ မြင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အင်မတန် နာကျင်ခါးသက်နေသော ပုံစံလေး။

နောက်တော့မှ နှုတ်ခမ်းလေးတွေ လှုပ်ကာပြ၏။

''သားညီနဲ့စေ့စပ်ရတာ ပျော်ပါတယ်, ကိုကို''

သားကို ခုမှပဲ ပြုံးနိုင်တော့သည်။

''ရွှေငှ ညာတာတ်သလား''

''ရှင်''

''ညာပြောတာလားလို့ပါ''

''မညာပါဘူး ကိုကို''

ရွှေငှက ကိုကို့ကို နမြောလွန်းစွာ ကြည့်မိသည်။

ရွှေငှနှလုံးသားမှာ ပထမဆုံး ထင်ဟပ်လာတဲ့ ပုံရိပ်တ[illegible]ပါပဲ။

သိပ်ကိုတန်ဖိုးထား မက်မောမိပါတယ်။

ဒါပေမယ့်လည်း ဝေးသွားမယ်ဆိုတာ သိပြီးသားပါ။

''သားညီနဲ့ပတ်သက်ပြီး ကိုကိုနဲ့ မေမေက ရွှေငှအ[illegible]မှာ အမြဲရှိမှာပါ၊ ရပ်တည်ပေးမှာပါ''

''ဟုတ်ကဲ့…ကျေးဇူးတင်ပါတယ် ကိုကို''

အေးချမ်းတိတ်ဆိတ်ပြီး သာယာလွန်းတဲ့ ညကလေး[illegible] ချစ်သူနဲ့အတူ နှစ်ယောက်တည်း ကားလေးစီးပြီး လျှောက်သွား[illegible]





တာမျိုး ရွှေငှဘဝမှာ ပထမဆုံးအကြိမ် ကြုံဖူးပါပြီကိုကို။

သည်ညကလေးကို ရွှေငှနှလုံးသားမှာ ဘယ်တော့မှ မေ့ပျောက်လို့ရမယ် မထင်တော့ပါဘူး။

ကိုကို့ကို ရွှေငှ အသည်းနင့်အောင် ချစ်ရပါတယ်။

''ကိုကို''

''ဟင်''

''သားညီကို ကိုကိုချစ်လားဟင်''

''ချစ်တာပေါ့ ကိုယ့်ညီလေးပဲ''

''ရွှေငှနဲ့ကော သဘောတူရဲ့လား''

''အဟား…ဘာလို့မတူရမှာလဲ''

ရွှေငှ မေးပုံလေးက ချစ်စရာ၊ ဘယ်လိုလေးမှန်းကို မသိ။

''အားလုံးတူလို့ လိုက်တူတာလားဟင်''

''မဟုတ်ပါဘူး၊ ရွှေငှက လိမ္မာတယ်၊ ချစ်စရာကောင်းတယ်၊ သားညီ ကံကောင်းတယ်လို့ ကိုကို ထင်ပါတယ်''

သားကိုစကားက သူမကို ငိုင်တွေသွားစေသည်။

''ရွှေငှက သားညီအပေါ် အနွံတာခံတယ်၊ သည်းခံနိုင်စွမ်းရှိတယ်၊ တစ်မိသားစုလုံးနဲ့လည်း ပြေလည်တယ်၊ ဉာဏ်ပညာလည်း မြင့်မားပြည့်စုံတယ်၊ အသိုက်အဝန်းလည်း ကောင်းတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘာလိုသေးလဲကွ၊ ကိုကို ဂုဲယ်တိုင်တောင် သားညီလို အရွေး
တော်ပါ့မလား၊ ကံကောင်းပါ့မလားဆိုတာ တွေးနေမိတယ်''

''မြှောက်ကတ်လိုက်တာနော်''

''အမှန်တရားတွေပါကွ''

ရွှေငှက တခစ်ခစ်ရယ်နေမိသည်။

''ကိုကိုရွေးချယ်မယ့် ကောင်မလေးကို မေမေ ရွေး
လောက် ချစ်ပါ့မလား သဘောကျပါ့မလားလို့ စိုးရိမ်မိတယ်''

ရွှေငှ ရင်နင့်အောင် ပြောတတ်လိုက်တာ ကိုကိုရယ်။

ကိုကို့ ချီးမွမ်းစကားတွေက ရွှေငှကို သံကြိုးတွေကို ရုန်း
ရအောင် ချည်နှောင်တွယ်ငင်ထားပါပြီ။

ရွှေငှ ဘာလုပ်ရမလဲ ကိုကို။

''သားညီနဲ့ ရွှေငှကို ကိုကိုက လိုလိုလားလား သဘော
တူပါတယ်ကွာ၊ ကိုကိုတို့မိသားစုက ရွှေငှကို အမြဲကြိုဆိုပါတယ်''

ရွှေငှက ကားကူရှင်ကိုမှီချရင်း ပုံကျသွားရတော့သည်။
စကားတစ်ခွန်းမှ မဆိုနိုင်တော့ပေ။





(၂၀)

ရွှေငှက မျက်ရည်လေး တလည်လည်နှင့် သူငယ်ချင်း
နှစ်ယောက်ကို ငေးကြည့်နေသည်။

သူမနှုတ်ခမ်းအစုံက တင်းတင်းစေ့နေပေမယ့် မျက်လုံး
တွေက စကားပေါင်းများစွာ ဆိုနေပါသည်။

''ရော့...ကျေနပ်ပြီလား''

သားညီက လက်ထပ်စာချုပ်နှစ်ခုကို သူမဆီ လှမ်းပေး
ပြီး ပြုံးတုံ့တုံ့မေးသောအခါ သစ္စာခင်က ခေါင်းလေးငုံ့ပြီး ရှက်စနိုး
ပြုံးနေသည်။

''ကျေနပ်တာပေါ့''

ရွှေငှ မပွင့်တပွင့် ပြောမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…ရွှေငှ စိတ်ဘိုင်းကျ အားလုံးပြီးစီးသွားပြီ"

သားညီကို သူမ မော့ကြည့်ကာ ခေါင်းညိတ်ပြမိသည်။

"ကျေးဇူးတင်ပါတယ်ဟာ"

ရွှေငှက သစ္စာခင်လက်ထဲကို စာချုပ်တစ်ခု၊ သားညီလက်ထဲကို စာချုပ်တစ်ခု ထည့်ပေးလိုက်သည်။

သူ အတန်အသင့် စိတ်အေးသွားရပါပြီ။ ရင်ထဲမှာ တစ်ဝက်မက ပေါ့ပါးသွားရပြီ။

သားညီနှင့် သစ္စာခင် တရားဝင်လက်မှတ်ရေးထိုး လက်ထပ်လိုက်ကြပါပြီ။ အန်တီမေမေတို့သိလျှင် ဘယ်လိုနေလိမ့်မလဲ။

ရွှေငှ မျက်နှာလေး ရုတ်တရက် ညှိုးကျသွားသည်။

ခွင့်လွှတ်ပါ အန်တီမေမေရယ်…

စိတ်ထဲက အကြိမ်တစ်ရာမက တောင်းပန်မိသည်။

ယုံကြည်မှုကို အလွဲသုံးစားလုပ်တာ မဟုတ်ရပါ။

အန်တီမေမေ သူမကို စိတ်နာသွားမှာလား။

ဘာပဲဖြစ်ဖြစ် မျက်နှာပျက်စရာ ဖြစ်ရပါပြီ သားညီရယ်။

သစ္စာခင်လေးကတော့ ပြုံးပျော်ကျေနပ်လို့။

တစ်အိမ်သားလုံး သဘောမတူပေမယ့် သားညီကို သစ္စာခင် ပိုင်ဆိုင်သွားခဲ့ပါပြီ။





"ပိပိရိရိနေကြဦး"

သူမ သတိပေးမိ၏။

သစ္စာခင်ကိုကြည့်ရတာ အတော်ကလေး မာန်ကြွလာပုံရသည်။

အန်တီမေမေကို စိတ်ထဲက ကျိတ်မုန်းနေတာလည်း သိတော့ ရွှေငှ ထိတ်လန့်မိပါသည်။

"အန်တီမေမေက စိတ်သဘောထား သိပ်ကောင်းပါတယ်၊ သစ္စာခင် ကံကောင်းမှာပါ"

သစ္စာခင်က လှပစွာမဲ့၏။

"သားညီမေမေက သစ္စာခင်မေမေပါပဲ"

သူမ ကြိုတင်ဖျောင်းဖျထားမိပါသည်။ သစ္စာခင်စိတ်ကို ရွှေငှ သိနေသည်လေ။

"ရွှေငှက အဘွားအိုလေးကျနေတာပဲ"

ရွှတ်ချချင်သော စကားကို သစ္စာခင် ဆိုလာသည်။

သစ္စာခင် ဘယ်လိုဖြစ်သွားပါလိမ့်။

ဘာလို့ မောက်မာရင့်သီးချင်ပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေငှ မျက်ခုံးလေးပင့်တက်ကာ အံ့သြမိလာသည်။

သားညီလက်မောင်းကို ပိုင်ပိုင်တွဲပြီး ရွှေငှကို အသာစီးက ကြည့်လာ၏။

ဒါ ဘာသဘောတွေလဲ သစ္စာခင်။

ရွှေငှ မသိချင်ယောင် ဆောင်နေမိပါသည်။

အန်တီမေမေရဲ့ ဖြတ်သားမှုတွေဟာ သစ္စာခင်အတွက်တော့ အဆိပ်သင့်သလို နာကျင်ခဲ့မှာ အမှန်ပါပဲ။

သားညီက လက်မှတ်ထိုးတဲ့ကိစ္စ ပြီးပြီမို့ အိမ်ပြန်ဖို့ဆိုကာ အသိသက်သေလိုက်လာသော သူငယ်ချင်းတွေလည်း လမ်းခွဲပြန်ကြပါပြီ။

"ရွှေငှ"

"ဟင်"

သားညီက သစ္စာခင်လက်ကလေးကို ပိုင်ပိုင်ဆုပ်ထားရင်း ရွှေငှကို အကြာကြီးစိုက်ကြည့်၏။

"နင်ဟာ ငါ့အတွက် တကယ့်သူငယ်ချင်းကောင်းပါပဲ"

လှိုက်လှိုက်လှဲလှဲ ပြောလာသည်။

"သားညီရယ်…နင်တို့နှစ်ယောက်ရဲ့ သူငယ်ချင်းကောင်း





ဖြစ်ဖို့အတွက် မင်းမိသားစုအပေါ် ငါ တော်တော်ကြီးကို ဆိုးခဲ့ရတယ်နော်"

"မေမေက နင့်ကိုချစ်တော့ စိတ်ဆိုးမှာ မဟုတ်ပါဘူး၊ ငါ့ကိုသာဆူမှာ၊ နင့်ကို မေမေ နားလည်မှာပါ"

သစ္စာခင်က မျက်နှာလေးမဲ့ကာရွဲ့ကာဖြင့်…

"ရွှေငှက ဘယ်လိုပေါင်းထားလို့လဲဟင်"

ဟု မေးလာသည်။

ရွှေငှ ဆတ်ခနဲဖြစ်သွားသလို သားညီလည်း မျက်နှာပျက်ပါသည်။

"သွားကြရအောင်"

ရွှေငှ နှုတ်ဆက်စကား စမိသည်။

သစ္စာခင်နှင့် သားညီကို ထားရစ်ကာ ရွှေငှက သားညီကားထဲ အဆင်သင့် သွားထိုင်စောင့်နေလိုက်၏။

လက်ထပ်ပြီးကြပေမယ့် သူတို့ အတူတူနေခွင့် မရသေးပါ။ ဟန်မပျက် ကိုယ့်အိမ်ကိုယ်ပဲ ပြန်ကြရမှာ။

တော်တော်နှင့် မလာနိုင်သော သားညီကို ရွှေငှ နားလည်ပေးနိုင်ပါသည်။ သူတို့ စကားဆိုချင်ကြဦးမှာလေ။



www.burmeseclassic.com

www.burmeseclassic.com



ကားထဲမှာ တစ်ယောက်တည်း ထိုင်နေမိတော့ ပျင်းလာသည်။

''ဆောရီး ကြာသွားတယ်''

သားညီက ကားထဲ ရောက်ပြီးချိန်ထိ သစ္စာခင့်ရှိရာ တကြည့်ကြည့် လက်တပြပြလုပ်နေတုန်း။

''ဒီလောက်ဖြစ်နေလဲ တစ်ခါတည်း ခိုးလိုက်ပါတော့လား''

သူမ ရယ်သံနှင့် နောက်မိသည်။

သားညီက ကားကို ညင်သာစွာ မောင်းလာရင်းမှ…

''သစ္စာ ဘာတွေဖြစ်နေလဲ မသိဘူး''

ဟု ဆိုလာသည်။

''အဓိပ္ပာယ်မရှိတာတွေ တွေးနေတယ်''

''ဟုတ်လား''

သားညီက စိတ်ရှုပ်နေပုံ၊ မကြည်မသာနှင့်။

''သစ္စာခင်က နင့်ကို အရမ်းချစ်ပါတယ် သားညီရယ်''

ရွှေငုက ဖာဖာထေးထေးလေး ပြေလည်အောင်ပဲ ပြောလိုက်ပါသည်။





''ငါက မချစ်လို့လား''

သားညီက သူမကို ဘုကြည့်ကြည့်လာ၏။

ရွှေငုက လေသံပျော့လေးနှင့် ရှင်းပြမိသည်။

''နင့်ကို အင်မတန်ချစ်လို့ သူ့မာနကို ချရှာတာပါဟာ၊ ယောကျ်ားလေးဘက်က ခါးခါးသီးသီးဖြစ်နေတာ၊ ပြီးတော့ ငါနဲ့ဆို သိပ်ကြည်ဖြူတာ၊ ဒါတွေ သူ့နာမှာပေါ့၊ စိတ်ထိခိုက်မှာပေါ့၊ သစ္စာခင် သနားပါတယ်ဟာ၊ ဘယ်လိုပဲဖြစ်ဖြစ် သူ နင့်ကို လက်ထပ်တယ်''

သားညီက သက်ပြင်းရှိုက်ပါသည်။

''ငါလည်း နင့်လိုပဲ တစ်ချိန်လုံး ထင်ခဲ့တယ်၊ တွေးခဲ့တယ် ရွှေငု၊ ဒါပေမယ့် အဲဒါ မှားနေတယ်''

''ဘယ်လို''

သားညီက အံတစ်ချက်ကြိတ်သည်။

''သစ္စာခင်စိတ်ထဲမှာ မေမေ့ကို တော်တော်မုန်းတီးနေပုံပဲ၊ ငါ့ကိုလက်ထပ်တာ မေမေ့ကို အနိုင်ရချင်လို့များလားဟာ''

ရွှေငုက ပင့်သက်ကလေးရှိုက်သည်။

''မေမေ့ကို စိတ်ဒုက္ခပေးချင်ပုံပဲ''



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ရဲ့လား''

''ပြီးတော့ နင့်ကိုလည်း သူ သိပ်ကျေနပ်ပုံမရဘူး''

ရွှေငုက ခေါင်းညိတ်မိသည်။

''ငါသိပါတယ်၊ အန်တီမေမေ ငါ့ကိုချစ်တော့ သူက ငါ့ကိုမုန်းမှာပေါ့၊ ဘာဆန်းလဲဟယ်''

သစ္စာခင်၏ အတွေးများကို သူမလည်း မိန်းမချင်းမို့ သိသင့်သလောက် သိပါသည်။ ငယ်သူငယ်ချင်းလေးမို့ အပြစ်လည်း မတင်ရက်ပါ။ ရွှေငုလည်း သူ့နေရာဆို သူ့လိုပဲ ဒေါသတွေနှင့် ပွက်လောင်နေမိမည်။

''သားညီ''

သူမကို သားညီက မျက်လုံးရွှေကာ တစ်ချက်ကြည့်၏။

''သစ္စာခင်က နင်နဲ့ ခုနလေးတင် လက်ထပ်ပြီးခဲ့တာ ဘာပဲဖြစ်ဖြစ် ပြေလည်ဖို့ကို နံပါတ်တစ် တွေးဟာ''

''ငါနားလည်ပါတယ်''

''သစ္စာခင်က နင့်ကိုချစ်တယ်၊ ငါတကယ်ပြောရဲတယ်''

''မေမေနဲ့သူ ပြေလည်ဖို့ပဲ ငါလိုလားတယ်''

သားညီကို သူမ ဘာမှထပ်မပြောဖြစ်တော့ပေ။ ထွေထွေ





ထူးထူး ပြောစရာလည်း မရှိတော့ပေ။ သစ္စာခင်စိတ်ကို သူရော သူမရော သိနေခဲ့ပါပြီ။

အိမ်ပြန်ရောက်တော့ သူမက ငုတ်တုတ်လေးထိုင်ကာ ငေးနေမိသည်။ ဧည့်ခန်းမှာ သူမကို ထားရစ်ကာ သားညီ အခန်းထဲဝင်သွားသည်။

တစ်အောင့်ကြာတော့ ဂစ်တာကိုင်ပြီး ပြန်ထွက်လာ၏။ ရွှေငုကို အအေးတစ်ဘူး ယူလာပေးသည်။

ကြမ်းပြင်ထောင့်မှာ ထိုင်ချပြီး ဂစ်တာကြိုးညှိနေသည်။

ရွှေငုကလည်း ခုံမှာ မှီချထိုင်ပြီး အအေးဘူး ဖောက်သောက်၏။

သားကို ဧည့်ခန်းထဲဝင်လာတော့ သူမ မတ်မတ်ပြင်ထိုင်သည်။

''ဪ…သားညီတို့ ပြန်လာပြီလား''

''ဟုတ်ကဲ့ကိုကို''

သားကိုက သားညီကို အကဲခတ်သလို ကြည့်၏။ သားညီက တစ်ခုခု အမှားမလုပ်ထားသလို ခပ်တည်တည်။

''ညီ''



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"သားညီတို့ကို တရားရုံးရှေ့မှာ တွေ့လိုက်တယ်လို့ ပြောတယ်၊ ဟုတ်လား၊ လူမှားတာလား"

"ဟုတ်ပါတယ် ကိုကို"

ရွှေငုကသာ ထိတ်ခနဲရင်ပူပြီး တုန်လှုပ်သွားတာ။ သားညီက ဘယ်လိုမှမနေပေ။

သားကိုကလည်း ထပ်မမေးတော့ပေ။

"ရွှေငု"

"ရှင်"

"စိတ်ကောက်ပြေသွားပြီလား"

ကိုကို့ကို သူမ ရယ်ပြမိပါသည်။

"သားညီကို စိတ်ကောက်ပြေပြီလား"

"ရွှေငုက ကောက်တာမဟုတ်ပါဘူး၊ သူကောက်တာ"

မေးလေးငေါ့ပြကာ ပြောမိသည်။

"သားညီ"

"ဘာလဲ"

"ပြန်မယ်"





အအေးဘူးလေးကို လက်ထဲကိုင်ပြီး သူမထွက်သွားတော့သည်။

"ညီ"

"ဟင်"

"တရားရုံး ဘာသွားလုပ်တာလဲ"

သားညီက သူ့ကို မော့ပင်မကြည့်ဘဲ…

"ရွှေငုသူငယ်ချင်း ရှေ့နေမဆီ သွားတာ"

ဟု ဖြေ၏။

သားကိုက စဉ်းစဉ်းစားစားနှင့် လှည့်ထွက်လာခဲ့သည်။

သည်နှစ်ယောက်ကို အကဲခတ်ရတာ မလွယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



(၂၁)

သားကို လျှောက်လာနေတာမြင်တော့ ရွှေငှရင်ထဲ ပွနွေး လိုက်ခုန်လာရပါသည်။

သူ့ကို ဘာလို့ သည်လောက်နှစ်သက်သဘောကျနေရတာလဲ။

"ရွှေငှ"

"လာလေ…ကိုကို"

သူမတို့ခြံဘက် ကူးလာသော ကိုကို့ကို သူမ ဖိတ်ခေါ်ရပါသည်။

"ညှို့ခန်းထဲ သွားမလားဟင်"

"ရတယ် ဒီမှာပဲ"

ပြီးပြီး ◈ တပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက ခြံထဲမှာပဲရပ်ပြီး စကားပြောချင်ပုံရပါသည်။ သူမ ကိုကို့ရှေ့မှာ ခေါင်းလေးငုံ့ပြီး ရပ်နေမိပါသည်။

"ကိုကို မေးစရာရှိတယ်"

"မေးပါ"

ကိုကိုက သူမကို ဝေ့ခနဲ တစ်ချက်ကြည့်ပြီး အကြည့်လွှဲသွား၏။

"သားညီနဲ့ တရားရုံး ဘာသွားလုပ်တာလဲ"

ဘယ်လိုမှ မထင်မှတ်သော စကားမျိုးပါ။ ကိုကိုက သည်မေးခွန်း မေးလာလိမ့်မည်ဟု သူမ တွေးမထားဖြစ်ပါ။ သူမမှာ အဖြေအဆင်သင့် ရှိမနေ။

"ပြောလေ၊ ကိုကို အမှန်အတိုင်း သိချင်တယ်"

ရွှေငှက ကိုကို့ကို မော့မကြည့်ဘဲ…

"သားညီ သူငယ်ချင်းတစ်ယောက် အမှုဖြစ်နေလို့ပါ"

သားကိုက သူမကို စူးခနဲ ကြည့်လာတာ သူမ ခံစားရပါသည်။

"ဟုတ်လား"

"ဟုတ်"





သူမလည်း ပါးစပ်ထဲရှိရာ ပြောမိသည်။

"ကိုကို ဒီနေ့အားလို့လား"

"ဆိုပါတော့"

သားကိုက သိသိသာသာ ငြိမ်သွားပြီး ခဏကြာတော့ နှုတ်ဆက်ပြန်သွား၏။

သားကို ထွက်သွားမှ သူမ သက်ပြင်းမောရှိုက်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သားကိုက အိမ်ဘက်ပြန်လျှောက်လာရင်း ခြောင်းဆန်နေသော စိတ်ကို မနည်းကြီး ထိန်းထားရသည်။

လွဲနေသည်။

တိတိကျကျ လွဲနေသည်။

တစ်ယောက်ကတစ်မျိုး ဖြေသည်။ နောက်တစ်ယောက်က တစ်မျိုးဖြေသည်။ ခုလို ဘာကြောင့် ဖြစ်ရတာလဲ။

ရှင်းရှင်းလေးပါ။ အမှန်တရားကို ကွယ်ထားချင်လို့။

အမှန်တရားက ဘာလဲ။

သားကို အပြင်းအထန် သိချင်လာသည်။

သူတို့နှစ်ဦးရဲ့ ထိမ်ချန်လျှို့ဝှက်မှုကို သူသိအောင် လုပ်ရပါမည်။

သူ ဆုံးဖြတ်ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



(၂၂)

"ဟာ…သွားပြီ"

သားညီက သူ့နဖူးသူ ရိုက်သည်။ ရွှေငှ မျက်နှာလေးက သွေးမရှိတော့သလို ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ မျက်လုံးလေး မြူးထွက်ကာ နှုတ်ခမ်းလေးတွေ ခြောက်သွေ့သွားရသည်။

"ဘယ်လိုလုပ်မလဲဟင်"

"ဘယ်တတ်နိုင်ပါ့မလဲ"

"ငါကြောက်တယ် သားညီရယ်"

ရွှေငှက ထစ်ထစ်ငေါ့ငေါ့ ဆိုရှာသည်။

သစ္စာခင်က သူနှင့်မဆိုင်သလို ငြိမ်နေ၏။

တကယ်တမ်းကျတော့ ရွှေငှပဲ အပြစ်တွေ အကုန်ခံရရှာပါ။

www.burmeseclassic.com



"ရွှေငှ"

"ဟင်"

တုန်လှုပ်မှု ကြီးမားစွာဖြင့် သတိလက်လွတ် ဖြစ်မတတ် ရှိသော ရွှေငှကို သားညီကတော့ သနားမိသည်။

"ကဲပါ…သွားကြရအောင်"

သစ္စာခင်က ခပ်ပြတ်ပြတ်ခေါ်သည်။

သားညီက ရွှေငှကို တစ်ချက်ကြည့်ပြီး ထွက်သွားသည်။

သူတို့နှစ်ယောက် အပြင်သွားကြဖို့ ရွှေငှက ကူညီပေးရ တာပါ။

သားကိုက ခပ်ဝေးဝေးကနေ အကဲခတ်နေမိ၏။

သားညီရယ်၊ ရွှေငှရယ်၊ သစ္စာခင်ရယ် သုံးယောက်သား ဆုံပြီးမှ ရွှေငှက ခွဲချန်ရစ်တာ၊ သားညီက သစ္စာခင်လက်ကလေးဆွဲ ပြီး ကားနှင့်ထွက်သွားတာ။

"တောက်"

လုပ်ရက်လိုက်တာ။

မေမေ့ယုံကြည်မှုကို မင်း စော်ကားလိုက်ပြီပဲ။

ကြည့်စမ်း…မင်း ကိုကိုတို့ တစ်မိသားစုလုံးကို လှည့်စား တတ်လိုက်တာ။





မင်းကို မေမေက ဘယ်လောက်ချစ်လဲ ဘယ်လောက်မျှော် လင့်လဲ။

မင်း နည်းနည်းလေးမှ မညှာတာပါလား။

သားကိုက လက်သီးတင်းတင်း ဆုပ်ထားသည်။

ရေးတေးတေး ထင်ထားသော်လည်း တကယ်ဖြစ်နေသော အခါ သူ တုန်လှုပ်မိတာပါပဲ။

မယုံနိုင်အောင်ပါပဲ ရွှေငှရယ်…

မင်းတို့က သည်လိုကိုး။

သားကို ရင်ဘတ်ကြီး ပွင့်ထွက်မတတ်အောင် တက်လာ သည်။ ဒေါသတွေက တစ်ကိုယ်လုံး ပျံ့နှံ့နေတော့သည်။

မေမေသိလျှင် ဘယ်လိုရှိလေမလဲ။

သားကို ပြောမပြချင်ပေ။ မေမေ့ကို အသိမပေးချင်။ မေမေ သိပ်ကိုစိတ်မကောင်းဖြစ်သွားမှာ။

ရွှေငှ…

မင်းနဲ့ပဲ ငါတွေ့သင့်တယ်၊ မင်းကိုပဲ ငါပြောသင့်တယ်။

မင်း သားညီကိုပဲ လက်ထပ်ရမယ်။



www.burmeseclassic.com

www.burmeseclassic.com



# (၂၃)

ရွှေငှဝါကို သူက ဖုန်းမဆက်ဘဲ ကြိုတင်အကြောင်းမကြားဘဲ မြန်းစားကြီး သွားတွေ့သည်။

စာအုပ်ကလေးတွေဖြန့်ချပြီး ကြမ်းပြင်ပေါ် စာကျက်နေပုံလေးက ဖြူစင်ရိုးသားလွန်းပါသည်။

သူ့ကိုတွေ့တော့ မျက်လုံးဝိုင်းကလေးနှင့် ကြည့်၏။

"ရွှေငှ"

"ဟင်"

"လာမယ့် တနင်္ဂနွေနေ့မှာ မင်းနဲ့သားညီ လက်ထပ်ရမယ်၊ အားလုံးစီစဉ်ပြီးပြီ၊ မင်းကိုလာပြောတာ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေငုက မယုံနိုင်စွာ သူ့ကို စူးစူးစမ်းစမ်း ကြည့်သည်။

''မေမေ့ကိုလည်း ပြောပြီးပြီ''

''မဟုတ်တာဗျ''

''ဘာလဲ…မင်းက လက်မခံဘူးလား''

''ရွှေငုမှ အလျှင်စလို လက်မထပ်ချင်သေးဘဲ ကိုကို''

သားကိုက အော်ရယ်သည်။

''မင်းတို့အကြောင်း ငါသိပြီးသား''

ရွှေငု မျက်နှာလေးပျက်သွား၏။

''သစ္စာခင်နဲ့ညီကို ငါတို့အားလုံး သဘောမတူဘူး၊ မင်းသိလျက်နဲ့ ဒါမျိုးလုပ်သင့်သလား၊ မေမေ မင်းကို ဘယ်လောက်ချစ်လဲ၊ မင်းအကြောင်းတွေ မေမေ့ကို ပြောပြလိုက်ရမလား''

ကိုကိုက အေးစက်ပြတ်သားစွာ မေးလာသည်။

ရွှေငုက မျက်လွှာလေးချပြီး ရယ်နေသည်။

''မင်းလုပ်ရပ်တွေ ငါမကြိုက်ဘူး''

သားကိုက ဒေါသတွေဆူဝေလာသည်။

''ခုမှ မင်း မသိချင်ယောင် ဆောင်မနေနဲ့၊ မင်း သားညီကို လက်ထပ်ရမယ်''





''ဟင့်အင်း…မဖြစ်နိုင်ဘူး''

သူမ ဗလုံးဗထွေးငြင်းပစ်သည်။

''မရဘူး၊ မင်းနဲ့သားညီကို လက်ထပ်ပေးမယ်၊ ငါ အားလုံးစီစဉ်ပြီးသား၊ မင်းလုပ်ရပ်တွေ ရပ်ပါ''

''မဟုတ်သေးဘူး ကိုကို၊ သူ့တို့က ချစ်သူတွေ၊ ရွှေငုက သားညီကို မယူနိုင်ပါဘူး၊ ရွှေငုကို နားလည်ပေးပါ ကိုကို''

''အဟား…မင်းခုမှ တောင်းပန်မနေနဲ့၊ မရဘူး၊ သားညီနဲ့ မင်းကိုပဲ သဘောတူထားတာ၊ မင်း ဒီလိုလုပ်လို့ ဘယ်ရမလဲ''

ရွှေငုက ပါးပြင်ပေါ် မျက်ရည်တွေကျလာသည်။

''သူတို့က ရွှေငုသူငယ်ချင်းတွေပါ၊ သူတို့ကို ကူညီမိတာ ရွှေငုအပြစ်လား ကိုကို''

သူမ ပါးပြင်ပေါ် မျက်ရည်တွေက သူမနှလုံးသားကို နာကျင်တင်းကျပ်သွားစေပါ၏။

''မင်း သားညီကို လက်ထပ်ရင် ပြီးတာပဲ''

သားကိုက လိုရင်းပဲ ပြောလာ၏။

''ရွှေငု သူ့ကိုမှမချစ်တာ''

''ချစ်သူအဖြစ်တော့ ဟန်ဆောင်နိုင်သားပဲ''



www.burmeseclassic.com

www.burmeseclassic.com



တမင်ရွဲ့တာ ရွှေငှ သိပါသည်။

"သားညီကို ရွှေငှ လက်မထပ်နိုင်ပါဘူး"

"မင်း သားညီကိုပဲ လက်ထပ်ရမယ်"

"လုံးဝလက်မထပ်နိုင်ဘူး"

သူမက မျက်ရည်တွေနှင့် ငြင်းဆန်သည်။

"ရွှေငှ"

သားကိုက သူမကို အေးစက်စူးရှစွာ ကြည့်လာ၏။

"ပြီးရောလေ…အားလုံးကိုပြောပြီး မင်းတို့နှစ်ယောက်ကို ချက်ချင်း လက်ထပ်ပေးမယ်၊ နှစ်အိမ်လုံးကို လိမ်ညာထားတာ ပြောပြအသိပေးလိုက်တယ်"

သူ ယတိပြတ်ပြောဆိုပြီး ချာခနဲ လှည့်ထွက်သည်။

"ကိုကို"

သူမ သူ့ကိုလှမ်းခေါ်ပြီး ပြေးလိုက်လာ၏။

"ခဏနေပါဦး ကိုကို"

ကိုကို့ရှေ့မှာ သူမ လက်ကလေး ဆန့်တန်းထားမိ၏။

"ဘယ်သူ့ကိုမှ မပြောပါနဲ့ ကိုကိုရယ်၊ ရွှေငှ တောင်းပန်ပါတယ်နော်၊ ရွှေငှကို အားလုံးအပြစ်တင်ကြမှာ၊ အန်တီမေမေလည်း





စိတ်ဆင်းရဲသွားမှာ"

"မင်း ဒါတွေ စောစောကတည်းက စဉ်းစားသင့်တာ"

ရွှေငှက မျက်ရည်တွေနှင့် မော့်ကြည့်သည်။

မျက်လုံးလေးတွေက ဖျော့တော့ပြီး မောပန်းနွမ်းနယ်နေပုံရသည်။ သူမကို သူ ရုတ်တရက် သနားသွားသည်။ သို့သော် လျှော့လို့မဖြစ်ပါ။ ဘယ်နည်းနှင့်မှ သူလက်မလျှော့နိုင်ပါ။

"ကိုကို"

သူ့ဂျာကင်စကို ဖမ်းဆွဲကာ သူ့ရင်ခွင်ထဲ တိုးဝင်လာသော ကောင်မလေးကို ကျောက်ရုပ်ကြီးလို သူငေးကြောင်ကြည့်နေမိပါသည်။

"သားညီကို ရွှေငှ ဘယ်တုန်းကမှ မချစ်ခဲ့ဖူးပါဘူး"

အသံတွာန်တုန်ခိုက်ခိုက်ကလေးနှင့် ရှင်းပြသည်။

ရုတ်တရက် ကြောင်အမ်းနေရာမှ သူသတိဝင်ကာ သူမကို ပခုံးနှစ်ဖက်မှ ဆုပ်ကိုင်ကာ တွန်းပစ်လိုက်မိသည်။

"တော်စမ်းကွာ…အဓိပ္ပာယ်မရှိတာတွေ"

နှုတ်က တီးတိုးရေရွတ်လိုက်မိပေမယ့် သူ့ရင်ထဲ နင့်ခနဲ ဖြစ်သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမြတ်နိုးမိသော မိန်းကလေးကို သည်လိုအနေအထား နှင့် ရင်ဆိုင်ရတာ ကံတရားက သူ့အပေါ် ကြမ်းတမ်းလွန်းလှသည် ပါ။ သူ့စိတ်ထဲမှာ နာကျင်ထိခိုက်ရပါသည်။

ရွှေငုက မျက်နှာကို လက်ဖဝါးလေးနှင့်အုပ်ကာ ကိုယ်လုံး တဆတ်ဆတ်တုန်အောင် ရှိုက်ငိုသည်။

"ဘာပဲဖြစ်ဖြစ် သားညီနဲ့ မင်းလက်ထပ်သင့်တယ်"

"ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး ကိုကို"

သူမက ဘယ်လိုပြောပြော လက်မခံပါ။

"လက်မထပ်နိုင်ရင် ဘာလို့ ချစ်သူတွေအဖြစ် ဟန်ဆောင် နေပေးရသလဲ၊ မင်းမို့ ဒီလိုလုပ်ပေးနိုင်တယ်၊ မင်းအတွက် ဘယ် လောက် ထိခိုက်နစ်နာသလဲ၊ မင်း တွေးမိရဲ့လား၊ နှစ်အိမ်စလုံးကို မင်းလှည့်စားခဲ့တာ လူကြီးတွေက ခွင့်လွှတ်မလား၊ မင်းကို ဘယ်လို မြင်မလဲ"

သူမက အငိုရပ်ပြီး ထိတ်ခနဲ မော့ကြည့်သည်။

"ဒီကိစ္စကြီးဟာ မင်းအတွက် ကြီးမားတဲ့ ပြဿနာတစ်ခု ဆိုတာ မင်းနားမလည်ဘူးလား၊ မင်းက စေတနာပါပါနဲ့ ဝင်ကူညီ ပေးစရာလား၊ သားညီက ယောကျ်ားလေး၊ သူဟာသူ သတ္တိရှိရှိ





လုပ်ပါစေပေါ့"

သားကိုက သူမကို ရှည်လျားစွာ တစ်ခုချင်း ထောက်ပြ တော့ သူမ သွေးပျက်လာမိပါသည်။ သားကို ပြောနေသမျှ မှန်နေ တာမို့ သူမ ဆင်ခြေလည်း မပေးနိုင်ပါ။

"ဒီလိုတွေဖြစ်ပြီးမှတော့ မင်း သားညီကို လက်ထပ်ဖို့ သင့်တယ်"

ငိုင်တွေသွားသော သူမကို ယတိပြတ် ဆုံးဖြတ်ခိုင်းလိုက် သည်။

"ဟင့်အင်း"

စကားဆုံးတော့ သူမက ငြင်းမြဲငြင်းပါသည်။

"မင်း သေသေချာချာ စဉ်းစား"

သားကိုက ချာခနဲ လှည့်ထွက်သွား၏။

စဉ်းစားစရာ မလိုတော့ပါဘူး ကိုကို၊ သားညီနဲ့ သစ္စာခင် တ လက်ထပ်ပြီးခဲ့ပါပြီ၊ ရွှေငု ကူညီမှုက ပြီးဆုံးခဲ့ပါပြီ။

ကိုကိုက ရွှေငုကို သားညီနဲ့ လက်ထပ်စေချင်တယ်နော်၊ ပြင်းပြင်းထန်ထန် တိုက်တွန်းတယ်။

ရွှေငုနဲ့ သားညီ ဘာမှမဆိုင်တာ ကိုကို ဝမ်းမသာဘူး။



www.burmeseclassic.com

www.burmeseclassic.com



ရွှေငုကိုပဲ အရမ်းစိတ်ဆိုးတယ်နော်။

ကိုကို့နှလုံးသားမှာ ရွှေငုမှ မရှိဘဲ။

သူမရင်ထဲ ဘာမှမရှိတော့သလို ဟာကျသွားရသည်။

သားကိုက သူမနှင့်ပတ်သက်ပြီး ခံစားမှုတစ်စုံတစ်

ရှိပုံမရပါလားဆိုသော အံ့သြက သူမနှလုံးသားကို မွှမွှကြေစေသည်။

သူမဘက်က မျှော်လင့်မှုတွေ အကြီးအကျယ် မှားယွင်း

သွားခဲ့ပြီ။ လက်နှစ်ဖက်ကို တင်းတင်းဆုပ်ကာ သူမကို ဆတ်ခနဲ

တွန်းဖယ်ပစ်လိုက်တာကို ပြန်တွေးမိတော့ ခေါင်းထဲ မိုက်ခနဲ

ဖြစ်ရပါသည်။

ကိုကိုရယ်…

ရွှေငုကို ကိုကိုမချစ်ဘူးလို့ တစ်သက်လုံး မယုံပါ

သူမ အရူးမလေးသဖွယ် ခေါင်းတခါခါနှင့် ရှိလေသည်။





(၂၄)

"မေမေရာ…မကောက်ပါဘူး၊ သားနဲ့ ဘာမှမဖြစ်ပါဘူး ဆို၊ မေမေယုံပါဗျာ၊ ခါတိုင်း ဟုတ်တယ်၊ အခု ဘာမှမဖြစ်ဘူး၊ သူ့ဟာသူ မလာတာပါ၊ ရွှေငု မလာတာနဲ့ မေမေက သားကိုပဲ သံသယဝင်နေတယ်"

သားညီအသံက အကြီးအကျယ် စိတ်မရှည်သံ။ မေမေက သားညီကို ဝေ့ကာဝေ့ကာ ကြည့်ရင်း…

"မင်းနဲ့ ဘာမှမဖြစ်ရင် မလာဘဲနေမှာကို မဟုတ်ဘူး သားငယ်၊ မင်း ရွှေငုကို ရန်လုပ်လိုက်ပြန်ပြီလား"

"ကျွတ်…ပြသနာပဲ"

သားညီက ဝုန်းခနဲ ထထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားလေး၊ ဒါဆို ဖုန်းဆက်စမ်း ရွှေငုဆီ"

မေမေက သားညီကို ပြောပါသည်။ သူက ဘေးထွက်ပြီး တိတ်တဆိတ် ထိုင်နေလိုက်သည်။ သားညီနှင့်မေမေ ဘယ်လိုတွေ ဖြစ်ကြမလဲဆိုတာ အသာကလေး စောင့်ကြည့်နေလိုက်ပါသည်။

ရွှေငုက သူနှင့် တွေ့ပြီးကတည်းက ရှောင်ပုန်းနေတာ လုံးဝမလာဘဲ နေပစ်လိုက်တာ။

ပထမတော့ သားကို မေမေ့ကို ပြောမလို့ပါပဲ။ နောက်တော့ အငိုမျက်နှာဖျော့ဖျော့လေးကို ကရုဏာသက်သလို ရှိတာနဲ့ မပြောဘဲနေလိုက်မိပါသည်။

သားညီနှင့် သူမ ထိုကိစ္စကို ဘယ်လိုရှင်းမလဲ ဆိုတာကို စောင့်ကြည့် အကဲခတ်ရုံရှိပါသည်။

ဘယ်အချိန်ထိ မင်းတို့ဟန်ဆောင်လိမ်ညာနေကြမှာလဲ။ သားကို ခပ်ထေ့ထေ့ပြုံးမိပါသည်။ သားညီ ဖုန်းဆက်နေတာကို တစ်ချက်ကြည့်ပြီး ဟန်မပျက် စာအုပ်ဆက်ဖတ်နေလိုက်သည်။

"ရွှေငုလား၊ ဘာ …ဖျားနေတယ် ဟုတ်လား"





သားညီက တမင် ခပ်ကျယ်ကျယ် အော်တာလားတော့ မသိပါ။ သူရော မေမေပါ ကြားလိုက်ရပါသည်။

မေမေက သားညီဘေးနား ရောက်သွား၏။ အလွန်အမင်း စိတ်ပူသွားပုံ၊ ဒါကိုမြင်ရတော့ သားကို ရွှေငုကို ခွင့်မလွှတ်ချင်ပါ။ စိတ်ထဲနာကျင်လာမိပါသည်။

မေမေကတော့ ဂရုစိုက်လိုက်ရတာ။ မင်းက မေမေ့ကို ညာရက်တဲ့ကောင်မလေး၊ မေမေသိရင် ဘယ်လိုနေမလဲ။

သားညီက မေမေ့ဆီ ဖုန်းခွက်လှမ်းပေးလိုက်ပါသည်။

သားကိုက အကြောင်းသိတော့ မရယ်ဘဲ မနေနိုင်။

သူနှင့် မျက်နှာချင်းမဆိုင်ရဲလို့ ရှောင်နေမှန်း သိသည်။

"အန်တီမေမေ လာကြည့်မှာပေါ့၊ သမီးလေးက ဂရုမစိုက်တာ"

သူမကိုဆို သမီးအရင်းမရှိသော မေမေက သည်းသည်း လှုပ်လှုပ်ပါပဲ။ မေမေ သိပ်ချစ်မှန်းသိလို့ သူမ အခွင့်အရေးယူတာ လည်း ဖြစ်ကောင်းဖြစ်လိမ့်မည်။

"ခုပဲ မေမေလာမယ်နော် သမီး"

သူ မသိမသာ အံကြိတ်ကာ အိမ်ပေါ် တက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆက်ပြီး မင်းဘယ်လိုဆက်ကမလဲ ရွှေငှ။

မင်းတို့လှိုင်းတွက်မှုကို ပိပိရိရိ ဘယ်လိုဆက်ညာဦးမှာလဲ။

မေမေက .သိပ်သနားစရာ ကောင်းနေပြီ။

သားကို သူမကို အတော်ကလေး မျက်ရှုလာမိ၏။

မေမေ့ကို မင်းမို့ အရှုးလုပ်နေကြတာ ငါ လက်ပိုက်ကြည့် မနေနိုင်ဘူး ရွှေငှ။

သားကို တစ်ယောက်တည်း ဒေါသတွေနှင့် ဆူဝေလောင်ကျွမ်းနေရတော့သည်။





(၂၅)

"သမီးရေ ဖုန်းလာနေတယ်"

ဟု မေမေလာပြောတော့ အနားမှာ အန်တီမေမေရော သားကိုရော သားညီပါရှိနေကြသည်။

တာကယ်လည်း မဖျားဘဲ သတင်းလာမေးကြတော့ အနွေးထည် ကမန်းကတန်းစွပ်ပြီး အိပ်ရာပေါ် တက်ခွေနေရတာ။

သားကိုက တမင်လိုက်လာတာပဲဆိုတာ သူမ သိသည်။ သူမ ကျရှုံးခန်းကို အားပါးတရ ထိုင်ကြည့်ချင်ပုံမျိုး။

သူမအပေါ် နိုင်ကွက်ရထားသလို အထက်စီးက ကြည့်တာ မုန်းလွန်းလှပါသည်။

သားညီနှင့် အန်တီမေမေလာရင် ပြီးတာပဲ။ သူက မဆီ



www.burmeseclassic.com

www.burmeseclassic.com



မဆိုင် ဘာလို့ပါလာမှန်းမသိ။

ရှောင်ချင် ပြောင်ချင်သလို မျက်လုံးတွေကို မှန်းသည်။

"ပြော့မလား သမီး"

"ဘယ်သူလဲ မေမေ"

"မောင်သီဟ"

ရွှေငှက မျက်လွှာလေးချပြီး ခေါင်းငုံ့ချကာ 'အင်း'ဟု ဆိုလျက် အိပ်ရာထက်ကဆင်းသည်။

သားကိုက သူမကို စူးစူးစိုက်စိုက် ကြည့်နေမိ၏။ သားညီက သူနှင့်မဆိုင်သလို ခပ်အေးအေး။ သည်ခပ်အေးအေးကို အစက အဓိပ္ပာယ်ရှာမရဘဲ ရှိခဲ့ဖူးသည်။ ခုတော့ နေစိမ့်စွာနေနိုင်လွန်းခြင်း၏ အဓိပ္ပာယ်ကို သူက နားလည်နေခဲ့ပြီ။

သူမနှင့်သားညီက ချစ်သူတွေမှ မဟုတ်ဘဲလေ။

တလှုပ်လှုပ် တရွေ့ရွေ့ လျှောက်သွားပုံလေးက နည်းနည်းလေးမှ မသက်သာစရာမရှိပါ။ အမှန်တကယ် ဖျားနေသလိုလေးပင်။ သို့သော် သားကို မယုံပါ။ သူ မယုံရဲတော့ပေ။ မထင်မှတ်တာတွေ သူမ လုပ်တတ်လွန်းသည်ပဲ။ စိတ်ချလက်ချ ယုံလို့မဖြစ်တော့ပါ။





"နေမကောင်းဘူး ပြောလိုက်လည်း ရသားပဲ သမီးရယ်"

မေမေက သူမဖုန်းပြောတာကို တားချင်ပုံ။

"ခဏလေးပါ အန်တီမေမေ၊ ကိစ္စလေးရှိလို့ပါ"

သူမက မပွင့်တပွင့် ခွင့်ပန်ပြီး ဖုန်းသွားပြောသည်။

ကြားထဲကနေ အကြီးအကျယ် မကျေမနပ်ဖြစ်နေရသူက သားကို။ သူမကို အသည်းယားလာမိပါ၏။

မင်း သည်လောက် ပိရိဖို့မကောင်းဘူးကွာ။

သားကို မသိမသာ သူမနောက် ရောက်သွားမိပါသည်။

သူမက ဖုန်းဆက်ပြီး ဆတ်ခနဲ လှည့်ကြည့်၏။

"မင်းသမီးလုပ်ပါလား"

သူ ထေ့ထေ့ငေါ့ငေါ့ တိုက်တွန်းလိုက်သည်။

သူမက မျက်လုံးလက်လက်ကလေးများနှင့် မော့ကြည့်ပြီး နှုတ်ခမ်းလေး ဖိကိုက်လိုက်သည်။

"မေမေကတော့ မင်းအိုက်တင်တွေကို အဟုတ်မှတ်နေတာ"

သူမက ငြိမ်ငြိမ်တောင့်တောင့်ကလေး ရပ်နေသည်မှ ပြော



www.burmeseclassic.com

သမျှ ငုံ့ခံမည့်ပုံစံလေး။

"မင်း တော်တော်ဟန်ဆောင်ကောင်းပါလား"

သားညီက သူတို့နှစ်ယောက်အနား ရောက်လာ၏။

ရွှေငုက မျက်လုံးတောက်တောက်များဖြင့် သူ့ကို မော့ကြည့်ကာ လျှောက်သွားတော့သည်။

နှစ်ယောက်စလုံး အပြစ်ရှိကြတာပါ ကိုကို။

သားညီကိုကျတော့ ဘာလို့မဆူလဲ၊ ဘာလို့ မမေးတာလဲ။

ကိုကို မတရားဘူး၊ တစ်ဖက်သတ် အနိုင်ကျင့်လွန်းတယ်။

မျက်ရည်က အိခနဲ ဝိုင်းချင်သည်။ ကိုကိုနှင့် ပတ်သက်လာလျှင် သူမနှလုံးသားက ပန်းတစ်ပွင့်လို နူးညံ့လွန်းနေတော့သည်။ ခံနိုင်ရည်အင်အား လုံးဝမရှိတာ။





(၂၆)

သားကို စကားဆုံးတော့ မေမေက တွေးတွေးဆဆရှိနေသည်။ ဆုံးဖြတ်ချက်တစ်ခုခုမေးဖို့ ခက်နေသလိုပါ။

"သားကြီးပြောတာ မေမေ လက်ခံပါတယ်၊ ဒါပေမယ့် သူတို့ကို အတင်းအကျပ် လက်ထပ်ပေးတာမျိုး မေမေ မလုပ်ချင်ဘူး"

မေမေ့သဘောကိုလည်း သူက သိနေပါသည်။ မေမေက သားညီနှင့် ရွှေငုကို ဦးစားပေးလွန်းသည်လေ။

သားကို ဆက်မပြောတော့ပေ။ မေမေ့ကို သည်လိုအကြံပေးရုံကလွဲပြီး သူကကော ဘာတတ်နိုင်မှာလဲ။

သစ္စာခင့်နှင့် သားညီ ချစ်သူတွေဖြစ်နေကြတာကိုတော့

www.burmeseclassic.com



ဖွင့်မပြောရက်။

အလကားသက်သက် မေမေ စိတ်မဆင်းရဲစေချင်ပါ။

အဓိက လိုအပ်တာ မေမေ ဖြစ်စေချင်သလို ဖြစ်သွားဖို့ပါ။

သားညီနှင့် ရွှေငှကို လက်ထပ်ပြီးလျှင် ပြီးတာပဲဟု သူက တွေးလိုက်ပါသည်။

"မေမေ အေးအေးဆေးဆေး စဉ်းစားဦးမယ် သားကြီးရယ်"

သူ ခေါင်းညိတ်သည်။

"အခုတလော ရွှေငှက မေမေ့ဆီ မလာဘူး၊ ဒီကောင်မလေး ဘာဖြစ်နေသလဲမသိဘူး၊ မျက်နှာလည်း မကောင်းဘူး"

သားကိုက မေမေ့ကို ငေးငေးကြီး ကြည့်နေမိသည်။

ပြောမထွက်ပါဘူး မေမေရယ်။

သိဖို့လည်း မလိုအပ်ပါဘူး။

"နေမကောင်းလို့များလား မေမေ"

သူ အလိုက်သင့်ပဲ ပြောလိုက်၏။

"ဟုတ်မလားပဲ၊ ခါတိုင်းဆို အမြဲရောက်ရောက်လာ





တယ်"

ဒရင်းဘက်ပေါ် ငချုရင်း သူ့ရင်ထဲ မွန်းကျပ်လာ၏။

ပြဿနာပေါင်းစုံက သူ့ကို နှိပ်စက်နေ၏။

ရွှေငှကို သူမြတ်နိုးဒိတာလည်း အမှန်ပါ။

ရွှေငှ သူတို့မိသားစုကို လှည့်စားရက်တာကိုလည်း စိတ်ဆိုးနာကျင်မိတာ အမှန်။

မေမေ့ကိုလည်း စိတ်ချမ်းသာစေချင်သည်။ သားညီနှင့် ရွှေငှကိုလည်း သူ သဘောတူမိပါသည်။ သစ္စာခင်ကို မေမေက လုံးလုံးလျားလျား ခါးသီးနေတော့ သားညီကိုလည်း လက်မထပ်စေချင်။ မေမေနှင့် သစ္စာခင်ကြားမှာ သားညီ စိတ်ဆင်းရဲရမှာပါ။

သားညီက ရွှေငှကို လက်မထပ်ခဲ့လျှင်လည်း သူက ရွှေငှကို လက်ထပ်ဖို့ မရည်ရွယ်ပါ။ ရွှေငှကို သားညီကောင်မလေး အဖြစ် နှစ်အိမ်စလုံး နှစ်ဖက်အသိုင်းအဝိုင်းတစ်ခုလုံး သိထားကြတာပါ။

သူတို့မိသားစုအပေါ် ညာရက်သော ရွှေငှကို တစ်ဖက်ကလည်း သူ ဒေါသဖြစ်မိသည်။ နာကျင်မိပါသည်။

သူမကို သားညီနှင့် လက်ထပ်ပေးဖြစ်အောင် လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးချင်သည်။

သူမ ဟန်ဆောင်မှုကို တကယ်ဖြစ်စေချင်သည်။ ဒါမှ သူမ အနည်းအကျဉ်း နောင်တရမှာ။

သူမ လိမ်ညာမှုနှင့် သူမကို ဒဏ်ခတ်ပစ်ချင်ပါသည်။

သူ့အတွေးတွေ ယောက်ယက်ခတ်ကာ ပူလောင်လွန်းလှသည်။

သစ္စာခင်နှင့် သားညီကို အောင်သွယ်လုပ်ပေးနေပြီး တစ်ဖက်မှာ သားညီရဲ့ ချစ်သူလေးအဖြစ် ဟန်ဆောင်နေပေးတာကို သူ့နှလုံးသား ဆတ်ဆတ်ခါအောင် နာလှပါသည်။

သူ့မှာတော့ သားညီကောင်မလေးဆိုပြီး သူမကို တန်ဖိုးထားလိုက်ရတာ၊ ဖောက်ပြန်ချင်သော အတွေးကိုပင် ရအောင် ထိန်းသိမ်းခဲ့ရတာ။

မင်းမို့ သည်လိုလုပ်ရက်တယ် ရွှေငုရယ်။





(၂၇)

သူက ဖုန်းဆက်ပြီး ခေါ်တော့ သူမက ရောက်လာပါသည်။

အနက်ရောင် ဝတ်စုံလေးနှင့် မျက်နှာလေးက နွမ်းလျှညှိုးငယ်ရိပ် ထင်နေပါသည်။

"ထိုင်ပါ"

သားကိုက ရှေ့မှခုံတစ်လုံး လက်နှင့်ညွှန်ပြလျက် ဆိုမိသည်။

"မင်း လာတော့လာရဲသားပဲ"

သားကိုက ဖွဖွပြုံးပြီး ဆို၏။

"သားညီတို့ကို ကူညီခဲ့မိတာတစ်ခုပဲ ရွှေငု မှားခဲ့တာပါ၊



www.burmeseclassic.com

www.burmeseclassic.com



ရွှေငုက ဘာလို့မလာရဲရမှာလဲ ကိုကို''

ရွှေငုက ခုံမှာ ဗုန်းခနဲ ပစ်ချထိုင်သည်။ စောစောကနှင့် မတူဘဲ မျက်နှာလေးက တင်းမာအေးစက်လာ၏။

''မင်းနဲ့ အေးအေးဆေးဆေး ဆွေးနွေးစရာရှိလို့''

သားကိုက စီးကရက်ကို ဖွာရှိုက်ပြီး စကားစ,သည်။ ရွှေငုက ဆတ်ခနဲ ခေါင်းညိတ်၏။

''သိပါတယ်...သိပါတယ် ကိုကို''

သူမအသံလေးက မသိမသာ အက်ရှနေသည်။

''ကိုကိုခေါ်မယ်ဆိုတာ သိတယ်၊ သားညီနဲ့ လက်ထပ်ဖို့ သွေးအေးအေးနဲ့ စိတ်ရှည်လက်ရှည် နားချဦးမယ်ဆိုတာ သိပါတယ်''

သားကိုက သူမကို စိတ်ပျက်စွာ ကြည့်မိသလို...

''စဉ်းစားပါဦး ရွှေငု၊ ဟိုဘက်မှာက သစ္စာခင် တစ်ယောက်တည်း၊ ဒီဘက်မှာ မေမေရယ်၊ သားညီရယ်၊ ငါရယ်''

ရွှေငုဝါက နှုတ်ခမ်းလေး ကိုက်သည်။

''ပြီးတော့ မင်းကိုယ်တိုင်ရယ်၊ မင်းကို သားညီနဲ့ လက်ထပ်မယ့် မိန်းကလေးလို့ အားလုံးက သိထားကြတာ၊ သားညီ





က မင်းနဲ့လက်ထပ်လို့ စိတ်ဆင်းရဲမယ်လို့ ငါမထင်ဘူး၊ မင်းတို့ ချင်း ပြေလည်သွားပဲ မဟုတ်လား''

''ရှင်''

ရွှေငု နားမလည်စွာ ကြောင်အမ်းသွားရသည်။

''သားညီနဲ့ ရွှေငုနဲ့ ဘယ်တုန်းကမှ ဘာမှမဖြစ်ခဲ့ဘူး''

ကိုကို့မျက်လုံးတွေထဲက အဓိပ္ပာယ်တစ်ခုခုကို သူ ထိတ်လန့်စွာ ရှာဖွေတွေ့ရှိလိုက်တာမို့ မြန်မြန်ဆန်ဆန်ပဲ ဖြေရှင်းချက် ပေးမိသည်။

''မင်းစကားကို ယုံချင်ပါတယ်''

''ဒီမှာ ကိုကို''

ရွှေငု ဝုန်းခနဲ ထရပ်သည်။

''ဟော့...ဟော့ ဒါ စားသောက်ဆိုင်နော်၊ မင်း ဘယ်လို ဖြစ်တာလဲ''

သူမ ရှက်ရှက်နှင့် ပြန်ထိုင်ချမိ၏။

''သားညီနဲ့ ရွှေငု ဘာမှမဆိုင်ဘူး''

''သေချာရဲ့လား''

''ဘာလို့ မသေချာရမှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



သူမအသံလေးက ငိုသံစွက်လာသည်။

''ကဲပါ…ထားတော့၊ သားညီတ မင်းကိုခင်သားပဲ''

ကိုကိုက တစ်ထစ်လျှော့ချလိုက်သည်။

''ကိုကို''

သူမ ခေါ်သံလေးက လှိုက်လှိုက်နင့်နင့်။

''သားညီနဲ့ ရွှေငှုကို စွပ်စွဲရအောင် ကိုကို့မှာ ဘာတွေ နိုင်လုံသလဲ၊ ရွှေငှု သိပါရစေ၊ ရွှေငှုကို ပြောပြပါ''

သားကိုက သက်ပြင်းရှိုက်သည်။

''မင်းတို့ကို စေ့စပ်ပေးမယ်လို့ မေမေပြောတဲ့နေ့က ခြံထဲမှာ မင်းတို့ တရင်းတနှီးပါပဲ၊ မေမေရော မြင်တယ်''

အမယ်လေး…

ရွှေငှု ကိုယ်လေး မြောက်တက်သွားသလို ခံစားရပါသည်။

ခေါင်းမူးလို့ သူမ သားညီကို မှီထားမိတာကို ဆိုလိုခြင်း ပါပဲ။

''ဟင့်အင်း…မဟုတ်ဘူး''

မျက်နှာလေးတစ်ခုလုံး ထူအမ်းကာ သူမ ရှက်မိပါသည်။ ကိုကို့ရှေ့မှာ မနေတတ်အောင်လည်း ဖြစ်ရပါသည်။





ရှက်စိတ်ကြောင့် တော်တော်နှင့် စကားမဆိုနိုင်ပါ။

သားကိုက သူမကို ခပ်ပြုံးပြုံး ကြည့်နေပါသည်။

''ကိုကို''

သူမ သူ့ကို ခဏခဏ ခေါ်တတ်ပါသည်။ အဲဒီခေါ်သံကိုပဲ သူ နှစ်ဝင်သာယာခဲ့ပါသည်။

''အဲဒီနေ့က ရွှေငှု ခေါင်းမူးလို့ သားညီက ထိန်းပေးတာပါ''

''ဘယ်လို''

သားကိုက စားပွဲရှေ့ကို ခါးကြီးကိုင်းလာသည်။ သူမ ပြောတာကို အံ့သြသွားပုံပါ။

''သားညီနဲ့ ရွှေငှုက သူငယ်ချင်းပါ၊ သားညီကို ရွှေငှု ဘယ်တုန်းကမှ မချစ်ခဲ့ပါဘူး၊ ချစ်ခဲ့ရင် ဒီလိုတွေတောင် မဖြစ်လာဘူး''

သားကို ရင်ထဲ လှပ်ခနဲ အေးစိမ့်သွားသည်။

''ကိုကိုက အဲဒါကိုမြင်ပြီး ဇွတ်တိုက်တွန်းနေတာလား ဟင်၊ ရွှေငှု သူ့ကို မချစ်ခဲ့ပါဘူး၊ ဘယ်တော့မှလည်း ချစ်လို့ရမှာ မဟုတ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



မျက်တောင်လေး ပာဖျပ်ဖျပ် ခတ်ကာ နာဖျားလေးရဲလာ တော့ ငိုချင်စိတ်ကို သူမ ထိန်းထားမှန်း နားလည်မိပါသည်။

"သားညီက သစ္စာခင်နဲ့ ကြိုက်နေတာပါ ကိုကို၊ ရွှေငှ က အဲဒီလို မိန်းမစားလား၊ ရွှေငှမှာ အဲဒီလို သိမ်ဖျင်းယုတ်ညံ့တဲ့ စိတ်ဓာတ် မရှိပါဘူး၊ ရွှေငှ သူတို့ကို စေတနာသန့်သန့်နဲ့ ကူညီခဲ့ တာ၊ ဘာမှသိပ်မစဉ်းစားဘဲ ကူညီခဲ့မိလို့ ခုလို ဖြစ်လာရတာပါ၊ ကူညီရကောင်းလားဆိုပြီး အပြစ်တင်ချင်တင်ပါ၊ စိတ်ဆိုးချင်ဆိုးပါ၊ သားညီနဲ့ ရွှေငှကိုတော့ မဟုတ်မဟပ် မပြောပါနဲ့၊ ရွှေငှ တောင်းပန် ပါတယ်"

ရွှေငှက ချက်ချင်း ငိုသည်။ သူ့ကို နာကြည်းသွားပုံရ သည်။

"မသိဘူးလေ၊ မင်းတို့က နားလည်ရ ခက်တာပဲ"

ရှုတ်ချသလိုပြောလာတော့ သူမရင်ထဲ တဆစ်ဆစ်ခံပြင်း လှပါသည်။ သူမကို အထင်သေးသလိုလို နှိမ့်ချပြောလိုက်တာ ယုံပင်မယုံချင်ပါ။

သူ့ရှေ့ရောက်မှပဲ သူမဟာ အလွန်တရာ သိမ်ငယ်စရာ ကောင်းလှန်းတော့သည်။





"ဟွန်း"

သူမ ခါးသီးစွာ မဲ့မိ၏။ သူ့ကို စူးခနဲကြည့်မိသည်။ သူမမာနကို သူ ထိပါးစော်ကားလွန်းပါသည်။ သူမ ငုံမခံနိုင်တော့ပေ။

သားကိုက သူမအကြည့်တွေကို မနှစ်သက်လှပါ။ သည်လို မျက်လုံးစိမ်းစိမ်းများနှင့် သူမ မကြည့်ဖူးပါ။ အေးစက် လွန်းသော အကြည့်ကို သူ ခံနိုင်စရာမရှိလှပါ။

"ပြောစရာကုန်ပြီလား"

"ပြန်တော့မလို့လား"

သူမ ခေါင်းညိတ်ပြမိသည်။

"သားညီနဲ့ ပတ်သက်ပြီး မင်း ဘာလုပ်ပေးနိုင်မလဲ"

"သားညီက သူ့လမ်းသူလျှောက်မှာပါ၊ ရွှေငှနဲ့ ဘာမှ မပတ်သက်ပါဘူး၊ ကိုကိုပြောချင်ရင် သားညီကိုပြောပေါ့"

"မင်းက မဟုတ်တာလည်း လုပ်သေးတယ်၊ ပြောတော့ လည်း အထက်စီးကပါလား၊ မေမေ မင်းကို ဒီလိုမှန်းမသိလို့ ချစ်တာပါ"

"အဲဒါတွေ ရွှေငှ ဂရုမစိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

သူမ ပြန်ပြောတော့ နာတာငါ်သား။ သူပြောတုန်းကကော သူမက သစ်ငုတ်လိုမနာဘဲ နေမှာလား။

"အေးလေ…စောင့်ကြည့်ရသေးတာပေါ့၊ တစ်ခုခုဆို မင်းကို ငါခွင့်မလွှတ်ဘူးကွ သိလား"

"အဲဒါ ရွှေငုအတွက် အရေးမကြီးပါဘူး"

"မင်းက ကြောက်စရာကောင်းတဲ့ မိန်းကလေးပဲ"

ရွှေငုဝါက ဖြည်းဖြည်းကလေး မတ်တတ်ရပ်လိုက်ပြီးမှ သူ့ကို စေ့စေ့ကြည့်လျက် တစ်ခွန်းချင်း ပြောလိုက်ပါသည်။

"နောက်ကျတယ်၊ ရှင် ဒီထက်စောပြီး သိသင့်တာ"

သားကိုအနားမှ သူမ ထွက်လာခဲ့ပါသည်။ မှာထားသော ပိုကာအအေးဘူးလေးပင် မဖောက်သောက်မိပါ။

သူမ သူ့ကို မေ့ပစ်လိုက်ချင်တော့သည်။





(၂၈)

သူ ပြန်ရောက်ရောက်ချင်း မေမေ့ကို စိတ်မအေးစွာ တွေ့ရပါသည်။

"ဘာဖြစ်လို့လဲ မေမေ"

"ဟင်"

သူ ဇဝေဇဝါဖြစ်ရပါသည်။

"သူတို့ ဘယ်အချိန်ကသွားတာလဲ၊ ဘယ်ကိုသွားတာလဲ မေမေ၊ ဘာပြောသွားသေးလဲ"

ဆက်တိုက်မေးချမိသည်။

"သားကြီးနဲ့ ရေ့ဆင့်နောက်ဆင့်ပဲ ထွက်သွားကြတာ"

"ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



သားကို ပါးစပ်အဟောင်းသား ဖြစ်သွားရတော့သည်။

သွားပြီ …သွားပါပြီ။

ရွှေငုနှင့်သားညီ လက်ဦးမှုရသွားပါပြီ။ သူတို့ ဘာမှ မတတ်နိုင်တော့ပေ။ သည်လောက် မြန်မြန်ဆန်ဆန် ဖြစ်သွားလိမ့်မည်ဟု မထင်ခဲ့တာ သူ့အမှားပါ။ ရွှေငုကို သူ လျှော့တွက်မိတာလေ။

မင်းက အစွမ်းကုန် ကူညီလိုက်ပြီပေါ့ ဒေါ်ရွှေငုဝါ။

မင်း နိုင်ပါတယ်။

"သားကြီး"

မေမေက သူ့လက်မောင်း လာဆုပ်မှပဲ သတိဝင်လာမိသည်။

"မေမေ"

သူ မေမေ့ကို ကြေကွဲစွာ ကြည့်မိသည်။

"မေမေ စိတ်အေးအေးထားနော်"

"ဟင်…ဘာလို့လဲ သားကြီး"

မေမေ့မျက်နှာက အလွန်တရာ ဖြူရော်သွား၏။

"သားညီ သစ္စာခင်ကို နိုးပြေးပြီထင်တယ်"





"ဘုရား…ဘုရား ဟုတ်ရဲ့လား သားရယ်"

သားကိုက မေမေ တစ်ခုခုဖြစ်သွားမှာ စိုးရိမ်စိတ်နှင့် မယုတ်မလွန်ပဲ အသိပေးတာ။ မေမေ့ကို ဆိုဖာမှာ ထိုင်ခွဲသည်။

"ရွှေငုနဲ့သွားတာပါ သားကြီးရဲ့"

ယုံ…ယုံ…အဲသည် ရွှေငုကို တစ်သက်လုံးယုံ။

သားကို ရင်ဘတ်ကြီး မောက်တက်လာအောင် ဒေါသဖြစ်မိသည်။

"သားကြီး ရွှေငုက အိမ်မှာရှိနေလို့လား"

"ရှိမှာပေါ့၊ သူက ရုပ်ရှင်မင်းသမီးလုပ်ဖို့ ကောင်းတာ"

အတန်တန်တားနေသည့် ကြားကပင် သားညီနှင့် သစ္စာခင်ကို ပန်းတိုင်ရောက်အောင် အပြီးသတ် ကူညီပြလိုက်တာဟာ သူ့ကို ပေါ်ပေါ်တင်တင် စိန်ခေါ်လိုက်ခြင်းပါပဲ။

သူက နားဝင်အောင် ချော့မော့ရှင်းပြသည်။ သားညီနှင့် လက်ထပ်ဖို့ တိုက်တွန်းသည်။

ခုတော့…

သားကို မေမေ့ကိုထားရစ်ကာ ရွှေငုတို့ခြံဘက် တလွှားလွှား လျှောက်လာခဲ့မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ခြေလှမ်းတွေက ခေါသံသင့်ကာ မီးပွင့်မတတ်ရှိသည်။

"ရွှေငှ"

ညှော်ခန်းမှာရပ်ကာ သူ့အော်ခေါ်မိပါသည်။

ဓာလိုက်ကာလေး ဖျတ်ခနဲ လွင့်ကာ လိမ္မော်ရောင် သဏ္ဍာန်လေးတစ်ခု မျက်စိထဲသို့ တိုးဝင်လာသည်။

သူမလက်ထဲမှာ နားကြပ်ကက်ဆက်ကလေးနှင့်…

သားကို သူမဆီလျှောက်သွားကာ သူမရှေ့ ခြေစုံရပ်ပြီး နားထဲထည့်ထားသော ကြိုးကို ဆွဲဖြုတ်ပစ်လိုက်ပါ၏။

"ရွှေငှ မင်းဘာလုပ်တာလဲ"

သူ့အသံက ရှူးရှူးဝါးဝါး။

"မအော်ပါနဲ့၊ မေမေ အိပ်နေတယ်"

သူမက ခပ်ဆတ်ဆတ် ဆို၏။

"မင်း ဘာလုပ်တာလဲ"

"ဘာလဲ…ဘာတွေလာမေးနေတာလဲ"

"ရွှေငှ"

သားကိုက သူမပခုံးနှစ်ဖက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ကာ တွန်းပစ်လိုက်သည်။





သူမက ဆိုဖာပေါ်လဲကျသွား၏။

သူ့ကို အေးစက်သော မျက်လုံးများနှင့် စိုက်ကြည့်သည်။

"ငါတို့တစ်အိမ်သားလုံးနဲ့ အဆင်မပြေပါဘူးဆိုတဲ့ မိန်းမနဲ့မှ ငါ့ညီကို မင်းထည့်လိုက်ရသလား၊ မင်း လုပ်ရက်လှချည်လား"

ရွှေငှက လူးလဲထကာ ဆိုဖာမှာထိုင်သည်။ ပြုတ်ကျသွားသော နားကြပ်ကက်ဆက်ကလေးကို စားပွဲပေါ် ကောက်တင်သည်။

"ထည့်ပေးတာမဟုတ်ဘူး၊ သူတို့ဟာ သူတို့ ခိုးပြေးသွားတာ"

"သားညီ အိမ်ကထွက်တော့ မင်းနဲ့ဆို"

"ဟုတ်တယ်"

"အဲဒါ မင်းလုပ်ပေးတာပေါ့"

သားကိုက လက်ညှိုးထိုးပြီး စွပ်စွဲ၏။

"မဟုတ်ဘူး"

သူမအသံက အလွန်အမင်း အေးဆေးတည်ငြိမ်နေသည်။ ဖြစ်လာသမျှကို ရင်ဆိုင်ဖို့ အသင့်ပြင်ထားပုံပါ။

"သူတို့ လက်ထပ်ပြီးတာ ကြာပြီ၊ ဒီနေ့မှ ခိုးပြေးသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်…ဒီလိုလား"

သားကိုက ရွှေငုကို ခပ်ကြာကြာ စိုက်ကြည့်နေသည်။ သူတို့နှစ်ယောက် တလွဲစီဖြစ်နေသော တရားရုံးသွားရခြင်း အကြောင်းကို သားကို သတိရမိ၏။

"မင်းတို့အဖြေမတူကတည်းက ငါသိသင့်တာ"

"အဲဒါ ရှင်ညံ့လို့ပေါ့"

သူမက ငေါ့တော့တော့ဆိုသည်။ သူ ခေါင်းညိတ်လိုက်ပါသည်။

"ရပါတယ်၊ မင်းဖြစ်စေချင်သလို ဖြစ်သွားပြီပဲ၊ ကျေနပ်ပါ"

သားကို သူမတို့ဧည့်ခန်းမှ ကျောခိုင်းလှည့်ထွက်လာသည်။ သူမက သူ့ကို ငေးစိုက်ကြည့်ရင်း ကျန်ရစ်၏။

ငိုရှိုက်မောပန်းနေသော သူမနှလုံးသားလေး သူ့ခြေရင်းမှာ တောင်းပန်တိုးလျှိုး လိုက်ပါသွားပြီဆိုတာ သူမပဲ သိပါသည်။





(၂၉)

ခဏတစ်ဖြုတ် သူမ သတိလက်လွတ်ဖြစ်နေမိရာမှ ဖြန်းခနဲ သတိဝင်ကာ ကိုကို့နောက် ပြေးလိုက်လာခဲ့ပါသည်။

ကြိုက်သလို အပြစ်ပေးပါ ကိုကိုရယ်…

ရွှေငု ခံပါ့မယ်။

ကိုကို့ကို ရွှေငု မခွဲနိုင်ပါဘူး။ ကျေအေးမှုတစ်ခုကို ရွှေငု ယူပါရစေ။

သားညီတို့ခြံဘက် သူမ ပြေးလိုက်လာမိသည်။

မိုးတဖွဲဖွဲရွာနေတာကြောင့် သူမကိုယ်ပေါ် မိုးရေတွေ စိုရွှဲ တုန်ပါသည်။

သားကိုက ဧည့်ခန်းထဲကို ရောက်သွားပါပြီ။ သူမက



www.burmeseclassic.com

www.burmeseclassic.com



အတက်အဆင်းလှေကားထစ်လေးမှာ ခြေစုံရပ်သည်။

ဖုန်းမြည်လာတော့ အန်တီမေမေက သွားကိုင်သည်။

"ဘာပြောတယ်"

အန်တီမေမေ ဒေါသတကြီး အော်လိုက်တော့ ရွှေငုကိုယ်လေး ဆတ်ခနဲ တုန်ခိုက်မိပါသည်။

"ဒီမှာ သစ္စာခင် ငါ ညည်းကို အသိအမှတ်မပြုဘူး"

"ဟင်"

သစ္စာက အန်တီမေမေဆီ ဖုန်းဆက်သတဲ့လား။ ဘာတွေ လျှောက်လုပ်နေသလဲ သစ္စာရယ်။

"ညည်း တော်တော်ရိုင်းစိုင်းပါလား၊ တော်တော့…ဆက်မပြောနဲ့၊ တော်စမ်း"

အန်တီမေမေက ဖုန်းခွက်ကို ချပစ်ပြီး ရင်ဘတ်ဖိကာ လဲကျသွားသည်မို့ သားကိုက ကမန်းကတန်း ပွေးပွေ့သည်။

"မေမေ…မေမေ"

သားကို တုန်လှုပ်စွာ မေမေ့ကို ခေါ်သည် မေမေ့အတွက် စိုးရိမ်မှုက အထွတ်အထိပ်၊ မျက်စိတွေပင် ပြာဝေချင်သည်။

"အန်တီမေမေ"





ခေါသံ တိုးတိုးတိမ်တိမ်ကလေးနှင့် ဘေးနားရောက်လာသော သူမကို သူ ဒေါသတကြီး အော်ဟစ်နှင်ထုတ်မိပါသည်။

"မင်း ဘာလာလုပ်တာလဲ၊ သွားစမ်း…ခုထွက်သွား၊ မင်း ခုချက်ချင်း ထွက်သွားစမ်းပါ၊ မင်း လာစရာမလိုဘူး၊ မင်းကြောင့် မေမေ ခုလိုဖြစ်ရတာ၊ မင်း အခုသွား"

ရွှေငုက မေမေ့လက်ဖျားလေး ဆုပ်ကိုင်ကာ တရှုပ်ရှုပ်ငိုသည်။ သူ့စကားကို နားမထောင်ပါ။ သူ သူမလက်မောင်းကို ဆုပ်ကိုင်ကာ မေမေနှင့်ဝေးရာ တွန်းဖယ်ပစ်၏။ သူမက ပေတေပြီး မေမေ့လက်ဖျားကို ဆုပ်မြဲဆုပ်ထားသည်။

"အန်တီမေမေ…အန်တီမေမေ၊ သတိလစ်နေပြီ လုပ်ပါဦး"

ရွှေငု အော်လိုက်မှ သူ့စိတ်တွေ မေမေ့ဆီ ပြန်ရောက်လာကာ မေမေ့ကို ခုံပေါ်ပွေ့တင်သည်။

"မေမေ…မေမေ"

မေမေက စိုးရိမ်တကြီး သူ့အသံနှင့်အတူ သတိလည်လာသည်။

"မေမေ"



www.burmeseclassic.com

www.burmeseclassic.com



“အန်တီမေမေ”

ရွှေငှက မေမေ့လက်ကလေးကို ဆုပ်မြဲဆုပ်ထားသည်။

“အန်တီမေမေ…သတိထားနော်၊ စိတ်ထိန်းပါနော်”

မေမေက ရွှေငှကို ခေါင်းလေးညိတ်ပြသည်။

“မင်းသွားတော့ ရွှေငှ၊ မင်းကို မြင်နေရရင် ငါစိတ်ထိန်းနိုင်မှာမဟုတ်ဘူး၊ သွား…မင်းပြန်တော့”

မေမေ့လက်ကို ဆုပ်ထားသည့် သူမလက်ကို ခပ်ကြမ်းကြမ်းလေး ဆွဲဖယ်ပစ်လိုက်၏။

ရွှေငှက မျက်လုံးလေး အဝိုင်းသားနှင့် မော့ကြည့်ပြီး လှည့်ပြေးသွားတော့သည်။

“ဟဲ့…သား ဘယ်လိုလုပ်တာလဲ”

မေမေက သူ့ကို ဟန့်တားသည်။

“မေမေ နေသာရဲ့လား”

မေမေက သူ့ကိုကြည့်ပြီး သက်ပြင်းမောချသည်။

“မေမေ တအားကြီး ခံစားမနေနဲ့၊ ဖြစ်သင့်လို့ဖြစ်တယ်လို့ သဘောထားပါ၊ သားညီက ကလေးလေးမှ မဟုတ်ဘဲ”

“မေမေ ဘယ်လိုဖြေရမလဲ သားကြီးရယ်”





သားကိုက မေမေ့ကို အားပေးနှစ်သိမ့်နေရပေမယ့် သူကိုယ်တိုင်လည်း စိတ်တွေ လှုပ်ရှားလွန်းနေသည်။

“ရွှေငှကို သိပ်မပြောပါနဲ့ သားကြီးရယ်”

မေမေက သူ့ကို သတိပေးစကား ဆိုနိုင်သေး၏။

“ဒါတွေ သူ့ကြောင့် ဖြစ်ရတာ မေမေ”

သားကို ဒေါသတွေက ရွှေငှ တစ်ယောက်တည်းပေါ် သဲသဲမဲမဲ စုပြုံကျနေသည်။

သူက အကြောင်းစုံကို ကြိုတင်သိခဲ့ပြီး ရပ်တန်းကမှပ်ဖို့ တောင်းပန်ခဲ့သူမဟုတ်လား။

ရွှေငှကို သူ အင်မတန် နာကြည်းသွားမိတော့သည်။ သူ့စကားတွေကို သူမ တန်ဖိုးမထားပါလား။

သူတို့မိသားစု ဒုက္ခဖြစ်မှာ စိုးရိမ်တာကို သူမက ဖြစ်အောင် ကူညီလိုက်ပါသည်။

မင်းကို ငါစိတ်နာတယ် ရွှေငှ။



www.burmeseclassic.com

www.burmeseclassic.com



(၃၀)

''မေမေ…ဗွေမယူရက်ပါဘူး သားရယ်''

အံ့ဖွယ်ပါပဲ၊ မေမေ့စေတနာ မေတ္တာ ခွင့်လွှတ်နိုင်မှုက မယုံနိုင်စရာကောင်းအောင် မြင့်မားလွန်းပါသည်။

''သားညီနဲ့ သစ္စာခင်က အနိုင်ကျင့်တာ နေမှာပါကွယ်၊ ရွှေငုလေးက သဘောကောင်းလွန်းတော့ မလွန်ဆန်နိုင်ဘဲ လိုက်လျောရတာမျိုး ဖြစ်မှာပါ၊ ရွှေငုက စိတ်ထားနူးညံ့လွန်းပါတယ်၊ မေမေ သိတာပေါ့၊ သူ့ကို ဘာမှသွားမပြောပါနဲ့၊ တော်ကြာ စိတ်ထိခိုက်နေပါ့မယ်''

သားကိုက မေမေ့ကို ဘာမှပြန်မပြောဘဲ ကြည့်နေလိုက်တော့သည်။

ရွှေငုရေ…မေမေကတော့ မင်းဘာပဲလုပ်လုပ် တစ်သက်



www.burmeseclassic.com

www.burmeseclassic.com



လုံး ခွင့်လွှတ်မယ့်ပုံပါလား။ ငါ့ခေးမကို မင်း ဘယ်လိုစည်းရုံး ထားသလဲ။

"သစ္စာခင်ကတော့ မေမေ့ကို အနိုင်ရလိုက်တာ ကျွန်ုပ်ပုံပဲ"

မေမေ့မျက်နှာက သိသိသာသာ နွမ်းနယ်နေပါသည်။

မနေ့ကပဲ မင်္ဂလာပွဲကိစ္စကို နှစ်ဖက်လူကြီးတွေ ဆွေးနွေး တိုင်ပင်ကြသည်။ မေမေက ယောကျ်ားလေးရှင်မို့ လုပ်သင့်လုပ်ထိုက်တာ လုပ်ပေးဖို့ သဘောတူလိုက်ပါသည်။

"သားညီတို့ကို ဘယ်မှာထားရင် ကောင်းမလဲသား"

မေမေက သူ့ကို တိုင်ပင်လာ၏။

"မေမေက ဒီမှာ အတူတူ ထားချင်လို့လား"

မေမေက မျက်ရည်လေး တစမ်းစမ်းရှိသည်။

သားညီကို မေမေက သိပ်ချစ်သည်လေ။

သားကို မသက်မသာ သက်ပြင်းရှိုက်သည်။

"မင့်ပါနဲ့ မေမေရယ်၊ သူတို့ဖူးစာပါလို့ပဲ သဘောထားလိုက်ပါ၊ သားညီက အဲဒီကောင်မလေးမှ လိုချင်တာကိုး"

"သစ္စာခင်က ရှိုင်းချင်တယ်၊ အတူတူနေရင် သားလေး စိတ်ဆင်းရဲနေရဦးမယ်၊ သားကြီးရဲ့ ရုံးခန်းမှာပဲ ထားရအောင်"

"ဟုတ်ကဲ့၊ မေမေ ဖြစ်စေချင်သလို ပြောပါ၊ သား





လုပ်ပေးပါ့မယ်"

ဖေဖေက မေမေ့ကို အားပေးနှစ်သိမ့် စကားတွေ တရှည် တလျား ပြောပါသည်။

သားကိုက ခြံထဲဆင်းလာပြီး လမ်းလျှောက်နေလိုက်၏။ တော်ကြာဆို သားညီတို့ ပြန်ရောက်ကြတော့မှာ။

လောလောဆယ်တော့ သည်မှာပဲ နေကြလိမ့်ဦးမည်။

မင်္ဂလာဧည့်ခံပွဲပြီးမှသာ ပြောင်းရွှေ့ဖို့ စီစဉ်ပေးရမှာ။

တစ်ဖက်ခြံကို လှမ်းကြည့်တော့ သိသိသာသာ ငြိမ်သက် နေသည်။

ရွှေငုကို အရိပ်အယောင်ပင် မမြင်ရပါ။ သူမ ဘယ်သွား နေပါလိမ့်။ တော်တော်များများကလည်း သားညီကို သူမချစ်သူ ထင်ထားကြတော့ သစ္စာခင်နှင့် သတင်းကိုကြားပြီး မျက်စိလည်ကုန် ကာ သူမဆီ မေးကြမြန်းကြမှာ။

သားကိုက အံတစ်ချက် ကြိတ်မိသည်။ ပြင်းထန်သော အကြည့်ရူးရူးက သူမတို့အိမ်ဘက် ကျရောက်သွား၏။

သူကတော့ မေမေ့လို ကျေအေးမှု မရနိုင်သေးပါ။ သူ ဘယ်လိုမှ ခွင့်လွှတ်မရအောင် နာနေတုန်း။

တစ်စုံတစ်ရာ လက်တုံ့ပြန်ဖို့ ရည်ရွယ်ချက် အရှင်းမရှိ ပေမယ့် ရင်ထဲမှာ နာကျင်ခံပြင်းနေမိတာ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ သူမ ဘ(ာ)နားငုပ်လျှိုးပုန်းရှောင်နေသည်မသိ။ မျက်နှာချင်းဆိုင်ရမှာ အားနာနေရှာသလား။ မေမေကတော့ သူမတို နွေးထွေးစွာ ကြိုဆိုလျက်ပါ။ နည်းနည်းလေးမှ သူ့လို ဒေါသဖြစ် စိတ်နာပုံမရ။

သည်လို ဖြစ်သွားမယ်မှန်း သိခဲ့လျှင် သူမကို သားညီနှင့် ချက်ချင်းကို လက်ထပ်ပေးခဲ့မိမှာပါ။

''သားကြီး''

''ဗျာ…ဖေဖေ''

''မင်းအမေကတော့ စိတ်ထိခိုက်နေပုံပဲ၊ သား ဂရုစိုက် လိုက်ဦး''

''ဟုတ်ကဲ့''

''ပြီးတော့''

ဖေဖေက စကားမစသေးဘဲ သူ့ကို စူးစူးစမ်းစမ်း အကဲခတ်ပါသည်။

''ဘာများလဲ ဖေဖေ''

ဖေဖေက သူ့ကိုပြောဖို့ ချင့်ချိန်နေပုံ။

''ပြောပါ ဖေဖေ''

သူက ဖေဖေ့စကားကို နာခံလိုက်လျှော့ဖို့ အသင့်ပါ။

''ရွှေငုကို သား ဘာမှမပြောသင့်ဘူး''





''ဗျာ''

ဖေဖေက သူ့ကို တစ်ချက်ကြည့်ပြီးမှ…

''အင်း…ရွှေငုက အပြစ်ရှိတယ်ထား၊ သားက သွားပြောတော့ ဘာတွေဖြစ်လာမှာလဲ၊ မုန်းရုံပဲ ရှိမှာပေါ့''

''သား နားလည်ပါတယ် ဖေဖေ''

မျက်နှာပျက်ပျက်နှင့် သူ ခေါင်းညိတ်လိုက်ရတော့သည်။

ဖေဖေနှင့် မေမေက သူ့ကို ဒါပဲသတိပေးကြသည်။

''နောက်တစ်ခုက သားညီတို့ရောက်လာရင် ပြေလည်ဖို့''

''သားနဲ့ ဘာပြဿနာမှ မရှိနိုင်ပါဘူး''

ဖေဖေက ကျေနပ်သွားပုံရပါသည်။

မင်းကိုဆို ဖေဖေနဲ့မေမေက တကယ့် သမီးအရင်းလေး တစ်ယောက်လိုပါပဲ။ မင်းလုပ်ရပ်အတွက် ငါ ရင်နာမိတယ်ကွာ။

သူ့မျက်လုံးတွေက ရွှေငုတို့ခြံဘက် ရောက်သွားပြန်သည်။

မြက်ခင်းစပ်မှာ ဒန်းဖြူဖြူက ငြိမ်သက်လို့။ သူလည်း ရော်နှောကြေကွဲနေပုံရပါသည်။

သူ့ကိုခင်တွယ်သော သူနှစ်ဦးမှာ မရှိတော့ပြီ။ ဂီတာတီးသော ကောင်လေးက အဝေးမှာ၊ သီချင်းဆိုသော ကောင်မလေးက အခန်းလေးထဲ နှိုအောင်းငိုရှိုက်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်ဟာ…

သူတို့နှစ်ယောက် ဘယ်တုန်းကမှ ချစ်သူမဟုတ်ခဲ့တာ မင်းက တစ်ချိန်လုံးသိနေခွင့်ရခဲ့လို့ အခုအချိန်မှာ ဖြေသာမှာပါ ဒန်းကလေးရယ်။

ငါကတော့…

သားညီကောင်မလေးဆိုပြီး နောက်ဆုတ်ရင်းနဲ့ အဖြစ်မှန်ကို သိရချိန်မှာ ခြေလှမ်းတွေက ချောက်နက်ကြီးထဲ ကျသွားသလို အဝေးကြီး ဝေးခဲ့ပါပြီ။

သူမနဲ့တွေ့တိုင်း ငါ ရင်ခုန်နေခဲ့တယ်ဆိုရင် မင်းယုံကြည်မှာလားဟင်။ သူမကိုကော မင်း ကူပြောပေးနိုင်မှာလား။

ငြိမ်သက်နေသော ဒန်းဖြူဖြူကိုကြည့်ကာ စကားတွေ ပြောနေမိပါသည်။

မင်းနဲ့ပတ်သက်လာရင် ငါမရဘူး။

အမြဲပဲ ရှုံးသွပ်နေခဲ့တယ် ရွှေ…





(၃၁)

"သားညီဆီက ဖုန်းလာတယ်"

ဟု မေမေက ခေါ်တာကြောင့် အိပ်ရာထဲ ခွေနေရာမှ သူမ လူးလွန့်ထလာရသည်။

"သားညီလား…ပြော"

သားညီက တဟဲဟဲရယ်နေပြီးမှ…

"ငါတို့ပြန်ရောက်နေပြီ"

ဟု ဆိုပါသည်။

"သိတယ်…ကိုဆွေပြောတယ်"

ရွှေ့အသံက စိတ်မပါတပါ။

"နေမကောင်းဘူးလား"

"ကောင်းသားပဲ၊ ငါ သစ္စာခင်နဲ့ ပြောချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သားညီက ခဏငြိမ်သွားသည်။

"အန်တီမေမေ့ဆီ သူ ဖုန်းဆက်တာ သိပ်လွန်တယ် သားညီ၊ အဲဒါ နင်ဘာလို့ မတားတာလဲ"

"ငါ သူ့ကို အဲဒီကိစ္စပြောပြီးပြီ"

ရွှေငှက လှပစွာမဲ့သည်။

သားညီကိုယ်တိုင်က ရွှေငှကို သစ္စာခင်နှင့် ပေးမတွေ့ချင်။ သစ္စာခင်ကို အပြစ်မပြောစေချင်ပုံ။

"အန်တီမေမေ မူးလဲသွားတယ်သိလား"

"ကိုကိုပြောလို့ ငါသိပြီးပါပြီ"

ရွှေငှက သက်ပြင်းရှိုက်သည်။

"သစ္စာခင် ဘယ်လိုဖြစ်သွားလဲလို့ ငါ စဉ်းစားမရဘူး"

သားညီက ဘာမှမပြောဘဲ တိတ်နေသည်။

"သစ္စာခင်နဲ့ ပြောလိုက်ဦးလေ"

"အင်း"

သားညီက သစ္စာခင်လက်ထဲ ဖုန်းခွက်ပေးလိုက်၏။

"သစ္စာလား"

"အင်း…ရွှေငှ နေကောင်းလား"

"ကောင်းပါတယ်၊ နင်ကော"





"အင်း"

"ပျော်ရဲ့လား"

"ပျော်တာပေါ့"

သစ္စာခင်က ရှက်စနိုးရယ်နေသည်။ ပြီးမှ…

"နင့်ကိုသတိရတယ်"

ဟု ဖြည့်စွက်ဆို၏။

"ဟုတ်မှဟုတ်ရဲ့လား၊ တစ်လောကလုံး မေ့နေတာများ"

သစ္စာခင်က မငြင်းနိုင်ပါ။

"သစ္စာ"

"ဟင်"

"အန်တီမေမေ့ကို နင်မုန်းရင် နာရင်လည်း မေ့ပစ်လိုက်တော့နော်၊ သူက နင့်အမေ ဖြစ်သွားပြီလေ၊ ဟိုနေ့ကဆို မူးလဲသွားတယ်"

"အေးပါဟယ်…အဲဒါ ငါမှားသွားတယ်"

"ရှေ့လျှောက်ပြေလည်ရင် ပြီးတာပဲ"

ရွှေငှနှင့် သစ္စာခင် စကားဆိုနေတာကို သားညီက 'ကြားတယ်' ဟု ဝင်အော်သည်။

"သစ္စာခင်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ"

"အားလုံးနဲ့ ပြေလည်အောင်နေနော်"

"အေးပါဆို"

"မာနတွေ လျှော့ပစ်လိုက်တော့၊ အခုဆို မိသားစုဖြစ်သွားပြီ"

"ဟုတ်ကဲ့ပါ၊ ကြီးတော်ရယ်"

သစ္စာခင်က ငေါ့တော့တော့လုပ်ပြီး ဖုန်းချသွား၏။

ရွှေငုက ဖုန်းခွက်လေး လက်ထဲကိုင်ထားပြီး ငိုင်တွေနေမိသည်။

သူများတွေ ပြေလည်သွားကြပြီ ကိုကို။

ကိုကိုကတော့ ဘယ်တော့များမှ အမျက်ပြေ အမုန်းတွေ ပြေမှာလဲ။ တစ်သက်လုံး နာကြည်းကျောခိုင်းလိုက်တော့မှာလား ကိုကိုရယ်။

ရွှေငု နှလုံးသားလေး အားငယ်ညှိုးရော်စွာနဲ့ ကိုကို့ခွင့်လွှတ်မှု ဖေးမမှုကို မျှော်လင့်နေရတယ်ဆိုတာ...

ကိုကို မြန်မြန်သိပါစေ။





(၃၂)

အန်တီမေမေက သူမဆီ ဖုန်းဆက်တော့ သူမ မျက်ရည်တလည်လည်ဖြစ်ကာ စိတ်မထိန်းနိုင်ဘဲ ငိုမိပါသည်။

"ရွှေငုကို အန်တီမေမေ ခွင့်လွှတ်တယ်နော်"

သေချာအောင် အထပ်ထပ် မေးမိပါသည်။

"အန်တီမေမေတို့က နားလည်ပါတယ် သမီးရယ်၊ ခွင့်လွှတ်ပါတယ် သမီး၊ စိတ်ဆင်းရဲ မနေနဲ့တော့နော်၊ သားကြီးလဲ တဖြည်းဖြည်း သွေးအေးသွားပြီ၊ သမီးလေးကို နားလည်လာမှာပါ"

အခုတော့ စိတ်နာလို့ကောင်းတုန်းပဲလား ကိုကို။

"သားကြီး ပြောခဲ့တာတွေ သမီး အမှတ်မထားပါနဲ့ကွယ်"

ရွှေငု ဘာပြောရမလဲ အန်တီမေမေ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေငှ ရင်ထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာ…

"သမီးကိုကိုနဲ့ ခဏစကားပြောပါရစေ အန်တီမေမေ"

အန်တီမေမေ သားကိုကို ခေါ်ပေး၏။

"ကိုကိုလား"

အသက်ရှူသံ သဲ့သဲ့ကြောင့်သာ မေးလိုက်နိုင်တာ။

ကိုကိုက ဘာမှမပြောဘဲ ငြိမ်သက်နေပါသည်။

"ကိုကို…ရွှေငှ ကိုကိုနဲ့ ခဏတွေ့ပါရစေ၊ ပြောစရာရှိလို့ပါ ကိုကို"

"မဖြစ်ဘူး၊ ငါမအားဘူး"

သားကိုအသံက မာကျောအေးစက်နေ၏။

"သားညီနဲ့ ပတ်သက်ပြီး ဆွေးနွေးစရာရှိတယ်လို့ ခေါ်တုန်းက ရွှေငှ မငြင်းခဲ့ပါဘူး ကိုကို"

ကိုကိုက စဉ်းစဉ်းစားစား ရှိနေပြီးမှ…

"ပြီးရောလေ၊ အိမ်ကိုလာလိုက်ပေါ့၊ ငါစောင့်နေမယ်" ဟု ဆိုပါသည်။

"ကျေးဇူးတင်တယ် ကိုကို"

ရွှေငှက ဖုန်းချပြီး သားကိုတို့အိမ်ဘက် အပြေးကလေး





ရောက်သွားမိပါ၏။

ကိုကို့ကို လွမ်းလှပါပြီ ကိုကို။ မြင်ချင်လှပါပြီ။

ညှို့ခန်းထဲဝင်လိုက်သည်ဆို အဆင်သင့် ခြေချိတ်ထိုင်စောင့်နေသော ကိုကို့ကို ဘွားခနဲ တွေ့ရတာမို့ သူမခြေစုံရပ်သွားမိ၏။ ပြီးမှ မရဲတရဲလေးလှမ်းကာ ကိုကို့ရှေ့မှာ ဝင်ထိုင်သည်။

ကိုကိုရယ်…

မကြည်မလင် မှုန်တင်းတင်းရှိနေသော ကိုကို့ကို သူမ တငေးတမော မက်မောစွာ၊ လွမ်းဆွတ်စွာ၊ တမ်းတစွာ၊ မြတ်နိုးစွာ၊ မွတ်သိပ်စွာ လှိုက်လှိုက်သာသာ ငေးကြည့်နေမိ၏။

ကိုကို သူမကို စကားမဆို။ နှုတ်ခမ်းတွေ တင်းတင်းစေ့နေသည်။

အားငယ်ဝမ်းနည်းစွာ သူမ မျက်လွှာချမိချိန်မှာ သူမနှုတ်ခမ်းတွေ အလွန်တရာ ခြောက်သွေ့သွားသလို ခံစားရပါသည်။

ဖြစ်နိုင်လျှင် ကိုကို့ရင်ခွင်ထဲ ဖွတ်တိုးဝင်လျက် အားပါးတရ ငိုရှိုက်ပစ်လိုက်ချင်ပါသည်။ နည်းနည်းနေသာသွားအောင်ပါ။

"ကိုကို"

သူမခေါ်သံလေးက တိုးတိုးတိမ်တိမ်။



www.burmeseclassic.com

www.burmeseclassic.com



"သားညီနဲ့ လက်ထပ်ပါလို့ အကြောင်းစုံသိပြီး ကိုထိုက်တွန်းတော့ သားညီနဲ့ သစ္စာခင်က လက်ထပ်ပြီးကြပါပြီ"

"ဒါတွေ ဘာလို့ လာပြန်ပြောနေတာလဲ"

"ရှင်"

"ဒီကိစ္စတွေ ဘာမှ ဆွေးနွေးဖြေရှင်းစရာ မလိုတော့ဘူး ပြီးဆုံးသွားပြီ၊ သားညီနဲ့ သစ္စာခင် အိမ်ပေါ်ရောက်နေပြီပဲ"

"မဟုတ်သေးဘူးလေ"

မရဲတရဲ သူမ ပြောမိပါသည်။

"ဘာကိုလဲ...မင်းဘာလို့ ခုမှ ဒါတွေ လာရှင်းပြနေတာလဲ၊ ဘာအဓိပ္ပာယ်လဲ ဘာရည်ရွယ်ချက်လဲ"

ကိုကို့အသံက ကျယ်လောင်ရူးရှလွန်းပါသည်။

"မင်းကို ခွင့်လွှတ်စေချင်တာလား၊ ငါ့ကို လာနှစ်သိမ့်တာလား၊ ဘာသဘောလဲ ပြောစမ်းပါ"

ရွှေငှက ကျုံ့ကျုံ့ကလေးပြင်ထိုင်ပြီး ခေါင်းငုံ့သထက်ငုံ့သွားရ၏။

"ကိုကို့စကားကို ရွှေငှ အလေးမထားခဲ့တာ မဟုတ်ပါဘူး၊ အဲဒါ သိစေချင်တာပါ"





"ကျွတ်...ပြဿနာပဲ၊ ကဲ...ဒါပဲလား၊ ပြန်တော့"

ကိုကိုက သူမကို နှင်ပါသည်။

သူမကို အမြဲနှင်ထုတ်ရက်သော ကိုကို့ကို သူမ ထုရိုက်ကုတ်ဖဲ့ပစ်ချင်ပါသည်။

"ကိုကို တိုက်တွန်းတောင်းဆိုတဲ့အချိန်မှာ အရောရာလွန်နေပြီမို့ ရွှေငှ ဘာမှမတတ်နိုင်ခဲ့တာကို ကိုကို သိအောင်"

"တော်ပါတော့၊ ငါမှ ဒါတွေ စိတ်မဝင်စားတော့တာ"

"ပြီးရော"

ရွှေငှ ဝှန်းခနဲထရပ်ကာ လှည့်ထွက်လာမိသည်။

ကိုကို သိပ်ရက်စက်တာပဲ။

ကိုကို မချစ်တတ်ဘူး။

သူမ နှုတ်ခမ်းလေးစူကာ စိတ်ဆိုးမိပါသည်။

သားကိုက မိုးပြာရောင် လွင်လွင်ကလေးနှင့် တရွေ့ရွေ့ ပျောက်ကွယ်သွားသော သဏ္ဌာန်လေးကို ငေးမောရင်း ကျန်ရစ်ခဲ့ပါသည်။

သူ့ကို မျက်လုံးလက်လက်ကလေးများနှင့် သတိလက်လွှတ် ငေးစိုက်ကြည့်နေတော့ သူ အသက်ပင် မရှူမိပါ။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငိုက်စိုက်နေရင်း သားကို သက်ပြင်းရှိုက်သည်။

သူမ လုပ်ရပ်ကို သူ နာကျင်နေမိတာတော့ အမှန်ပါ။

သို့ပေမယ့်…

အမှန်အတိုင်း ဝန်ခံရလျှင်…

ရွှေငှကို သူ သိပ်ချစ်နေမိပါပြီ။





(၃၃)

ပြတင်းပေါက်လိုက်ကာ စိမ်းစိမ်းကို အသာဖယ်ပြီး မှန်တံခါးကို တွန်းဖွင့်လျက် ခြံထဲသို့ လှမ်းကြည့်လိုက်တော့ မြက်ခင်းပေါ်မှာ သူတို့သုံးယောက်ကို တွေ့ရပါသည်။

သားညီက ဂီတာတစ်လက်နှင့် သူတို့ကိုကြည့်ရတာ ခါတိုင်းလိုပဲ ပေါ့ပါးပျော်ရွှင်နေကြသည်။

သစ္စာခင်နှင့် သားညီ လက်ထပ်လိုက်တာဟာ သူတို့သုံးယောက်အတွက် ဘာမှ ထူးခြားပြောင်းလဲမသွားပါ။ အစကတည်းက လုံးထွေးခင်မင်ပြီးသား သူငယ်ချင်းတွေမဟုတ်လား။

ရွှေငှ မျက်နှာလေးကတော့ အစတုန်းကလိုပဲ ညှိုးရိပ်တွေ စွန်းထင်နေတုန်းပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမကို သူ ခွင့်မလွှတ်သရွေ့ သူမက မျက်နှာငယ်လေး နှင့် ရှိနေမည့်ပုံ။

တစ်ခါတလေတော့လည်း သနားမိသလိုရှိသား။

သို့သော် သူမကို မှတ်လောက်သားလောက်အောင်ပင် ထားလိုက်ချင်ပါ၏။

ဒါမှ သူမ နောက်ဆို တစ်ခုခုလုပ်ဖို့ ဆင်ခြင်မှာ စဉ်းစားမှာ။

စိတ်ထဲမှာတော့ သူမကို ဒေါသဖြစ်ခဲ့ပါပြီ။

"ရွှေငှ"

"ဟင်"

"သိချင်းဆို"

"ဟင့်အင်း…သစ္စာ ဆိုနိုင်းပါလား"

သားညီက ရွှေငှကိုပဲ စွတ်တိုက်တွန်းနေတော့ သစ္စာခင် မျက်နှာလေးက ပျက်ချင်ချင်…

"သားညီ"

"ဘာလဲ"

"နင့်မိန်းမက သဝန်တို အူတို မာနခဲ၊ နင် သတိ အမြဲ





ထားနော်၊ တော်ကြာ ငါ ကြားထဲကမလွယ်ဘူး"

ရွှေငှက ပွင့်လင်းစွာ ချပြောလိုက်တော့ သစ္စာခင်က ရှက်ရယ်ရယ်သည်။ သားညီက သစ္စာခင်ကို လှမ်းကြည့်၏။

"ဟိုတစ်ခါ ငါ ခေါင်းမူးလို့ နင့်ကို မှီလိုက်တာလေ၊ နင် မှတ်မိလား သားညီ"

သားညီက ဆတ်ခနဲ ခေါင်းညိတ်သည်။

"အဲဒါကို နင့်အစ်ကိုက တလွဲထင်နေတာဟ့ေ၊ မနည်း ရှင်းပြရတယ်-သိလား၊ မလွယ်ဘူး"

ရွှေငှက ညည်းညည်းညူညူ ဆိုသည်။

သစ္စာခင်က ရွှေငှ စကားကို ပါးစပ်လေးအဟောင်းသား နှင့် တအံ့တသြ ဖြစ်သွားရ၏။

သူမ တစ်ဖက်သတ် အထင်လွဲခဲ့မိတာပါလား။

"နင်က ငါ့ကို တွဲထားပေးတော့ ကိုကိုက နင်နဲ့ငါ့ကို တကယ့်ရည်းစား မှတ်သွားတာဟ့၊ ထိပေါက်တာလေ"

ရယ်စရာတစ်ခုလို ရွှေငှက ပြောနေပေမယ့် သစ္စာခင်က စိတ်မကောင်းဖြစ်စွာ ငြိမ်နေမိသည်။

သစ္စာခင်မှာ တစ်ဦးတည်း ကြိတ်မှိတ် ခံစားလိုက်ရတော ရင်ပွင့်မတတ်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေငှက ခေါင်းလေးငုံ့ကာ ရယ်ရင်း မသိမသာ သစ္စာခင်ဆီ လှမ်းကြည့်လိုက်၏။

သစ္စာခင် ရင်ထဲမှာ တစ်ခုခု အဆိုင်အခဲ ဖြစ်နေလျှင် ပြေပျောက်သွားစေချင်တာပါ။

သူမရင်ထဲမှာ ကိုကိုတစ်ယောက်တည်းပဲ ရှိပါသည်။

ကိုကို့ကိုပဲ သူ မက်မောစွာ တမ်းတလိုချင်ပါသည်။

သားညီကို ဘယ်တုန်းကမှ ရင်မခုန်ခဲ့ပေမယ့် ကိုကို့ကို စတွေ့ကတည်းက ရင်ခုန်ကြည်နူးမိပါသည်။

သို့ပေမယ့် ကိုကိုက သူမကို အသိအမှတ်ပြုဖော်မရပါ။

သစ္စာခင်က မျက်နှာသေလေးနှင့် တွေဝေစဉ်းစားနေတော့ ရွှေငှ ပြောလိုက်ရကျိုး နပ်ပါသည်။

သစ္စာရယ်…

နင်နဲ့ငါ သူငယ်ချင်းတွေပါ၊ နင့်ကို ငါက ဒီလိုလုပ်ဝံ့မလား။ နင့်သူငယ်ချင်း ငါက အဲဒီလို မိန်းမစားမျိုး မဟုတ်ပါဘူး။

ငါ့ရဲ့ ကိုယ်ကျင့်တရားနဲ့ ဂုဏ်ရှိန်ကို ဘယ်အချိန်မဆို ဘယ်ပေတံနဲ့တိုင်းတိုင်း ငါ ရဲရဲအာမခံဝံ့ပါတယ်။

ရွှေငှဝါဆိုတာ တန်ဖိုးမဲ့ မိန်းမတစ်ယောက် မဟုတ်ပါဘူး။ သားညီကို ဘယ်တုန်းကမှ ဘာစိတ်မှ မရှိခဲ့ဖူး။





ရွှေငှ ရင်ထဲမှာ တိုတ်တိုတ်လေး နိုအောင်းနေတဲ့ သူက သားကိုပါ။ သားကိုကိုပဲ ငါချစ်မိပါတယ် သစ္စာရယ်။

နင်တို့နှစ်ယောက်အနား လာနေတာကလည်း သားကိုရှိတဲ့ နေရာမို့ပါ။ ငါ သားကိုကို တွေ့ချင်လွန်းလို့ပါ။

တကယ်ဆိုတော့ ငါနဲ့ သားကို ဝေးရတာလည်း နင်တို့ အပေါ်ထားမိတဲ့ စေတနာ၊ ကူညီမိတဲ့ သံယောဇဉ်ကြောင့်ပါ။

သားညီ ချစ်သူအဖြစ် ဟန်ဆောင်ပေးခဲ့ရတာ ငါ့နှလုံးသားကို ရင်းခဲ့ရတာပါ။

ရွှေငှက မနေချင်တော့တာမို့ သူတို့နှစ်ယောက်ကို နှုတ်ဆက်လိုက်၏။

''ငါ ပြန်တော့မယ်ဟာ''

သစ္စာခင်က ထွက်သွားသော ရွှေငှကို လှမ်းကြည့်ပြီး သားညီ ပခုံးလေးကို အသာမှီချလိုက်၏။

ငါ့အပေါ် သံသယရှင်းပါ သစ္စာ။

ရွှေငှ တိုတ်တိုတ်ကလေး ပြောနေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(၃၄)

သီဟ ရောက်လာတော့ ရွှေငှ ပျော်မိသလိုလို။

အိမ်ထဲအောင်းကာ ရင်ထဲ ကြိတ်မှိတ်ခံစားနေရတာတွေ ဘာမှမေ့ထားလိုက်ချင်ပါသည်။

သီဟက သူမ ဖုန်းမဆက်တာကို အပြစ်တင်၏။

"အခုလို အသက်ရှင်လျက်နဲ့ ကျန်းမာစွာတွေ့ရတာ ဝမ်းသာပါတယ်"

ဟု ထွေ၏။

"မသေသေးဘူးလားလို့ မေးတာပေါ့လေ"

ရွှေငှ မျက်စောင်းရွယ်မိသည်။

"အကျိုးတော်ဆောင်ကြီး အောင်မြင်သွားပြီဆို၊ ငါ ကြား



www.burmeseclassic.com

www.burmeseclassic.com



ပါဟယ်''

သီဟက သားညီတို့ကိစ္စကို ရည်ရွယ်ပြောလိုက်တာ။

''နေစမ်းပါဦး··· အိမ်ထဲမှာပဲနေမယ်လို့ နင် အဓိဋ္ဌာန်ထားသလား၊ အပြင်လေးဘာလေး ထွက်ပါဦးလား''

ရွှေငုက မဲ့ပြုံးလေး ပြုံးသည်။

''နင့်ကို ဘယ်သူပြောတာလဲ''

''သားညီ''

ရွှေငုက ခြောက်သွေ့စွာရယ်သည်။

''သားညီနဲ့သစ္စာက ငါ့ဆီလာဖို့ တိုက်တွန်းလိုက်တာပေါ့ ဟုတ်လား၊ နင့်သဘောနဲ့လာတာ မဟုတ်ဘူးပေါ့''

သီဟက စိတ်မရှည်ပုံနှင့်···

''လျှောက်မေးမနေနဲ့လာ···ငါမုန့်ကျွေးမယ်၊ ကာရာအိုကေသွားဆိုရအောင်၊ အိမ်ထဲမှာချည်းနေတော့ နင်ကြာရင်''

စကားရပ်ထားလျက် သီဟ ရယ်နေသည်။

''ကဲ···လိုက်မှာလား''

ရွှေငုက ခေါင်းညိတ်ပြလိုက်သည်။

သီဟနှင့်အတူ အပြင်ထွက်ရတာ သူမ အပျင်းပြေသည်။





ရွှေငုတို့ကိုတွေ့တော့ ကိုကို စူးစူးခနဲကြည့်သည်။ ကိုကို့မျက်လုံးတွေက အေးစက်လွန်းလှသည်။

သူမရင်ထဲ လစ်ဟာသွား၏။

ကိုကိုမကြိုက်တာတစ်ခုကို သူမ ထပ်လုပ်မိပြန်ပြီ။

အိမ်ထဲမှာ ပျင်းလွန်းလို့ပါ ကိုကိုရယ်။

ရွှေငုကို အမြဲပဲ အထင်သေး အပြစ်မြင်နေတော့မှာလားဟင်။

မျက်ရည်လေးတွေ ဝေ့တက်ကာ သူမရင်ထဲ အောင့်ခနဲဖြစ်ရသည်။

''မျက်နှာကလည်း မသာမယာနဲ့ ဘာဖြစ်နေတာလဲ ရွှေငု''

သူမ ခေါင်းခါမိ၏။

မသိချင်ပါနဲ့ သီဟရယ်။

ကိုကို့ရက်စက်မှုတွေကို ငါတစ်ယောက်တည်းပဲ ခံစားပါရစေ။



www.burmeseclassic.com

www.burmeseclassic.com



# (၃၇)

အိမ်ပြန်ရောက်တော့ မေမေက သူမကို စကားတစ်ခွန်း ဆို၏။

သူမ လုံးဝမမျှော်လင့်သော စကား၊ မထင်မှတ်သော စကား။

"သားကိုဆီက ဖုန်းလာတယ်တဲ့"

သူမ ဟင်ခနဲ အံ့သြမိပါသည်။ ရင်တွေလည်း တဒိတ် ဒိတ်ခုန်လာ၏။

"ဘာတဲ့လဲ သမီး"

"သမီးကိုမေးတယ်"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



အသံလေးပင် တုန်ခိုက်ခိုက်။

"ပြန်ဆက်မယ် ပြောတာပဲ"

"သမီး သွားမေးလိုက်မယ် မေမေ"

သူမမှာ စောင့်ဆိုင်းဖို့အင်အား မရှိပါ။ ကိုကို တော်တော်နှင့် ဖုန်းမဆက်ခဲ့လျှင် သူမ အလွန်အမင်း စိတ်လှုပ်ရှားကာ တစ်ခုခု ဖြစ်သွားနိုင်ပါသည်။

ကိုကိုတို့ခြံဘက် သူမ ထွက်လာခဲ့၏။

အိမ်ထဲမှာ တိတ်ဆိတ်နေပြီး ဘယ်သူမှမရှိပေ။

"သားညီရေ သစ္စာရေ အန်တီမေရေ ကိုဆွေရေ"

တကယ်ခေါ်ချင်တာက ကိုကို့ကို၊ ခေါ်မှမခေါ်ရဲတာ။

သူမအသံကြားလျှင် ကိုကို ထွက်လာမလားလို့ပါ။

"ဟော...သမီး ဘာဖြစ်လို့လဲကွယ်"

နာမည်စွဲအောင်ခေါ်နေတော့ အန်တီမေမေက မေးလာသည်။

"ကိုကိုကော"

အန်တီမေမေ ပြုံးသည်။ နူးညံ့သော အေးချမ်းလွန်းသော အပြုံး။





"သမီး"

သူမကို လှိုက်လှိုက်လှဲလှဲခေါ်ကာ ခုံမှာ ထိုင်စေသည်။

"အန်တီမေမေက သမီးကို သမီးမတော်ရတော့ဘူးလို့ စိတ်ဆင်းရဲနေတာ"

သူမ မျက်နှာလေးရဲတွတ်ကာ အရှက်ပိုရသည်။

အန်တီမေမေကသာ ကြည်နူးကျေနပ်နေတာ။

ဟွန်း...ဟိုလူကြီးကဖြင့် ကိန်းဂဏန်းကြီးနေလိုက်တာ၊ အမြင်ကိုကတ်ရော။

ဘယ်သူ့ကိုမှ မချစ်ပါဘူးလို့ ပြောတော့လည်း လက်မခံ။ မိန်းကလေးတန်မဲ့ သူ့ရင်ခွင်ထဲ ဖွတ်တိုးဝင်တော့လည်း တွန်းဖယ်ပစ်သေးတယ်။

သီဟနဲ့သွားတာ တွေ့တော့လည်း စားမတတ် ဝါးမတတ် ကြည့်လိုက်ပုံများ။

အလကားလူကြီး မုန်းချင်လာပြီ။

ပါးကလေးတွေ ဖောင်းတက်အောင် နှုတ်ခမ်းစူစူနေသော သူမကို အန်တီမေမေက ချစ်စနိုးရယ်သည်။

"အန်တီမေမေ၊ သစ္စာနဲ့ ပြေလည်ရဲ့လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ပြေလည်ပါတယ်ကွယ်"

ရွှေငုဝါက တစ်ခုခုကို သေသေချာချာ စဉ်းစားနေသည်။

"အန်တီမေမေရယ်"

"ဘာလဲ သမီးရဲ့"

"သမီးကို အရမ်းဦးစားမပေးပါနဲ့၊ အရမ်း မချစ်ပြပါနဲ့၊ ချွေးမချင်းအတူတူ အန်တီမေမေက သမီးကို သိပ်ချစ်ပြရင် သူ စိတ်ဆင်းရဲပြီး ရွဲ့မှာပေါ့"

အန်တီမေမေက လက်ခံသလို ခေါင်းညိတ်၏။

"သားကြီးနဲ့ သမီးက ဘယ်တော့မှ လက်ထပ်မှာလဲ"

ရွှေငုက ပါးစပ်လေးပိတ် ငြိမ်သွား၏။

"သမီးကတော့ ကိုကိုကလွဲပြီး ဘယ်သူ့ကိုမှ လက်မထပ်ဘူး"

သူမပြောပုံလေးက ရယ်စရာလည်း ကောင်းသည်။ သနားစရာလည်း ကောင်းသည်။ ပြီးတော့ ကလေးဆန်လွန်းလှ၏။

"ကိုကိုကော"

"အပြင်ထွက်သွားတယ်"

သူမ မျက်နှာလေး ရှုပ်တင်းမာနေတော့သည်။





××××

(၃၆)

ကိုကို ပြန်လာတာကို တစ်ချိန်လုံး ထိုင်စောင့်နေတော့ သူမ မြင်ပါသည်။

သူမ ကမန်းတတန်း ပြေးသွားကာ ကိုကို့ကို ခေါ်မိ၏။

"ကိုကို"

ခြေလှမ်းရပ်သွားပေမယ့် လှည့်မကြည့်ပါ။

"ကိုကို ဖုန်းဆက်တယ်ဆို"

ဆတ်ခနဲ ခေါင်းညိတ်၏။

"ဘာကိစ္စလဲဟင်"

သူမက သူ့ရှေ့ရပ်ကာ မော့်မော့်ကလေး မေးသည်။

မေးပုံကိုက အသာစီးရသလို မထိတထိ။

သားကိုက ဖျတ်ခနဲ အကြည့်လွှဲပစ်လိုက်သည်။

"ဘာမှမဟုတ်တော့ဘူး"

"ဟင်"

သူမ မျက်နှာလေး ချက်ချင်းပျက်၏။

သူ မသိချင်ယောင် ဆောင်နေလိုက်ပါသည်။

"ရူးနေလား"



www.burmeseclassic.com

www.burmeseclassic.com



သူမ သည်းမခံနိုင်ဘဲ မေးပစ်လိုက်သည်။ သားကိုက တစ်စုံတစ်ရာ မတုံ့ပြန်ပါ။

"ကိုကို ရူးနေပြီသိလား"

သူမ အော်ပစ်လိုက်သည်။ ပြီးတော့ လှည့်ထွက်ခဲ့၏။

တစ်သက်လုံး မခေါ်ဘူး။ ဘယ်တော့မှ မခေါ်ဘူး။ ခေါ်ကိုမခေါ်ဘူး။ ကြည့်နေ။ သိပ်ဆိုးတဲ့ကိုကို။

သူမစိတ်ကို တင်းပစ်လိုက်၏။

သားကို နှုတ်ခမ်းတွေ ကွေးညွတ်စွာ ပြုံးလာရပါသည်။

သူမဆီက ရေမွှေးနံ့ သင်းရှိုရှိုလေး သူ့နှာဝမှာ ကျန်ရစ်၏။

အခုတော့ သူ သိနေခဲ့ရပြီ။ သူမ အမြဲတမ်း နှစ်သက်မက်မောစွာ သုံးတတ်တာ "ဘာလူးလေဒီ" ရေမွှေးပါပဲ။

ဘာလူးလေဒီ ရေမွှေးလေးလိုပဲ မင်း ကိုကို့ကို နှစ်သက်စွဲမက်ရဲ့လား ရွှေငှ။

မခံချင်စိတ်ကလေးနှင့် နှုတ်ခမ်းစူသွားတော့ သူ ရယ်ချင်ပါသည်။ တမင်နှိပ်စက်တာတော့ မဟုတ်ပါဘူး ရွှေငှရယ်။

ကိုကို စတာပါကွာ။





မေမေက ဖုန်းလာနေတယ်ဟု ဆိုလာတော့ သူမ ခေါင်းခါမိပြန်သည်။

"သမီး မပြောချင်ဘူး မေမေ"

အပြောင်းအလဲမြန်သော သမီးကို မေမေ နားမလည်ပါ။ နေ့လယ်တုန်းကတော့ ရွှင်ပျကျေနပ်သွားလိုက်တာ။

"သားကိုကို မေမေ ဘာပြောပေးရမလဲ"

"ရွှေငှ မပြောချင်ဘူးလို့ ပြောလိုက်"

"ဟဲ့…သမီး"

မေမေက ဟန့်တားသည်။

ရွှေငှ အခန်းတံခါးပိတ်ကာ လုံးဝ ဖုန်းထွက်မကိုင်။ ဖြစ်ချင်ရာဖြစ်။

ကိုကို့ကို သူမ စိတ်ကောက်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



(၃၆)

သားညီနှင့် သစ္စာခင်က ဖွတ်ခေါ်လို့သာ လိုက်လာရတာ၊ ရွှေငှ လုံးဝ သူတို့အိမ်ဘက် မသွားချင်ပါ။

"ကိုကိုနဲ့ စိတ်ကောက်နေတာလား"

"ဟုတ်တယ်"

"မလုပ်ပါနဲ့ဟာ ကိုကိုက မာနကြီးတယ်၊ သွားမကောက်နဲ့၊ ချော့မှာမဟုတ်ဘူး"

"တကယ်"

ရွှေငှ မျက်လုံးလေးပြူးသွားသည်။

"အလိုလိုမှ နင့်ကိုဒေါကန်နေတာ၊ သူ့ စိတ်ကောင်းသတုန်း နင် ခေါင်းညိတ်လိုက်ပါဟာ၊ ဒါဟာ အခွင့်အရေးပဲ"

ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ…

ရွှေငှ က်ကောင်းလွန်းလှချည်လား။

အောက်ကျနောက်ကျချစ်သူ ဖြစ်ရမယ်လို့။

ရွှေငှ မျက်နှာလေး မဲ့ရွဲ့သွားသည်။

"ကိုကိုက အခုတစ်မျိုး တော်ကြာတစ်မျိုး မလွယ်ဘူး"

"တော်ပါပြီဟာ"

သူမ လက်လျှော့သလို ညည်းသည်။

"မိန်းကလေးဘက်က ဒီလောက် အောက်ကျနောက်ကျ ချစ်ရမယ်ဆို အပျိုကြီးပဲ လုပ်တော့မယ်"

သားညီနှင့် သစ္စာခင်က သူမကိုရယ်သည်။

"လောင်ပေါ့ ဟားပေါ့"

သူမ ဘယ်လိုမှ မရယ်နိုင်တော့ပေ။

ကိုကိုက တကယ်ပဲ အခုတစ်မျိုး တော်ကြာတစ်မျိုးလား။

မယုံမရဲစိတ်လေးနှင့် သောကပိုနေမိတော့သည်။



"မိုးရွာနေတယ်၊ မိုးတိတ်မှပြန်"

"အခုပဲပြန်မယ်"

"ဒါဆို ထီးယူသွားလေ"

"ဟင့်အင်း…ရေချိုးမှာပဲ ရတယ်"

သစ္စာခင်ပေးသောထီးကို မယူဘဲ သူမ မိုးဖွဲကလေးထဲ ပြေးလာမိပါသည်။

မိုးစက်မိုးပေါက်ကလေးက ကြည်စင်လတ်ဆတ်လွန်းလှပါသည်။

ခြံထဲဝင်လာသော ကားတစ်စီးကြောင့် သူမ ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွားသော်လည်း ခဏလေးပါ။

သူမ ကြိုးစားပြီး ခြေလှမ်းပြန်စသည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



မတွေ့ချင်ပါ။

ကိုကိုမြင်လျှင် သူမ ခံစားရမှာမို့ တမင် ကိုကို ပြန်မရောက်ခင် အိမ်ပြန်တာပါ။

ကား တံ့ခနဲရပ်သွားတာ မြင်လိုက်တော့ သူမရင်ထဲ နွေးတက်လာ၏။

ကိုကိုက ထီးတစ်ချောင်းနှင့် ပြေးဆင်းလာသည်။

"ရွှေငှ"

သူမ မျက်လွှာချလျက် ရပ်စောင့်နေမိသည်။

"မိုးရွာနေတယ်လေ"

"အဲဒါ ဘာဖြစ်လဲ"

"မိုးစိုရင် ဖျားမှာပေါ့"

"ကိုကိုနဲ့ မဆိုင်ပါဘူး"

ကိုကိုက သူမကို ထီးမိုးပေးထားပြီး ခပ်တွေတွေ စိုက်ကြည့်နေ၏။

ရွှေငှ အနေခက်မိပါသည်။ ရှက်လည်း ရှက်သည်။ ငိုလည်း ငိုချင်သည်။ ပျော်လည်း ပျော်သည်။ ဘယ်လိုခံစားမှုတွေလည်း မသိပါ။



"အစတုန်းက သားညီကောင်မလေးဆိုပြီး ကိုကို စိတ်ဆင်းရဲခဲ့ရတယ်၊ အခုတစ်ခါ သီဟ ကောင်မလေးဆိုပြီး ကိုကို ရင်ကွဲရဦးမှာလား ရွှေငှ"

"ဘယ်တုန်းကမှ ဘယ်သူ့ကောင်မလေးမှ မဟုတ်ဘူး"

သူမအသံလေးက ခပ်ဆတ်ဆတ်။

"ကိုကို့ကို ချစ်လား"

"မုန်းတယ်"

ပြုံးတုံ့တုံ့ နှုတ်ခမ်းအစုံ ချက်ချင်း တည်တင်းသွား၏။

"ကိုကို့မှာနကို ရွှေငှကြောက်တယ် သိလား"

ကိုကိုက သက်ပြင်းရှိုက်သည်။

"ရော့…ထီးယူသွားလေ"

သူမ ခေါင်းယမ်းမိသည်။

"ကိုကို လိုက်ပို့"

ကိုကိုက သူမကို ရယ်ဟဟ ကြည့်လာ၏။

ကိုကို မိုးပေးထားသော ထီးမိုးအောက်မှာ သူမမျက်နှာလေး ဘယ်လောက်ပြုံးချိုနေသလဲဆိုတာ ကိုကိုပဲ မြင်ခွင့်ရပါစေသည်။

မိုးကလေးတဖွဲဖွဲ ရွာနေသည်။ သစ်ပင်ပန်းပင်တွေက

www.burmeseclassic.com



စိမ်းစိုနေသည်။

ကိုကိုက သူမကို ခပ်ပြုံးပြုံး ကြည့်နေသည်။

၁. မက ကိုကို့ကို ကော်ဖီပူပူတစ်ခွက် ဖျော်တိုက်ဖို့ စိတ်ကူးမိသည်။ ပြီးလျှင် ကိုကို့ရင်ခွင်မှာ ပါးလေးအပ်ကာ သီချင်းလေး တစ်ပုဒ် နှစ်ပုဒ် ညည်းချင်ညည်းမည်။

ကိုကိုအနားမှာရှိလျှင် သူမဘဝလေး အဓိပ္ပာယ်ရှိစွာ ပြီးပြည့်စုံတာ ပြောပြရဦးမည်။

သူမပခုံးပေါ် ကိုကို့လက်တစ်ဖက် ကျရောက်လာတော့ သူမအတွေးတွေ ထိတ်လန့်တကြား ပြတ်တောက်သွား၏။

နီးကပ်စွာ ငုံ့ချလာသော ကိုကို့မျက်နှာကြောင့် သူမ အသက်ရှူရပ်မတတ် လန့်ဖျပ်ရင်ခုန်မိပါသည်။

မိုးလေးတဖွဲဖွဲက ချစ်စရာကောင်းအောင် ရွာနေတုန်း။

ပန်းသီနိုင် ·

www.burmeseclassic.com